

www.burmeseclassic.com
BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

မျက်နှာဖုံးခွင့်ပြုအမှတ်
၅၀၀၉၂၈၀၈၁၁
စာမူခွင့်ပြုအမှတ်
၅၀၀၈၃၇၀၇၁၁
မျက်နှာဖုံးပြုလုပ်ချက်
လူဖော်သစ်
ထုတ်ဝေသူ
ဦးပြည့်လင်း(၀၄၄၀၃)၊
တံခွန်တိုင်စာပေ၊
အမှတ် ၅၈၊ ၉၃-လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်
ဒေါ်ရီ-၀၂၀၁၂၊
မိုးစန္ဒာ ပုံနှိပ်တိုက်၊
အမှတ် ၁၁၉၊ ၃၂-လမ်း၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖြန့်ချိရေး
တံခွန်တိုင်စာပေ၊
အမှတ် ၅၈၊ ၉၃-လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
တန်ဖိုး
၄၀၀-ကျပ်
အုပ်ရေ
၅၀၀
ထုတ်ဝေသည့်လ
အောက်တိုဘာ၊ ၂၀၁၁-ပထမအကြိမ်

**ဒို့တာဝန်အရေးသုံးပါး**

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

**ပြည်သူ့သဘောထား**

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှ[illegible]

**နိုင်ငံရေးဦးတည်ချက်(၄)ရပ်**

- နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရား[illegible]
- အမျိုးသားစည်းလုံးညီညွတ်မှု ခိုင်မာရေး
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်နိုင်မည့် [illegible]
- ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး

**စီးပွားရေးဦးတည်ချက်(၄)ရပ်**

- စိုက်ပျိုးရေးကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်၏စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်စွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏လက်ဝယ်တွင် ရှိရေး

**လူမှုရေးဦးတည်ချက်(၄)ရပ်**

- တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ထက်သန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

လွှမ်းထားထား ဆေးတက္ကသိုလ်။ ချစ်မြတ်နိုးခြင်းတွေ ဆွဲသီထားတဲ့ လည်တိုင်ဆီ ၈၉၁. ၈၃
/လွှမ်းထားထား ဆေးတက္ကသိုလ်။ - ရန်ကုန်
တံခွန်တိုင်စာပေ [redacted] ၂၀၁၁
၂၅၆ - စာ ၊ ၁၂ . ၀၀ x ၁၈ . ၈ စင်တီ
(၁) ချစ်မြတ်နိုးခြင်းတွေ ဆွဲသီထားတဲ့ လည်တိုင်ဆီ

BURMESE CLASSIC .com

ပြည့်လင်း စီစဉ်ထုတ်ဝေသည်

တံခွန်တိုင် စာအုပ်တိုက်
အမှတ် ၅၈ ၊ ၉၃ လမ်း ၊ မင်္ဂလာတောင်ညွန့်မြို့နယ် ၊ ရန်ကုန်မြို့ ။
ဖုန်း ၀၁ ၃၉၄၆၅၀ ၊ ၀၉ ၇၃ ၂၀ ၈၄ ၊ ၀၉ ၇၃၀ ၆၈၅၂

www.burmeseclassic.com

www.burmeseclassic.com



BURMESE CLASSIC .com

အမှတ်တရမှတ်တမ်း
ကမ္ဘာပေါ်မှာ
သားသမီးအပေါ်
နားလည်နိုင်စွမ်း အရှိဆုံးသော
အဖေနဲ့အမေ ...၊
ဘဝရဲ့အဓိပ္ပာယ်တွေကို
ပိုပြီးလေးနက်လှပ
ပြည့်စုံလာစေခဲ့တဲ့
ဘဝအဖော်မွန် မောင်နဲ့ သမီးလေးကို
အမှတ်တရ မှတ်တမ်းတင်လျက် ...၊

လွှမ်းထားထား၊ဆေးတက္ကသိုလ်၊

## ပေတံ

သူ -
ကိုယ့်အတွက်တော့
ယောက်ျားတွေရဲ့တန်ဖိုးကို
ပိုင်းဖြတ်စံထားဖို့အတွက်
အကောင်းဆုံးပေတံဟာ
မိန်းမတွေအပေါ်
တန်ဖိုးထား
စောင့်သိတတ်မှု
အတိမ်အနက်ပဲလို့
ဆိုချင်တယ်။
မိန်းမတစ်ယောက်ကို
များများတန်ဖိုးထားတတ်တဲ့ယောက်ျားဟာ
စိတ်နေမြင့်မြတ်တဲ့ယောက်ျားတစ်ယောက်ဖြစ်ပြီး
မိန်းမတစ်ယောက်ကို
တန်ဖိုးမထားတတ်တဲ့ယောက်ျားဟာ
စိတ်နေ နိမ့်ကျယုတ်ညံ့သူသာဖြစ်တယ်။
လောကရဲ့အရေးကြီးဆုံးတရားဟာ
လူလူချင်း တန်ဖိုးထားတတ်မှုအပေါ်မှာပဲ
မူတည်ပါတယ်။

လွှမ်းထားထား (ဆေးတက္ကသိုလ်)



www.burmeseclassic.com

www.burmeseclassic.com

# ပြင်းပြင်းရှရှ...ခံစားမှု

## အချစ်လုံးချင်းဝတ္ထုသစ်

BURMESE CLASSIC .com






ပါခွန်ပတိုင်စာပေ

www.burmeseclassic.com

www.burmeseclassic.com




BURMESE CLASSIC .com

# ချစ်မြတ်နိုးခြင်းတွေ ဆွဲသီထားတဲ့ လည်တိုင်ဆီ

လွန်းထားထား
(ဆေးတက္ကသိုလ်)

www.burmeseclassic.com

www.burmeseclassic.com



BURMESE CLASSIC .com


"အချစ်ဆိုတာ ပွင့်လန်းတတ်တဲ့ ပန်းပင်ကလေးလိုပဲ၊
နွေးထွေးကြင်နာခြင်းဆိုတဲ့ နေရောင်ခြည်ရယ် ...
မေတ္တာဖြူသန့်စင်ခြင်းဆိုတဲ့ ရေရယ်ကို မရှိမဖြစ် လိုအပ် ပါတယ်၊
ပြီးတော့ .... ပွင့်လန်းလာမယ့် ပန်းကလေး တွေကို လှလှပပ
သီကုံးဆင်မြန်းတတ်တဲ့ လည်တိုင် ကြော့ကြော့ကလေးလည်း
လိုသေးတယ်"



www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com



# အခန်း

# ၁



www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

## အခန်း (၁)

SAKURA TOWER ရဲ့ တစ်ခုသောအထပ်မြင့်ရဲ့ရုံးခန်းထဲမှာ သူ ငြိမ်ငြိမ်သက်သက်ထိုင်ရင်း မိုးရေတွေ တဖျောက်ဖျောက် လာမှန်နေတဲ့ ပြတင်းမှန်ချပ်တွေကို ကဗျာတစ်ပုဒ်လိုပဲ ငေးကြည့်နေခဲ့မိ သည်။ သူ့လက်ထဲမှာ ဇရာမ ကြွေမတ်ခွက်ဖြူဖြူကြီးနဲ့ ကော်ဖီတွေက အငွေ့တထောင်းထောင်းထ,လို့။ လောကမှာ သူ အမက်မောဆုံး အရာနှစ်ခုကိုပြပါဆိုလျှင် မိုးစက်တွေနှင့် ကော်ဖီကိုပဲ သူ ရွေးချယ်မှာအံသေအချာ။ မိုးရေစက်တွေကို မျက်တောင်မခတ် ငေးကြည့်ရင်း ကော်ဖီပူပူကို တစ်ငုံချင်း ဖိမ်ဆွဲ၍ အရသာခံကာ သောက်ရသော အရသာကို သူ ဘာနှင့်မှ မလဲနိုင်အောင် မက်မောသည်ဟု



www.burmeseclassic.com

www.burmeseclassic.com

ဆိုလျှင် လူတွေရယ်မောကြမလား မသိ . . .။ သူ ရုံးခန်းကလေးကို သူ ချစ်သည်။ လာဝဲန်ဒါရနံ့ကလေး အမြဲတမ်းမွှေးပျံ့နေအောင် အခန်းသန့်ဆေး ဖြန်းသည့်အပြင် အခန်းထဲမှာ YANKEE LAVENDER အဆီမွှေးကလေးကို ကြွေခွက်ထဲထည့်ကာ အောက်ကနေ ဖယောင်းတိုင်မီးဖြင့် အပူပေးပြီး မွှေးရနံ့ကို ပို၍ သင်းပျံ့စွဲမြဲစေသည်။ သူက အလွန် အသန့်အပြန့်၊ အမွှေးအကြိုင်၊ စနစ်တကျ၊ တိကျသေသပ်တာကို ကြိုက်သည်။ အဲဒါကို သူ့ရဲ့ ကိုယ်ရည်ကိုယ်သွေးတစ်ခုလိုပဲ တန်ဖိုးထားသည်။ အနုပညာဆန်ပြီး Romantic ဖြစ်အောင်နေသည်။ သူ့အခန်းတစ်ခုလုံး စားပွဲတွေ ဘီရိုတွေကအစ သူသုံးသော Laptop ... i phone အဆုံး အားလုံး ရှင်းသန့်တောက်ပြောင်နေမှ သူ ကျေနပ်သည်။ အဲဒါကို ရင်းနှီးသူတွေက သူ့မှာ Obsessive Compulsive Disorder ဟုခေါ်သော စိတ်ရောဂါတစ်မျိုးရှိသည်ဟု စွပ်စွဲကြသည်။ အမှန်တော့ စည်းစနစ်ကြီးလွန်းကာ အသန့်အပြန့် ကြိုက်လွန်းသူတွေမှာ အဲဒီစရိုက်မျိုး ရှိတတ်တာပါ။ ဥပမာပြရလျှင် ဘောလုံးသမား ဒေးဗစ်ဘက်ခမ်းမှာ အဲဒီ OCD ရှိသည်။ သူကတော့ အဲဒါကို စိတ်ရောဂါဟု မထင်ပါ . . .။

"ဒေါက် ဒေါက် . . ."

တံခါးခေါက်သံနှင့်အတူ သူ့အခန်းထဲသို့ သူ့ရဲ့ အတွင်းရေးမှူးမ,ကလေး ဝင်လာသည်။

"ဆရာ . . . အစည်းအဝေးအတွက် အဆင်သင့်ပါ"

"အေး အေး . . . ဆည်းဆာ၊ ဘာတွေထူးသေးလဲ"

"ကိုကျော်ဇေယျဆီက ဖုန်းဝင်လာပါတယ် ဆရာ၊ ဆရာလိုချင်တဲ့ ရွှေမန္တလာ ပရောဂျက်ကိစ္စပါ"

"ဘာတဲ့လဲ . . . အောင်မြင်တယ်တဲ့လား၊ ကိုယ့်ကို ဘာဖြစ်လို့ ဖုန်းမပေးတာလဲ"

BURMESE CLASSIC .com

သူ့စိတ်ထဲ ထင့်ခနဲတော့ တစ်ချက်ဖြစ်သွားသည်။ ကိုကျော်ဇေယျဆိုတာ သူ့ရဲ့ လက်ရုံးတစ်ဆူလို အားကိုးရသော သူ့ရဲ့ အထွေထွေမန်နေဂျာတစ်ယောက်ဖြစ်သည်။ ရွှေမန္တလာ ပရောဂျက်က မန္တလေးမှာ Shopping Mall ကြီးတစ်ခု ဆောက်လုပ်ခွင့်ရရေးအတွက် မြေနေရာဝယ်ယူဖို့ လေလံဆွဲသည့်ကိစ္စဖြစ် သည်။

"သူ မန္တလေးကနေ ဖလိုက်ထ်နဲ့ ချက်ချင်း ပြန်လာနေပြီတဲ့ ဆရာ၊ လူချင်းတွေ့မှ ပြောပြပါရစေတဲ့၊ အစည်းအဝေးအမီ သူ ရောက်ပါမယ်တဲ့"

သူ့မျက်ခုံးတွေ ရှုံ့ပစ်လိုက်သည်။ အောင်မြင်တယ်ဆိုရင် သတင်းကောင်းကို အားပါးတရ မျက်နှာလိုမျက်နှာရ ပြောပြမှာပေါ့။ လူချင်းတွေ့မှ ပြောမယ်ဆိုတော့ မအောင်မြင်ခဲ့လို့များလား


www.burmeseclassic.com

www.burmeseclassic.com

. . .။ ရန်ကုန်မှာ နိုင်ငံတကာအဆင့်မီ Shopping Mall ကြီး နှစ်ခုသုံးခုမက သူ့ဆောက်လုပ်ရေးကုမ္ပဏီက ဆောက်ခွင့်ရခဲ့ပြီး နောက်မှာ မန္တလေးမှာပါ အင်ပါယာချဲ့ထွင်နိုင်ဖို့ သူ ကြိုးစားခဲ့ခြင်းဖြစ်သည်။ Hotel တချို့ကို နိုင်ငံခြားဆောက်လုပ်ရေးကုမ္ပဏီနှင့် ပူးပေါင်းဆောက်ခွင့် သူ ရခဲ့သည်။ ပြီးတော့ ပုဂ္ဂလိက ဆေးခန်းကြီးတွေ . . . ကွန်ဒိုအဆောက်အဦးတွေ တော်တော်များများ သူ့ကုမ္ပဏီက ဆောက်လုပ်ခဲ့ပြီး ဆောက်လုပ်ရေးလောကမှာ ZKP Group ၏ အရှိန်အဝါက တော်တော်ကြီးမားခဲ့ပြီးသား ဖြစ်သည်။ အဲဒီ ZKP Group မှာ ရှယ်ယာအများဆုံးပါဝင်လျက် ဦးဆောင်လျက်ရှိသော CEO သက်တမ်းက သိပ်မကြာသေးပေမယ့် သူ့ခြေလှမ်းတွေက အရမ်းသွက်လက်မြန်ဆန်ခဲ့သည်ချည်းပါ . . .။ ထိစ်ခနဲဆို သူ ဦးအောင်ရယူပြီးသား . . .။ သူ့အသက်အစိတ်မှာ ဆောက်လုပ်ရေးလောကထဲ စတင်ဝင်လာခဲ့ပြီး သူကိုယ်တိုင်လည်း အာဒီနှင့် ကျောင်းပြီးထားသူဖြစ်သည်။ သူ့ကို အပြည့်အဝ ပံ့ပိုးကူညီပေးသူက သူ့ဖေဖေဖြစ်သည်။ ဖေဖေကိုယ်တိုင်လည်း ဆောက်လုပ်ရေးနယ်ပယ်မှာ ဘုရင်တစ်ဆူဖြစ်နေခဲ့ပြီးသားမို့ သူက ဖေဖေ့သွေး . . . ဖေဖေ့ အရှိန်အဝါ အပြည့်ပါသည်ဟု ဆိုရမည်။ မိဘက ချမ်းသာပြီးသားမို့ သူ လွယ်လင့်တကူ ချမ်းသာလာခြင်းမျိုး



မဟုတ်ဘဲ . . . သူ့ပင်ကိုယ် အစွမ်းအစတွေ၊ ဖြတ်ထိုးဉာဏ်နှင့် ဇွဲလုံ့လဝီရိယတွေကြောင့် CEO ရာထူးကို ရခဲ့ခြင်းဖြစ်သည်။ အခုတော့ သူ့အသက်သုံးဆယ့်နှစ် . . .။ သက်တမ်းခုနစ်နှစ်အတွင်းမှာ သူ အောင်မြင်က ထိပ်တန်းသို့ ရောက်လာခဲ့ခြင်းဖြစ်သည်။

BURMESE CLASSIC .com

အစည်းအဝေးခန်းထဲ သူရောက်သွားတော့ လူစုံတက်စုံ ရောက်နှင့်နေကြပြီ။ ကိုကျော်ဇေယျတစ်ယောက်ပဲ ရောက်မလာသေး။ မန္တလေးကနေ လေယာဉ်နှင့် ချက်ချင်း ပြန်လာရသည်ဆိုမှတော့ ဘယ်လိုလုပ်ပြီး အောင်မြင်သော အထိမ်းအမှတ်တစ်ခု ဖြစ်ပါတော့မလဲ။ သူ့စိတ်ထဲ စနိုးစနောင့် ဖြစ်နေကာ တစ်ခုခုကို တင်းနေသည်။ ဒါရိုက်တာအဖွဲ့ဝင် လူကြီးတွေ၏ ဆွေးနွေးတင်ပြချက်တွေကို စိတ်ဝင်စားတစ်ချက် မဝင်စားတစ်ချက် . . .။ ကိုကျော်ဇေယျကို တွေ့ချင်နေပြီ။ အဖြေကို ပြတ်ပြတ်သားသား သူ သိချင်နေပြီ။ သူ့အာရုံတွေကို အစည်းအဝေးခန်းထဲမှာ စုစည်းထား၍မရ။ သူ့ စိတ်တွေ လှုပ်ရှားနေသည်။

မကြာပါ . . .။ သူ မျှော်လင့်နေသော ကိုကျော်ဇေယျ ရောက်လာသည်။ မျက်နှာကို လှမ်းကြည့်လိုက်ရုံနှင့်တင် အဖြေကို သူ သဘောပေါက်နှင့်ခဲ့ပြီ။ ကိုကျော်ဇေယျ မျက်လုံးတွေက



www.burmeseclassic.com

www.burmeseclassic.com

သူနှင့် ရင်မဆိုင်ရဲသလို မရှိမရဲ။

"ကဲ . . . အားလုံးရှေ့မှာပဲ တစ်ခါတည်း ပြောလိုက်ပါ၊ ကိုကျော်ဇေယျ . . . ရွှေမန္တလာ ပရောဂျက်ကို ကျွန်တော်တို့ ရခဲ့သလား"

မေးသာမေးလိုက်ပေမယ့် အဖြေကို သူ ကြိုသိနေပြီးသား။ အစည်းအဝေးခန်းမထဲမှာမို့ စားပွဲထိပ်ဆုံးမှာ သူ ထိုင်နေကာ ကျန်သော ဒါရိုက်တာအဖွဲ့ဝင်တွေက တစ်ဘက်တစ်ချက်မှာ မျက်နှာချင်းဆိုင် ထိုင်နေကြခြင်းဖြစ်သည် . . .။ ထ,ရပ်လိုက်သော ကိုကျော်ဇေယျ၏မျက်နှာကို အားလုံးက စိတ်ဝင်တစား ဝိုင်းကြည့်လျက်ရှိသည်။

BURMESE CLASSIC .com

"ကျွန်တော် ပြောပြရမှာ စိတ်မကောင်းပါဘူးခင်ဗျာ . . .၊ ရွှေမန္တလာပရောဂျက်ကို ကျွန်တော်တို့ ZKP က မရ လိုက်ပါဘူး၊ 'ရန်မခ' ကုမ္ပဏီက အမြင့်ဆုံးဈေးပေးပြီး ယူသွားတာပါ။ ကျွန်တော်တို့ပေးထားတဲ့ ဈေးထက် အဆမတန် ပိုပေးသွားတယ်ခင်ဗျ . . ."

သူ့မျက်ခုံးတွေ အတွန့်ချိုးကာ မျက်လုံးများ မှေးစင်းသွားကြသည်။ 'ရန်မခ' ဒီနာမည်ကို ခုတလောကလေးမှာကို မကြာခဏ ကြားနေခဲ့ရသည်။ ဆောက်လုပ်ရေးနှင့် အိမ်ခြံမြေလောကထဲမှာ တရှိန်ထိုးအောင်မြင်လွှမ်းမိုးလာသော ကုမ္ပဏီအသစ်တစ်ခု။ ပြိုင်ဘက်တွေကို ဘယ်တော့မှ လျှော့တွက်ထားလေ့မရှိတတ်သော သူ၏ဓိဇအတိုင်း ရန်မခ၏ personal data ကို သူ စုံစမ်းခဲ့ပြီးသား။ ခြေသွက်လက်သွက်နှင့် အတော်စွာနေသော ရန်မခ . . .။ မြေကွက်လေလံပွဲ တစ်ခုမှာလည်း သူ့ကို ကျော သွားခဲ့ဖူးသည်။ အသက်က သုံးဆယ်ဝန်းကျင်လောက်ပါပဲ။ ဆက်ဆံရေး ပြေပြစ်ချိုသာကောင်းမွန်လျက် ပညာသားအလွန်ပါသော၊ ပရိယာယ်ကြွယ်သူတစ်ယောက်။ လူတိုင်းကို သူ့နေရာနှင့်သူ နေရာတကျ၊ အကွက်စေ့အောင် အသုံးချနိုင်သူတစ်ယောက်အဖြစ် သူ သိထားခဲ့သည်။ စင်္ကာပူကနေ အာခီဘွဲ့ယူလာခဲ့သည့်အပြင် MBA ပါ ပြီးထားပြီးသားသူတစ်ယောက်မို့ ရန်မခကို လုံးဝ လျှော့တွက်ထား၍မရ . . .။ သူ ရရှိမည့် အခွင့်အလမ်းတွေ တချို့ကို ရန်မခ ဖြတ်ယူသွားခဲ့တာ ဒီတစ်ကြိမ်နှင့်ဆို သုံးကြိမ်တိတိရှိခဲ့ပြီ။ အဲဒါကို သူ မမေ့ . . .။ စီးပွားရေးနယ်ပယ်တွင် ပြိုင်ဘက်ဆိုတာ အဘက်ဘက်မှာ ရှိစမြဲမို့ ပြိုင်ဘက်တိုင်းကို သူ မျက်ခြည်ပြတ်မခံခဲ့ပါ။ ရန်မခကတော့ တဟုန်ထိုး အရှိန်ပြင်းစွာ ထိုးစစ်ဆင်လာခဲ့သော ပြိုင်ဘက်တစ်ယောက်မို့ သူ ပို၍ သတိထားစရာဖြစ်လာသည်။

"ထားလိုက်ပါလေ . . .၊ ဒီအခွင့်အရေးကို လက်လွှတ်





www.burmeseclassic.com

www.burmeseclassic.com

လိုက်ရရင် တခြားတစ်နေရာကို ကျွန်တော်တို့ ထပ်ရှာကြတာပေါ့၊ ဒီတစ်ကြိမ်တော့ ကျွန်တော်တို့ လျှော့တွက်လို့ မဖြစ်ဘူးနော်၊ ပြေးလမ်းပေါ်မှာ သူလည်းပြေးနေတာ ကျွန်တော်တို့လည်း ပြေးနေတာ . . . ကိုယ့်ပြေးလမ်းရှေ့ကနေ လာပိတ်ပြေးနေတဲ့သူကြောင့် အရှိန်လျှော့ပေးလိုက်စရာ မလိုဘူးဗျ၊ ကိုယ့်ရဲ့အရှိန်ကို နှစ်ဆမြှင့်တင်ပြီး သူ့ကို ကျော်ဖြတ်နိုင်ဖို့ အားထုတ်ရမှာ . . . ဒါ ကျွန်တော့်ရဲ့ မူပဲ၊ ကျွန်တော်က ပြိုင်ဘက်ကို ကြိုက်တယ်၊ ကိုယ့်ကို ပိုပြီး ထက်ရှလာအောင် သွေးပေးတဲ့ ဓားတွေလို့မြင်တယ်၊ ခံယူတယ် . . . ၊ ကျွန်တော် ကြိုပြောထားချင်တယ်၊ ကိုယ့်ရဲ့ ပြိုင်ဘက်ကို ဘယ်တော့မှ လျှော့မတွက်ထားနဲ့ အထင်မသေးပါနဲ့၊ သွေးပေးနေတဲ့ ဓားကနေ ကိုယ့်ကို ပြတ်ရှသွားအောင်လည်း သူ ပြောင်းလဲသွားနိုင်တယ်၊ အဲဒီတော့ ကျွန်တော် အဓိကပြောချင်တာ 'ရန်မခ'ရဲ့ ခြေလှမ်းတွေကို အမြဲတမ်း မျက်ခြည်မပြတ်သတိထားဖို့ပါ"

တစ်နည်းအားဖြင့် ရန်မခကို သူ့ရဲ့ ပြိုင်ဘက်အဖြစ် သူ တရားဝင် အသိအမှတ်ပြု ကြေညာလိုက်ခြင်းလည်း ဖြစ်သည်။

■ ■ ■



နေရာက တိတ်ဆိတ်အေးချမ်းလှတဲ့ ကော်ဖီဆိုင်ကလေးပါ။ မှန်ပြတင်းကနေ လှမ်းမြင်နေရတာက ကန်တော်ကြီးရေပြင်ကျယ်ကျယ် . . . ကရဝိက်ကြီးနဲ့ ရွှေတိဂုံစေတီတော်မြတ်ကြီးကို ရွှေရောင်ဝင်းလက်စွာ ဖူးမျှော်ကြည်ညိုခွင့် ရစမြဲမို့ ဒီကော်ဖီဆိုင်ကလေးကိုပဲ 'ရွှေရေးပန်းချီ'က ရွေးချယ်တတ်ပြီး အေးအေးဆေးဆေး လာထိုင်လေ့ရှိပါသည်။ ကော်ဖီအရသာကို လျှာဖျားကနေတဆင့် ရင်ထဲထိ စိမ့်ဝင်သွားအောင် ဇိမ်ဆွဲသောက်ရင်း ငြိမ်းချမ်းစွာ အတွေးနယ်ချဲ့ရတာကို ရွှေရေး စွဲလန်းပါသည်။ အတွေးတွေကနေ စကားလုံးတွေအဖြစ် စာရွက်တွေပေါ်မှာ စီရရီစီးဆင်းစွဲထင်သွားကြလျှင် တစ်ခါတစ်ရံ ပတ်ဝန်းကျင်တစ်ခုလုံးကို လုံးဝမေ့သွားကာ နစ်မျောပျော်ဝင်နေတတ်သည်။ အဲဒါကို ဈာန်ဝင်စားတယ်လို့ ခေါ်မှာပေါ့လေ။ တစ်ခါတစ်ခါ လက်ချောင်းကလေးတွေ ကိုက်ခဲအံ့သေလာတဲ့အထိ သူမ စာရေးခြင်းကို ရပ်တန့်လို့ မရနိုင်။ အတွေးတွေ၊ စကားလုံးတွေ၊ ဒိုင်ယာလော့ခ်တွေက


www.burmeseclassic.com

www.burmeseclassic.com

ရေတံခွန်တစ်စင်းလို အရှိန်မပြတ်စတမ်း အဆက်မပြတ် သွန်ကျလာလျှင် သူမကိုယ်တိုင်ပင် လုံးဝပျောက်ဆုံးသွားသည်။ ဇာတ်ကောင်တွေက သူမကို လွှမ်းမိုးပစ်လိုက်ခြင်းလည်းဖြစ်သည်။ အဲဒီအချိန်မျိုးမှာ သူမကိုယ်သူမ ဘယ်လိုပုံသဏ္ဌာန်မျိုးပေါက်နေသလဲ ဆိုတာတောင် သူမ မသိနိုင်တော့။

အဖြစ်အပျက်တစ်ခုကိုဖွဲ့သီနေသော အခန်းတစ်ခန်း အပြီးသတ်လိုက်တော့မှ သူမပြန်သတိဝင်လာသလို တစ်စုံတစ်ရာဆီကနေ လွတ်မြောက်လာသလို ပတ်ဝန်းကျင်လောကနှင့် အဆက်အသွယ် ပြန်ရလိုက်သလို ဇက်တွေဘာတွေချိုး . . . လက်ချောင်းကလေးတွေကို ဖျစ်ညှစ်ဆုပ်နယ်ရင်း ခေါင်းလေးဘာလေးကို ဘေးဘီဝဲယာလှည့်ကြည့်မိသည်။ အဲဒီတော့မှ ဘယ်အချိန်ကတည်းက စိုက်ငေးကြည့်နေခဲ့မှန်းမသိသော မျက်ဝန်းတစ်စုံကို သူမ ပြုံးခနဲ ရင်ဆိုင်တိုးမိလိုက်ခြင်းဖြစ်သည်။ မျက်ဝန်းပိုင်ရှင်က အကြည့်တွေကို ရုတ်သိမ်းမသွားဘဲ နှုတ်ခမ်းတွေက ပြုံးရိပ်သမ်းသွားပြီး ရွှေရေးဆီလျှောက်လာချိန်မှာတော့ သူမက ရေးလက်စ စာအုပ်ကလေးကို ဖျတ်ခနဲ ပိတ်ပစ်လိုက်သည်။

"ကျွန်တော် ခဏထိုင်ခွင့်ရှိမလားဟင်"

တဲ့ . . .။ မေးပုံက ယဉ်ကျေးပျူငှာလွန်းနေသဖြင့် ရွှေရေးငြင်းရခက်သွားပါသည်။

"ဟုတ်ကဲ့ . . . ထိုင်ပါ"

"ကျွန်တော့်ကိုယ်ကျွန်တော်ပဲ အရင်မိတ်ဆက်ပါရစေ၊ ကျွန်တော့်နာမည် 'ရန်မခ'ပါ။ ကျွန်တော် ဒီဆိုင်ကိုလာတိုင်း ဒီစားပွဲကလေးမှာပဲ အမြဲ စာထိုင်ရေးနေတတ်တဲ့ ခင်ဗျားကို မပြောင်းလဲတဲ့ ပန်းချီကားတစ်ချပ်လို နေ့တိုင်းတွေ့ရတော့ စိတ်ဝင်စားတာနဲ့ ဒီဆိုင်က ကောင်လေးတွေကို မေးမိတယ်၊ ဒါ ဘယ်သူလဲလို့ . . .၊ ကောင်လေးတွေက ဖြေတယ်၊ အဲဒါ နာမည်ကြီး စာရေးဆရာမ 'ရွှေရေးပန်းချီ' ဆိုတာပေါ့တဲ့၊ ဆောရီးဗျာ. . . ကျွန်တော်က မြန်မာဝတ္ထုတွေ ဖတ်လေ့မရှိတော့ တကယ်ကို မသိဘူး၊ မြန်မာဝတ္ထုတွေ မဖတ်လို့ ကြီးကျယ်တယ်လို့ မထင်ပါနဲ့၊ ကျွန်တော်က business နဲ့ဆိုင်တဲ့ စာအုပ်တွေပဲ အဖတ်များလို့ပါ၊ ကျွန်တော် ချီးကျူးပါတယ်ဗျာ၊ ဒီလောက် ငယ်ငယ်ရွယ်ရွယ် ချောချောလှလှကလေးနဲ့ မိန်းကလေးတစ်ယောက်က နေ့တိုင်း ဇွဲရှိရှိနဲ့ ဒီဆိုင်ကလေးမှာ မပျက်မကွက် စာလာလာရေးတတ်တာကို တကယ်အံ့သြမိတာပါ . . .၊ ပြီးတော့ ခင်ဗျားပုံစံက ခုခေတ်မိန်းကလေးတွေပုံစံနဲ့ လုံးဝမတူဘဲ ကွဲထွက်နေတယ်လေ၊ အရောင်မဆိုး



www.burmeseclassic.com

www.burmeseclassic.com

ထားတဲ့ ဆံပင်နက်နက်ထူထူရှည်ရှည်ကြီးမျိုး ကျွန်တော် မတွေ့ဖူးတာကြာပြီ၊ ပြီးတော့ မြန်မာဆန်ဆန် ရင်ဖုံးလက် ပြတ်လေးနဲ့ ထမိရှည်ကလေးနဲ့ တွေ့ရတာ တကယ် ကျက် သရေရှိတယ်ဗျာ၊ လေးစားပါတယ် .. စာရေးဆရာမဆိုတဲ့ ဂုဏ်နဲ့လည်း လိုက်ဖက်တင့်တယ်ပါတယ်၊ ဘာနဲ့တူသလဲဆို ရင် IT ခေတ်ထဲမှာ လိုချင်တာမှန်သမျှ အကုန် လွယ်လွယ် ကူကူရနိုင်ပေမယ့် Classic ဖြစ်တဲ့ Antique မျိုးကိုတော့ တမက်တမောလိုက်ရှာပြီး သိမ်းဆည်းဖို့ စုဆောင်းနေကြ တုန်းပဲလေ၊ ခင်ဗျားကိုတွေ့ရတာ အဲဒီလို ခံစားရတယ်၊ ရှားပါးပြီး အဖိုးတန်တဲ့ Antique တစ်ခုကို တွေ့လိုက်ရသလို ပဲ၊ ကျွန်တော် ဒီဆိုင်လေးကို အမြဲရောက်တယ်၊ ရောက်လာ ခြင်းအကြောင်းက ခင်ဗျားကို လာကြည့်တာသက်သက်ပဲဆို ရင် အံ့ဩမလား မသိဘူးနော် . . ."

သူပြောပုံက ပွင့်ပွင့်လင်းလင်း ရဲရဲတင်းတင်း။ သူ ဆိုလိုချင်သော အဓိပ္ပာယ်ကို ရွှေရေး ချက်ချင်းသဘောပေါက် အောင် အကွယ်အဝိုက် ဟန်ဆောင်ပန်ဆောင်မပါဘဲ အရှိအတိုင်း ပြောပြနေဟန်က သူနှင့် ဟိုးအရင်ကတည်းက ရင်းနှီးခင်မင်ခဲ့နှ ပြီးသူလို တရင်းတနှီးဆန်လှသည်။ ရွှေရေးပင် ရုတ်တရက် ဘာပြန်




ပြောရမှန်းမသိလောက်အောင် ကြောင်ေးသွားမိလျက် ပါးပြင်နှစ် ဖက်ဆီမှာ နွေးခနဲဖြစ်သွားရသည်။

"ကျေးဇူးပါ . . ."

ဟုသာ . . . ခပ်တိုးတိုး ကြနွေရရကလေး ပြန် ပြောလိုက်ရသည်။

"ရှင် antique တွေ စုဆောင်းတာများ ဝါသနာပါသလား မသိဘူးနော်"

ဘာရယ်မဟုတ် မေးလိုက်မိလျှင် သူ့မျက်လုံးတွေ ဆီမှာ တောက်ပလင်းဖြာမှုကို မြင်လိုက်ရသည်။

"ဟာ ခင်ဗျားက ဘယ်လိုလုပ်ပြီး သိနေတာလဲ . . . ဟုတ်ကဲ့ . . . ကျွန်တော် antique ပစ္စည်းကလေးတွေ စုဆောင်းပြီး သိမ်းဆည်းရတာကို ဝါသနာတစ်ခုအနေနဲ့ ကို အချိန်ယူပြီး လုပ်ဖြစ်ပါတယ်၊ ခင်ဗျား ကျွန်တော့်ကို ဘယ်လိုများ ခန့်မှန်း မိသွားတာလဲ"

"ဩော် . . . ကျွန်မကို အထင်မကြီးပါနဲ့ရှင်၊ မိန်းက လေးတစ်ယောက်ကို antique ပစ္စည်းတစ်ခုနဲ့ တင်စား ပြတယ်ဆိုကတည်းက ရှင် ဘာကို crazy ဖြစ်တတ်သလဲ ဆိုတာ ခန့်မှန်းကြည့်လို့ရပါတယ်"



www.burmeseclassic.com

www.burmeseclassic.com

"စာရေးဆရာမ ပီသပါတယ်ဗျာ၊ လူကဲခတ်တော်တယ် ခေါ်မှာပေါ့၊ ကျွန်တော် ခုလို စကားလာပြောတာ အနှောင့်အယှက်တော့ မဖြစ်ပါဘူးနော်"

အင်း နည်းနည်းတော့ ဖြစ်မိတယ်ရှင့် . . . ဟု ရွှေရေ ဘယ်ပြောထွက်ပါ့မလဲ။ ထို့ကြောင့် ပြုံး၍သာ ခေါင်းခါပြလိုက်သည်။

"ရပါတယ် . . . တစ်ခါတစ်လေပဲဥစ္စာ၊ ကျွန်မရဲ့ စာဖတ်ပရိသတ်တချို့လဲ ဒီလိုပဲ တွေ့တဲ့အခါ လာနှုတ်ဆက်တတ်တာ စကားပြောတတ်တာမျိုးတွေ ရှိပါတယ်၊ ကိုယ့်ကို ခင်မင်လို့ လာစကားပြောတဲ့သူတိုင်းကို ကျွန်မ အချိန် ပေးပြီး စကားပြောရတာပေါ့၊ ရင်းရင်းနှီးနှီး ခင်ခင်မင်မင်ပဲ ကျွန်မ ပြန်ပြောတတ်ပါတယ်"

"ယဉ်ကျေးမှုအရပေါ့လေ . . . ကျွန်တော်ကတော့ ရွှေရေ ပန်းချီရဲ့ စာဖတ်ပရိသတ်တစ်ယောက်တော့ မဟုတ်ပါဘူး၊ ဒါပေမယ့် ကျွန်တော် ခင်ဗျားရဲ့ စာအုပ်ကလေးတွေတော့ ဖတ်ခွင့်ရချင်ပါသေးတယ်၊ စာရေးဆရာမကိုယ်တိုင် လက်မှတ်ထိုးထားတဲ့ စာအုပ်ကလေးပေါ့ . . . ဖြစ်နိုင်မလားဟင်၊ ကျွန်တော် လောဘကြီးရာများ ကျသွားမလား၊ ကျွန်တော်က



ဆိုင်ကနေ သွားဝယ်ဖတ်ရတာထက် စာရေးဆရာမကိုယ်တိုင် အမှတ်တရလက်ဆောင်ပေးထားတဲ့ စာအုပ်ကလေးကို ပိုပြီး မက်မောတန်ဖိုးထားမိလို့ပါ"

အင်း . . . ခက်တော့နေပြီ။ သူက အလွန် စကားပြော လိမ္မာပါးနပ်သူတစ်ယောက်ဆိုတာကို ရွှေရေ သတိမထားမိဘဲ မနေနိုင် . . .။

"ကောင်းပြီလေ . . . ကျွန်မ ရှင့်အတွက် အမှတ်တရ လက်ဆောင်တစ်အုပ်ပေးပါ့မယ်၊ ခုတော့ ပါမလာဘူးရှင့်၊ တစ်ရက်ရက်ပေါ့နော် . . ."

"ကျွန်တော် ဒီကို မနက်တိုင်းရောက်ဖြစ်ပါတယ်၊ breakfast လာစားရင်း ပန်းချီကားတစ်ချပ်ကို လာငေးတာ ဆိုပါတော့"

ရွှေရေ ရှက်ပြုံးကလေးပြုံးမိသည်။ သန့်ပြန့် သားနားသော အထက်တန်းကျကျ လူယဉ်ကျေးတစ်ယောက်၏ personality က သူ့ထံမှာအပြည့်။ ပေါ့ပေါ့ပါးပါးကလေး လာရိသဲ့သဲ့ လုပ်နေတာမျိုးမဟုတ်ဘဲ တလေးတစား တရင်းတနှီးလာ မိတ်ဆက်စကားပြောခဲ့သူမို့ ရွှေရေဘက်ကလည်း ပြန်ယဉ်ကျေးရပါသည်။

"ဟုတ်ပြီလေ . . . ဒါဆိုရင် မနက်ဖြန်ကျ ကျွန်မ စာအုပ်



www.burmeseclassic.com

www.burmeseclassic.com

လက်ဆောင် ယူလာခဲ့ပေးပါ့မယ်"


"ကျေးဇူးပါပဲဗျာ . . . စာရေးဆရာမရဲ့ တန်ဖိုးရှိတဲ့ အချိန်တွေကို အများကြီး မယူချင်ပါဘူး၊ စာဆက်ရေးပါနော်၊ ခုလို ခင်မင်ခွင့်ရတာ ကျွန်တော် တကယ် ဂုဏ်ယူပါတယ်"

"ဟုတ်ကဲ့ . . . ကျွန်မလည်း ဝမ်းသာပါတယ်"

သူက ပြုံး၍နှုတ်ဆက်ပြီး သူ့စားပွဲဆီ ပြန်လျှောက်သွားသည်။ ရွှေရေး စာဆက်ရေးဖို့ စာအုပ်ကလေး ပြန်ဖွင့်လိုက်သည်။ စာဆက်ရေး၍ မရတော့။ စကားလုံးတွေ ထွက်မလာတော့သလို ငြိမ်သက်တိတ်ဆိတ်နေသည်။ စာရေးဖို့ အာရုံတွေကို တခြားအာရုံတစ်ခုက လွှမ်းမိုးဖုံးအုပ်သွားခဲ့သလို . . .။ လက်ထဲက antique PARKER ရွှေရောင်ဘောပန်ကလေးကို လက်ထဲမှာ လှည့်ပတ်ဆော့ကစားရင်း ရွှေရေးမျက်လုံးကလေးတွေ သူ့စားပွဲဆီ မတော်တဆ ရောက်ရှိသွားမိသည်။ နွေးမြချိုရီသော အပြုံးမျက်ဝန်းတစ်စုံက အသင့်စောင့်ကြိုနေခဲ့သည်။ ပထမဆုံး စာရေးပျက်ခဲ့သော နေ့တစ်နေ့လည်း ဖြစ်ပါသည်။


■ ■ ■






www.burmeseclassic.com

www.burmeseclassic.com



# အခန်း ၂



www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၂)

SAKURA TOWER အထပ်နှစ်ဆယ်မှာ ကော်ဖီသောက်ရင်း အေးအေးဆေးဆေး စကားပြောကြဖို့ သူငယ်ချင်းတွေနှင့် ချိန်းထားခဲ့သည်မို့ ရွှေရေးကားကို ပါ့ခ်လုပ်ထားခဲ့ပြီး lift ဆီသို့ လျှောက်ခဲ့သည်။ ဝတ္ထုဇာတ်လမ်းတစ်ပုဒ်ပြီးတိုင်း ရွှေရေး၏ အပန်းဖြေရာ ဦးနှောက်ဆေးရာသည် သူငယ်ချင်းတွေနှင့် ခုလို စုချိန်းပြီး ကော်ဖီဆိုင်ထိုင် . . . hot pot ဆိုင်သွား ဒါမှမဟုတ် တစ်အိမ်အိမ်မှာ စုပြီး ချက်ပြုတ်စားကြ . . Blue ray နှင့် ရုပ်ရှင်တွေကြည့်ကြ ဈေးဝယ်ထွက်ကြ . . . တစ်ခါတစ်ရံ သူငယ်ချင်းတွေစုပြီး ခရီးထွက်ကြ . . . စသဖြင့် ဖြစ်သည်။ ရွှေရေးတို့အားလုံး ကျောင်းပြီးသွားကြပြီး UFL ကနေ အင်္ဂလိပ်စာနှင့် ဒီပလိုမာတောင် ယူခဲ့ပြီးကြ





www.burmeseclassic.com

www.burmeseclassic.com

ပြီ . . .။ အရွယ်တော် တဆိတ်ဟိုင်းကလေးတွေမို့ အပျိုကြီးပေါက်စ,ကလေးတွေ ဆိုပါတော့။ ရွှေရေးကတော့ ကိုယ် ဝါသနာပါရာ . . . ရူးသွပ်ရာ စာရေးခြင်းအလုပ်ကို ဇွဲကောင်းကောင်းနှင့် တစိုက်မတ်မတ် ကြိုးစားအားထုတ်ခဲ့သူမို့ စာပေနယ်ပယ်မှာ နေရာတစ်ခုတော့ အခိုင်အမာရခဲ့ကာ ပရိသတ်၏ ချစ်ခင်အားပေးမှု ကိုခံယူရရှိနေခဲ့ပြီဖြစ်သော စာရေးဆရာမကလေးအဖြစ် ရပ်တည်ခွင့်ရခဲ့ပြီ။ ကျန်တဲ့သူငယ်ချင်းတွေလည်း သူ့အခန်းကဏ္ဍနှင့်သူ ကိုယ်ပိုင်လုပ်ငန်းလုပ်သူလုပ်၊ ကုမ္ပဏီအလုပ် လုပ်သူလုပ်၊ Beauty Saloon ဖွင့်သူဖွင့်နှင့် တော်တော် ဟုတ်နေကြပြီမို့ ခုလိုမှ တကူးတကချိန်းပြီး မဆုံဖြစ်လျှင် တွေ့ဖြစ်ကြဖို့ မလွယ်ပါ။

ထိုစဉ် ဓာတ်လှေကားတံခါးပွင့်လာပြီမို့ ရွှေရေးက ဓာတ်လှေကားထဲအဝင် ပြုန်းခနဲ ဘာဖြစ်သွားမှန်းမသိလောက်အောင် ရင်ဘတ်တစ်ခုလုံး ပူနွေးစိုရွှဲသွားတာကိုသာ သိလိုက်ရပြီး အားခနဲ အော်လိုက်မိသည်။

"အား . . . ပူလိုက်တာ . . . သေပါပြီ"

"ဟာ . . . ဆောရီး ဆောရီး . . . ကျွန်တော် လုံးဝမမြင်လိုက်ဘူးဗျာ၊ လူရှိမယ်မထင်လို့ ပြုန်းခနဲ ထွက်လိုက်မိတာ . . . ဟောဗျာ . . . အားနာဖို့ကောင်းလိုက်တာ တော်တော်ပူသွားမှာပဲနော်၊ ကျွန်တော် တောင်းပန်ပါတယ်ဗျာ . . . တကယ်ပါ"

တစ်ဘက်လူက ပျာပျာသလဲ တောင်းပန်ရင်း ကော်ဖီတွေစိုရွှဲသွားသော ရွှေရေး၏ရင်ဘတ်ဆီ အားနာပါးနာ တစ်ချက်ကြည့်ရင်း ချက်ချင်း မျက်လုံးပြန်လွှဲသွားသည်။ သူ့လက်ထဲက တစ်ခါသုံး ကော်ဖီခွက်ကလေးထဲက ကော်ဖီတွေအားလုံး ရွှေရေးအင်္ကျီတစ်ခုလုံးမှာ စိုရွှဲစွန်းထင်းသွားခြင်းဖြစ်သည်။ ဒီနေ့ကျမှ ရွှေရေးကလည်း အဖြူရောင် မှန်နိုင်လွန်သား ခပ်ပါးပါးရင်ဖုံးအင်္ကျီကလေးနှင့် ပိုးထမီအဖြူခံမှာ အနီပွင့်အခက်အဆုပ်ကလေးတွေပါသော အဆင်ကို ဝတ်ခဲ့မိသည်။ ရင်ဘတ်ဆီမှာ အပူလောင်သွားမှန်းလည်းသိကာ ရှက်လည်းရှက် . . . စိတ်လည်းဆိုးကာ ရွှေရေး ချက်ချင်း စကားပင် မပြောနိုင်။

"လူတစ်ယောက်လုံးတောင် မမြင်ဘူးလားရှင်"

ဟုသာ . . . ငိုသံပါကလေးနှင့် ခပ်ဆတ်ဆတ် ပြောမိသည်။

"ကျွန်တော် တကယ် မမြင်လိုက်မိလို့ပါ . . . အရမ်း အားနာပါတယ်ဗျာ၊ ဒီလိုလုပ်ပါ . . . ကျွန်တော့် အပြစ်အတွက် ကျွန်တော် တာဝန်ယူပေးပါရစေ၊ ကျွန်တော့်ရုံးခန်းက ( )


www.burmeseclassic.com

www.burmeseclassic.com

ထပ်မှာပါ။ ရုံးခန်းကို ခဏလေး လိုက်ခဲ့ပေးပါလားဗျာ၊ ကျွန်တော် အဝတ်အစားတစ်စုံ ချက်ချင်း ပြန်စီစဉ်ပေးပါရစေ"

"အို . . . ရပါတယ် . . . နေပါစေ"

"ဘယ်ဟုတ်ပါ့မလဲဗျာ . . . ကျွန်တော့အမှားအတွက် ကျွန်တော် ဘာတစ်ခုမှ တာဝန်ယူပြီး ဖြေရှင်းမပေးလိုက်ဘူးဆိုရင် ကျွန်တော် ဘယ်လိုမှ နေလို့ရတော့မှာ မဟုတ်ဘူး . . . ကျေးဇူးပြုပြီး ကျွန်တော့်စေတနာကို လက်ခံပေးပါဗျာ . . . နော် . . . ကျွန်တော် အနူးအညွတ် တောင်းပန်တာပါ"

တစ်ဘက်သားက အသည်းအသန် ခ,ယပြီး ပြောနေတော့လည်း နဂိုဗီဇက အားနာတတ်သော မာတ်ခံကလေးလည်းရှိတော့ ရွှေရေး မငြင်းနိုင်တော့။ ဒီ အစိုအကွက်ကြီးနဲ့လည်း ကော်ဖီဆိုင်ထိသွားလို့ မဖြစ်နိုင်တော့။ သူ့စကားကိုပဲ လက်ခံလိုက်ရတော့သည်။ မာတ်လှေကားနှင့် သူ့ရုံးခန်းရှိ ရာအထပ်သို့ ပြန်လိုက်လာခဲ့ရသည်။

သူ့ရုံးခန်းသို့ရောက်မှပင် ZKP ဆောက်လုပ်ရေးနှင့် အိမ်ခြံမြေ ရောင်းဝယ်ရေးကုမ္ပဏီမှန်း ရွှေရေး သိခွင့်ရပါသည်။





မြန်မာပြည်မှာ နာမည်ကြီး စာရင်းဝင်တစ်ခုမို့ ရွှေရေးသိပြီးသားပါ။ သူ ဦးဆောင်ပြီး ခေါ်သွားခဲ့တာက CEO အခန်း . . .။ ရွှေရေး ဇဝေဇဝါတော့ ဖြစ်လာသည်။ ဒီလူဟာ အသက်ငယ်ငယ်နဲ့ ZKP ရဲ့ CEO များလား။ ရုံးခန်းတံခါးကို ဖွင့်လိုက်လျှင် မှန်ချပ်များဖြင့် လင်းချင်းနေကာ မြို့လယ်ခေါင်ရှုခင်းကို အထက်စီးကနေ လှမ်းမြင်ခွင့်ရနေသော အခန်းကျယ်ကြီးထဲမှာ အေးမြမွှေးပျံ့သော ရနံ့သင်းသင်းကလေးနှင့် စနစ်တကျ ရှင်းသန့်ပြောင်လက်နေသည်။

"ခဏလေး ထိုင်ပါဦးနော် . . . ကျွန်တော့် စက္ကတေရီကလေး ခေါ်လိုက်ဦးမယ်၊ သူ အားလုံးစီစဉ်ပေးပါလိမ့်မယ်"

ဟု သူကပြောပြီး စားပွဲပေါ်က ခလုတ်ကလေး နှိပ်လိုက်ပြီး စက္ကန့်ပိုင်းကလေးအတွင်းမှာ မိန်းကလေးတစ်ယောက် ဝင်လာခဲ့သည်။ လှတပတ ကြော့ကြော့မော့မော့ကလေး . . .။

"ဟုတ်ကဲ့ ဆရာ . . . ဆည်းဆာ ဘာလုပ်ပေးရမလဲရှင်"

"အေး . . . ကိုယ် သူ့ကို ကော်ဖီခွက်နဲ့ ဝင်တိုက်မိလို့ ဆည်းဆာ၊ အဲဒါ အဝတ်အစား အသစ်တစ်စုံလောက် ချက်ချင်းနီးပါးလိုချင်တယ် . . .၊ ဆည်းဆာစီစဉ်ပေးပါဦး"

"ရပါတယ်ဆရာ . . . ရယ်ဒီမိတ်ချုပ်ပြီးသား ပိုးထည်ဆိုင်




www.burmeseclassic.com

www.burmeseclassic.com

တွေရှိပါတယ်၊ ဆည်းဆာအခုပဲ စီစဉ်လိုက်ပါ့မယ်၊ မမ ခဏလေးထိုင်ပါရှင် . . . မမရဲ့ ကိုယ်တိုင်းကလေးတော့ ဆည်းဆာယူသွားပါရစေ၊ ပြီးတော့ ဘာအရောင်လေး ကြိုက်သလဲဟင်"

ဆည်းဆာဆိုသော မိန်းကလေးက ခင်မင်ဖွယ် ကောင်းလောက်အောင် ပြုံးချိုနွေးထွေးဖော်ရွေစွာဆိုပါသည်။

"ဘာအရောင်ဖြစ်ဖြစ်ပါ ညီမရယ်၊ အရောင်နုကလေးဆို ရပါပြီ၊ တန်ဖိုးကြီးတာကြီး မဝယ်ပါနဲ့၊ သာမန်ဆို ရပါပြီ၊ ပိုးမှ မဟုတ်ပါဘူး . . ."

ရွှေရေးလည်း ခပ်ပြုံးပြုံးကလေးသာ ပြန်ပြောမိသည်။ အတိုက်ခံရစဉ်တုန်းကတော့ အပူလောင်သွားတာရော ရှက်တာရောပေါင်းပြီး စိတ်ဆိုးသွားခဲ့ပေမယ့် သူ့ဘက်က မယုံနိုင်လောက်အောင် တာဝန်ကျေနေသောကြောင့် အားနာလာပါသည်။

"မမ . . . မမကို ဆည်းဆာ တစ်နေရာရာမှာ မြင်ဖူးသလိုပဲ၊ အရမ်းရင်းနှီးနေတယ်၊ celebrity တစ်ယောက်ပဲ ထင်တယ် . . . အိုး . . . ဆည်းဆာသိပြီ မမ၊ မမက စာရေးဆရာမ 'ရွှေရေးပန်းချီ' ပါ . . . ဟုတ်တယ်မှုလား၊ ဆည်းဆာ မဂ္ဂဇင်းတွေထဲမှာ မမရဲ့ အင်တာဗျူးတွေ ဖတ်ဖူးတယ်၊ မမရဲ့ဝတ္ထုတွေဆို ဆည်းဆာ အသည်းစွဲပဲ သိလား၊ မင်းသမီးတွေရဲ့ character တွေကို crazy ဖြစ်လွန်းလို့ ဆည်းဆာရဲ့ Role Model တွေလေ"

ဆည်းဆာက ဝမ်းသာအားရပင် ခပ်သွက်သွက် ပြောနေလေသည်။ အပေါ်ယံဟန်လုပ်ပြီး ပြောနေတာမျိုး မဟုတ်ဘဲ တကယ့်ကို အူလှိုက်သည်းလှိုက်မို့ ရွှေရေးပါ လိုက်ပြုံးနေရသည်။

"ဟုတ်လား ဆည်းဆာ၊ မ,လည်း ခုလို ပြန်သိရတာ ဝမ်းသာပါတယ်"

"မမ ခဏလေးနော်၊ အပူသောက်မလား . . . အအေးသောက်မလားဟင်၊ ဆည်းဆာ ခဏလေးပဲ မကြာဘူး၊ အခုပြန်လာမယ်၊ ပြီးမှ မမနဲ့အတူတွဲပြီး အမှတ်တရ ဓာတ်ပုံရိုက်ယူထားရမယ်၊ ကိုယ်အရမ်းကြိုက်တဲ့ စာရေးဆရာမနဲ့ ကြုံတုန်းကလေးပေါ့ . . . အဟိ"

"မ . . . တီးပဲ သောက်ပါ့မယ် ဆည်းဆာ၊ ရပါတယ်၊ ရိုက်ပါ"

ဆည်းဆာပြန်ထွက်သွားတော့မှ အခန်းထဲမှာ သူနှင့် ဆည်းဆာ နှစ်ယောက်တည်းကျန်ရစ်ခဲ့သည်။ ခဏက ဆည်းဆာ ပြောသွားသမျှကို သူ အားလုံးကြားခဲ့ပြီမို့ . . .

www.burmeseclassic.com

"ဩော် . . . မမျှော်လင့်ဘဲ နာမည်ကြီး စာရေးဆရာမနဲ့ ဆုံခွင့်ရမိတာကိုး၊ ဂုဏ်ယူပါတယ်ဗျာ၊ စာအုပ်တွေ မဖတ်ဖူးခဲ့ပေမယ့် ရွှေရေးပန်းချီဆိုတဲ့ နာမည်ကိုတော့ ကြားဖူးနေပါတယ်၊ စိတ်မကောင်းစရာတော့ ဖြစ်ကုန်ပြီထင်တယ်နော်၊ စာရေးဆရာမ့ကိုမှ ဝင်တိုက်မိခဲ့တာဆိုတော့ ဝတ္ထုထဲများ ထည့်ရေးခံရမလား မသိဘူးနော်"

"ကိုယ်တွေ့ခံလိုက်ရတာဆိုတော့ ရေးဖို့တောင် စိတ်ထဲမှာ အကွက်ချပြီးသွားပြီရှင်"

"ဟောဗျာ . . ."

ဘာရယ်မဟုတ် ရွှေရေးလည်း သူ့ကို ပွင့်ပွင့်လင်းလင်းပဲ ပြောပြမိသည်။ သူ့ မျက်လုံးအဝိုင်းသားနှင့် အံ့ဩဟန် ပြကာ ရယ်မောလိုက်ဟန်က ZKP ၏ CEO လူကြီးတစ်ယောက်၏ အရှိန်အဝါ ဟန်ပန်ကြီးတွေ မရှိဘဲ လူငယ်လေးတစ်ယောက်သဖွယ် သစ်လွင်လတ်ဆတ်လွန်းသည်။

"ကျွန်တော် ဇွဲကပင်ပါ . . . မရွှေရေးပန်းချီ၊ ခုလို သိကျွမ်းခွင့်ရတာ အမှတ်တမဲ့ဆိုပေမယ့် ကျွန်တော့်အတွက်တော့ မှတ်မှတ်ရရပါ၊ စာထဲထည့်ရေးတဲ့အခါ ကျွန်တော့်ကို မင်းသားနေရာမှာထားပေးဖို့ မမေ့ပါနဲ့နော်"



သူက ပြုံးရွှင်ရယ်မောစွာပြောရင်း လက်ကမ်းပေးလာသည်မို့ ရွှေရေး လက်ဆွဲနှုတ်ဆက်လိုက်ရသည်။ ခဏအကြာမှာ Tea Pot ကလေးနှင့် နို့ခွက်၊ သကြားခွက် . . . တီးခွက်ကလေးတွေပါသော ယွန်းလင်ပန်းကလေးနှင့် ဆည်းဆာ ပြန်ရောက်လာသည်။ အခန်းထဲမှာတင် ဧည့်သည်ကို သီးသန့်ဧည့်ခံသော ဆက်တီတစ်စုံနှင့် ဧည့်နေရာကလေးတစ်ခု ရှိသေးတာမို့ ရွှေရေးကို အဲဒီမှာ ထိုင်စေသည်။

"မမ ခဏလေးနော်၊ ကိုယ်တိုင်းကလေး အကြမ်းဖျဉ်း ယူပါရစေနော်"

ဟု . . . ဆိုပြီး En Suite အခန်းကလေး၏ ရေချိုးခန်းထဲ ရွှေရေးကိုခေါ်ယူကာ ကိုယ်တိုင်းကလေးယူပြီး ဆည်းဆာ ပြန်ထွက်သွားသည်။ ရွှေရေး နေပင် မနေတတ်တော့။ ဧည့်သည်ဆိုဖာကလေးမှာ ရွှေရေး ပြန်ထိုင်စဉ်မှာ သူက ရွှေရေးအတွက် tea cup ဖြူဖြူကလေးကို ပုဝါဖြူဖြူနှင့် သေချာပွတ်သုတ်ပေးပြီးမှ ရွှေရေးအတွက် tea ကို သူကိုယ်တိုင် ဖျော်ပေးပါသည်။

"ကျေးဇူးပါ ကိုဇွဲကပင် . . ."

"ဇွဲလို့ပဲ ခေါ်နိုင်ပါတယ် မရွှေရေး၊ tea လေး သောက်ပါဦး"

"ဟုတ်ကဲ့ . . ."


www.burmeseclassic.com

www.burmeseclassic.com

ရွှေရေး tea သောက်တာကို သူက ဂရုတစိုက် စောင့်ကြည့်နေပြီး . . .

"ဘာများလိုသလဲဟင် . . ."

ဟု မေးနေသေးသည်။

"မလိုပါဘူးရှင် . . . အတော်ပါပဲ"

ထိုစဉ်မှာပင် ရွှေရေး၏ လက်ကိုင်အိတ်ထဲမှ mobile ကလေး မြည်လာသည်။ သေချာပါသည်။ သူငယ်ချင်းတွေ ဆက်ပြီ။

"ခဏလေးနော် . . ."

ဟု . . . သူ့ကို ခွင့်တောင်းရင်း ဖုန်းဖြေရသည်။

"ဟဲ့ . . . စာရေးဆရာမ၊ ဘယ်ရောက်နေလဲ . . . ငါတို့ ရောက်နေတာ ကြာလှပြီဟဲ့၊ နင် ကုန်ကြမ်းတွေ ရှာရင်း စက်မှုဇုန်ဆီများ ရောက်သွားပလားလို့"

"ငတိမ . . . ဒီနေ့အဖို့ နင် လာဦးမှာလား၊ နောက် အကျဆုံးလူ ဒဏ်ခံပဲနော်၊ ငါတို့ မှာထားကြပြီ . . . မြန်မြန်လာတော့လေဟာ"

"ဒီကောင် ယောကျ်ားနောက်တော့ လိုက်မပြေးလောက်သေးပါဘူးနော် . . . ဟုတ်တယ်မှုလား၊ အဲဒါ သေချာ



အောင် မေးလိုက်ဦး၊ ယောကျ်ားနောက် လိုက်တာဆိုရင်လည်း ကလေးလေး ဘာလေး လိုက်ကောက်ရအောင် လို့ . . . အ ဟီး ဟီး"

စသဖြင့် တစ်ယောက်တစ်ပေါက် အသံတွေ စက်သေနတ်ပစ်သလို ဝုန်းဒိုင်းကြဲပြီး ထွက်လာသည်။ ရွှေရေး သူငယ်ချင်းတွေက အဲဒီလို။ ရုပ်ကလေးတွေ ကြည့်လိုက်ရင် သနားကမားလှတပတ,ကလေးတွေ။ အချင်းချင်း ဆုံလိုက်ရင်ဖြင့် ဘယ်တော့မှ စကားအကောင်းမပြောကြ။ ဗလွတ်ရွတ်တတွေ ပြောချင်တိုင်းပြောကာ အစအနောက်သန်ချင်တိုင်း သန်ကြမြဲ။

"ဟော့ . . . ဟော့ . . . ခဏလေးနေကြဦး၊ ငါ အခု SAKURA ကို ရောက်နေပြီဟဲ့၊ နောက်နာရီဝက်လောက်ဆို ငါရောက်မယ်၊ အဲဒီကျမှ အေးဆေးပြောပြမယ် . . . OK"

ဆိုပြီး ဖုန်းကို ချက်ချင်းပိတ်ကာ Power ဝါ off လိုက်သည်။ နှိုမှိုဆို မေးခွန်းတွေ တရစပ်လာတော့မှာ။ ရှေ့မှာထိုင်ပြီး ငေးကြည့်နေသော သူ့ရဲ့ရှေ့မှာ ရွှေရေး ဘာမှ ပြောမပြချင်ပါ။

"သူငယ်ချင်းတွေနဲ့ ချိန်းထားတာထင်တယ်၊ နောက်ကျကုန်ပြီနော် . . . ဆောရီးပါဗျာ"

"ရပါတယ် . . . အထပ်နှစ်ဆယ်မှာ ကော်ဖီသောက်ဖို့


www.burmeseclassic.com

www.burmeseclassic.com

ချိန်းထားတာပါ၊ သူတို့အားလုံး စုံနေလို့ ဖုန်းဆက်ခေါ်တာ”

“ကျွန်တော် နားလည်ပါတယ်၊ ကျွန်တော်တို့ သူငယ်ချင်းတွေလည်း ခုလိုပဲ အမြဲချိန်းပြီး ဆုံတတ်ကြပါတယ်၊ အဲဒီလို အချိန်မျိုးမှာ ကိုယ်ပေါ်က အလွှာတွေအားလုံး ကွာသွားပြီး ကျောင်းတုန်းကလို အချင်းချင်း လွတ်လွတ်လပ်လပ် ရယ်မောနောက်ပြောင်ကြတုန်းပဲ၊ အဲဒီ သူငယ်ချင်းတွေက ဘာနဲ့မှ လဲလို့မရတဲ့ ဝယ်လို့မရတဲ့ ရတနာတွေလေ၊ ကျွန်တော့် အဆိုအရတော့ လူတစ်ယောက် သူ့ရဲ့ဘဝမှာ ဘယ်လောက် ပျော်ရွှင်အောင်မြင်နေသလဲဆိုတာကို သူ့ဆီမှာရှိတဲ့ မိတ်ဆွေ သူငယ်ချင်းတွေနဲ့တောင် တိုင်းလို့ရမယ်ထင်တယ်”

“ဟုတ်ပါတယ် . . . ကျွန်မ အဲဒီအချက်ကို သဘောတူပါတယ်၊ ကျွန်မလည်း သူငယ်ချင်းတွေကို တန်ဖိုးထားတတ်ပါတယ်၊ သူတို့အတွက် သူငယ်ချင်းစစ်တစ်ယောက်ဖြစ်အောင် ကြိုးစားတယ်၊ အရာရာကို သူတို့နဲ့ မျှဝေခံစားပေးတတ်တယ်၊ ဒါကြောင့် အဝေးကြီးမှာရောက်နေတဲ့ သူငယ်ချင်းတွေနဲ့တောင် e-mail အဆက်အသွယ်၊ g-talk အဆက်အသွယ်၊ facebook အဆက်အသွယ်တွေရှိတယ်”

“တော်ပါတယ်ဗျာ . . . ချီးကျူးပါတယ်၊ ဂုဏ်လည်း ယူပါတယ်၊ ကျွန်တော့်ကိုလည်း ရွှေရေးရဲ့ သူငယ်ချင်း list မှာ ထည့်ပေးလို့ရရင် ထည့်ပေးထားပါဦး၊ ကျွန်တော့်ရဲ့ card လေး ပေးထားပါမယ်၊ ကြုံတဲ့အခါ . . . လိုအပ်တဲ့အခါ ဆက်သွယ်လို့ရပါတယ်၊ ကျွန်တော် စိတ်မဆိုးတတ်ပါဘူး”

သူ စကားပြောပုံက ခင်မင်ဖော်ရွေရှိလှကာ ဆက်ဆံရေးကောင်းသူတစ်ယောက်၏ မွန်ရည်ပါးနပ်ဟန် အပြည့်ရှိပါသည်။ ရွှေရေးကလည်း အိတ်ထဲမှာ အမြဲ အဆင်သင့်ပါတတ်သော ကိုယ့်ရဲ့ ကဒ်ကလေး ပြန်ပေးလိုက်မိသည်။ ဘာရယ်တော့ မဟုတ်ပါဘူး၊ ပြန်ဆုံကြဖို့လည်း စိတ်ကူးမျှော်လင့်မထားမိပါ။ သူ့ရဲ့ ထူးခြားမှုက ထိုင်စောင့်နေသော အချိန် နာရီဝက်ခန့်ကို ဘယ်လိုကုန်ဆုံးသွားလိုက်မှန်း သတိမထားမိစေရအောင် စကားဝိုင်းကလေးတစ်ခု သပ်ရပ်လှပစွာ တည်ဆောက်ခင်းကျင်းခဲ့ပြီး ထိုစကားဝိုင်းကလေးကို သူကပဲ ပါးနပ်စွာ ဦးဆောင်ထားခဲ့ခြင်းဖြစ်သည်။ အဓိက,ကတော့ ရွှေရေး၏ ဝတ္ထုစာအုပ်တွေအကြောင်းကို သူက စိတ်ဝင်တစား မေးနေခဲ့ပြီး သေသေချာချာ လေးလေးနက်နက် အာရုံစိုက်ပြီး စိတ်ဝင်တစား နားထောင်ပေးခြင်းဖြစ်သည်။

“ကျွန်တော်လည်း ကျောင်းတုန်းကတော့ စာရူး ကဗျာရူး ရူးသေးတယ်ဗျ၊ စာရေးဆရာ ဖြစ်ချင်တာကတော့ လူငယ်

www.burmeseclassic.com

တိုင်းရဲ့ ဖိလင်ပဲ ဖြစ်လိမ့်မယ်ထင်တယ်၊ တစ်ရာမှာ ကိုးဆယ် လောက်က စာရေးဆရာဖြစ်ချင်ခဲ့တာချည်းပါပဲ၊ ရွှေရေးက တော့ အိပ်မက်ကို လက်တွေ့ဘဝထဲ ဖန်တီးနိုင်ခဲ့သူပေါ့၊ အောင်မြင်ပါတယ်ဗျာ . . ."

ဟုလည်း တစ်ဘက်သား စိတ်ချမ်းသာအောင် ချီးကျူး ပေးတတ်သေးသည်။ နာရီဝက်လောက် စကားလက်ဆုံ ကျနေဆဲမှာ ဆည်းဆာ ပြန်ဝင်လာသည်။ လက်ထဲမှာ အိတ် တစ်အိတ်နှင့်။

"မ . . . ရေ ဝတ်ကြည့်ပေးပါဦး၊ ဆည်းဆာ ivy ရောင် ကလေး ရခဲ့တယ်"

ရွှေရေးက ရေချိုးခန်းထဲဝင်ကာ အဝတ်အစား လဲရ သည်။ ဝတ်စုံကလေးကို ကြည့်လိုက်တာနှင့် တန်ဖိုးကြီးမယ်ဆိုတာ ရွှေရေး မှန်းဆပြီးသား။ Silk Etc. ဆိုင်က Silk ဝတ်စုံကလေး။ ရင်ဖုံးပုံစံ လက်တိုတိုကလေးက ခါးမှာ တင်ရုံကလေး။ ထဘီက ကြိုးနှင့်ပတ်ချည်ရသော ပတ်ထဘီကလေး။ အင်္ကျီချုပ်ထားသော cutting က ချပ်ရပ်ပုံကျလွန်းကာ ရွှေရေး၏ ခန္ဓာကိုယ်အလှကလေး ပေါ်လွင်အောင်ပင် ပုံကျသေသပ်လွန်းပါသည်။ ဆင်စွယ်ရောင် ပိုးအခံမှာ အစိမ်းနုရောင် ကနုတ်ပန်းခက်ကလေးတွေကို လှပဆန်း



ကြယ်စွာ ရက်သီထိုးဖောက်ထားပုံက အရမ်းလှသည်။ မိန်းကလေး ပီပီ ရွှေရေး စိတ်တိုင်းကျ ဘဝင်တွေ့သွားတာတော့ အမှန်ပင်။ ကော်ဖီ ပေသွားသော အင်္ကျီနှင့်ထဘီကို သေချာပြန်ခေါက်ပြီး Silk Etc. အိတ်ကလေးထဲ ပြန်ထည့်ပြီး ထွက်လာခဲ့သည်။

ဧည့်ခန်းကလေးထဲ ရွှေရေးဝင်လိုက်သည်နှင့် လှမ်း ကြည့်လိုက်သော သူနှင့်ဆည်းဆာ၏ မျက်ဝန်းတွေမှာ အပြောင်း အလဲတွေများစွာ . . .။ အံ့ဩနှစ်လိုမှုတွေ အရောင်တဖိတ်ဖိတ် လက်သွားသလိုမျိုး။

"ဟယ် . . . မမက လှလိုက်တာ၊ ဆည်းဆာနဲ့အတူ ဓာတ်ပုံ တစ်ပုံလောက် ရိုက်ခွင့်ပေးပါလားဟင်"

ဆည်းဆာက သူမလက်ထဲမှ mobile ကလေးဖြင့် ရွှေရေးနှင့်သူမ အတူတွဲကာ ရိုက်ယူသည်။

"ဆည်းဆာ . . . ကိုယ်ရိုက်ပေးမယ်လေ၊ သေချာလေး ရပ်လိုက်"

သူကိုယ်တိုင် ရိုက်ယူပေးသည် . . .။ ပြီးမှ ရွှေရေးက သူ့ကိုရော ဆည်းဆာကိုပါ နှုတ်ဆက်ကာ သူ့ရုံးခန်းထဲမှ ထွက်လာခဲ့ သည်။ အံ့ဩစရာကောင်းသည်မှာ ဓာတ်လှေကားဝအထိ သူကိုယ် တိုင် လိုက်ပို့ပေးခဲ့ပြီး . . .

www.burmeseclassic.com

"ဖြစ်နိုင်ရင် ကျွန်တော် ရွှေရေးနဲ့ ပြန်ဆုံခွင့်ရချင်ပါသေးတယ်နော်၊ ကျွန်တော် ဖုန်းဆက်ကြည့်မယ်နော်"

ဟု . . . သူက သိမ်မွေ့စွာပြောရင်း နှုတ်ဆက်ခဲ့ခြင်းဖြစ်သည်။ ရွှေရေး ဓာတ်လှေကားထဲမှာ တစ်ယောက်တည်းရှိမှ အားပါးတရပြုံးမိသည်။ ခုတလော ရွှေရေး စန်းတွေပွင့်လှချည်လားလို့လေ။

■ ■ ■





ကော်ဖီဆိုင်ထဲရောက်တော့ မေးခွန်းတွေအပြည့်ဝန်းရံထားသော သံသယမျက်လုံးကြီးတွေနှင့် ပါးစပ်စက်သေနတ်လွှတ်တော့မလို အဆင်သင့်ပြင်ထားကြသော နှုတ်ခမ်းတွေကြောင့် ရွှေရေး မပြုံးမိအောင် ဣန္ဒြေဆည်ထားရသည်။

"အေးပေါ့လေ . . .၊ တချို့တွေကတော့ Secret Agent တွေ ဘာတွေများလား မသိဘူး၊ သူငယ်ချင်းတွေနဲ့ ချိန်းထားတဲ့ဆီကို ချက်ချင်း မလာနိုင်အားဘူးလေ၊ ဒိုင်လျှိုကလေးတွေ လှုပ်ရှားနေသေးတာ"

"အေးလေ . . . ပုံစံကိုကြည့်ဦး၊ သူ့ကိုယ်သူ ဘုံကြိုးပြတ်တဲ့ ဒေဝီနတ်မျိုးနွယ်စတိုင်လ်နဲ့"

"မိန်းမ နင် ဘာဇာတ်ယားတွေ လန်းနေသလဲဆိုတာ ငါတို့ကို ဝန်မခံရင် ဒီဆိုင်ကနေ မပြန်ရဘူးမှတ်၊ နင့်မျက်နှာကိုက မှိုပွင့်ကြီးကြီးရလာတဲ့ မျက်နှာကြီးနဲ့နော်"

"ကဲ . . . နင်တို့အားလုံး ပါးစပ်ကလေးတွေပိတ်ထား ပြီးနားထောင်လေ၊ တစ်ယောက်တစ်ခွန်း ဝင်မစွက်ကြေး၊




www.burmeseclassic.com

www.burmeseclassic.com

'ငါပြောပြမယ် . . . ငါကလည်း ပြောပြဖို့ စိတ်ကူးထားပြီး သားပါ၊ ဘာမှ လျှို့ဝှက်ထားစရာအကြောင်း မရှိဘူးလေ"

"ကဲ . . . ဆို"

အဲဒီတော့မှ သူမတို့သုံးယောက် ပါးစပ်ကလေးတွေ ပိတ်ပြီး ငြိမ်ငြိမ်ဆိမ်ဆိမ် နားထောင်ပေးကြသည်။ ရွှေရေးက တစ်ပတ်အတွင်းမှာ ထူးခြားစွာ ပတ်သက်လာခဲ့သော 'ရန်မခ' ဆိုသော လူရည်မွန်တစ်ယောက်နှင့် 'ဖွဲကပင်'ဆိုသော လူခန့်ညား နှစ်ယောက်အကြောင်းကို စာရေးဆရာမပီပီ ဖွဲ့ဖွဲ့နွဲ့နွဲ့ ရှင်းပြလိုက် ပါ၏။ သူငယ်ချင်းသုံးယောက်၏ မျက်ဝန်းတွေမှာ အရောင်တလက် လက်ဖြာလို့ . . . စိတ်ဝင်တစား။

"ဟယ်တော့ . . . ဒီလိုဆိုရင် သုံးပွင့်ဆိုင်ဇာတ်လမ်းတစ်ပုဒ် ပေါ့၊ ပြောပါဦး . . . နင်က ဘယ်သူ့ကို ပိုပြီး impress ဖြစ်သလဲ"

"နှစ်ယောက်စလုံး သူ့စတိုင်လ်နဲ့သူတော့ စိတ်ဝင်စားစရာ ကောင်းပါတယ်၊ ရန်မခက အပြောညက်တယ်၊ ရုပ်ချော တယ်၊ ဖွဲကပင်ဆိုတဲ့လူက ရုပ်တော့ မချောဘူး၊ ဒါပေမယ့် အရမ်းအလိုက်သိတတ်လွန်းတယ်၊ လူတစ်ဖက်သား အနေ ခက်အောင်ထိ ဂရုတစိုက်ရှိလွန်းတယ်၊ သူ့ရဲ့ ထူးခြားချက်က စကားဝိုင်းတစ်ခုကို စိတ်ဝင်စားစဖွယ်ဖြစ်အောင် create လုပ်ထားတတ်တာပဲ၊ လုံးဝ မငြီးငွေ့စေရဘူးပေါ့ဟာ၊ အချိန် တွေ ဘယ်လိုကုန်သွားလိုက်မှန်း မသိလိုက်သလိုပဲ"

"အင်း . . . ငါတို့ရဲ့ စာရေးဆရာမတော့ မတွေ့တော့လည်း မတွေ့လို့၊ တွေ့မယ့်တွေ့တော့လည်း နှစ်ယောက်ပူးကြီး ပါလားကွယ်၊ နှစ်ယောက်ကြားမှာ ဗျာမများဖို့တော့ နင် တော်တော် အထာနပ် ပါးနပ်ရလိမ့်မယ်"

"မသိသေးပါဘူးဟယ် . . . ငါ့ဘက်က ဘာကိုမှ ကြိုတင် ပြင်ဆင်မထားပါဘူး၊ လူနှစ်ယောက် တွေ့ကြတယ်ဆိုတာ ဆုံဖို့အကြောင်းကို ပါလာလို့ ဆုံရတာ၊ ဘယ်သူက ဘယ် လောက်ထိ နီးကပ်လာပြီး ဘယ်သူက ဘယ်လို ဝေးသွားမလဲ ဆိုတာ သူ့ရေစက်အတိုင်းပေါ့"

"အဲဒီတော့ နင်က နှစ်ယောက်စလုံးကို . . ."

"စိတ်ဝင်စားပါတယ် . . ."

ရွှေရေးလက်မောင်းဆီ လက်တွေ တဖတ်ဖတ် ရောက်လာကြတော့သည်။

■ ■ ■


www.burmeseclassic.com

www.burmeseclassic.com




တံခါးနှစ်ချပ်မှာ လုံးဝ စေ့ပိတ်ထားတဲ့တံခါးနဲ့ တစ်ဝက်တစ်ပျက် ပွင့်ဟထားတဲ့တံခါး ဘယ်တံခါးကို ပိုပြီး စိတ်ဝင်စားမလဲ....



www.burmeseclassic.com

www.burmeseclassic.com




# အခန်း

# ၃



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

ရွှေဟောင်း ပန်းချီကားချပ်ကြီး တစ်ချပ်ကို လေလံဆွဲဖို့ သူကိုယ်တိုင် လေလံပွဲဆီသို့ ရောက်လာခဲ့သည်။ အဲဒီလို သူကိုယ်တိုင် စွဲလန်းနှစ်သက်လွန်းသော အဖိုးတန်ပစ္စည်းတစ်ခုကို တစ်ပါးသူတွေနှင့်အပြိုင် ဈေးပြိုင်ပေးပြီး . . . အားလုံးကို ကျော်ဖြတ်အနိုင်ယူကာ အမြင့်ဆုံးဈေးပေးပြီး သူလိုချင်တာကို ရရှိလိုက်သော ခံစားမှုကို သူ အလွန်မက်စက်ခုံမင်လွန်းပါသည်။ ရွှေအိုရောင် ကနုတ်ပန်းခက်များနှင့် ဘောင်ကွပ်ထားသော ရှေးခေတ်ဆီဆေးပန်းချီကားချပ်ကြီးကို စင်မြင့်ထက်မှာ ခမ်းနားစွာ ချိတ်ဆွဲထားသည်။ ရှေးခေတ် ထီးနန်းဟန်ပန်ဓလေ့များကို အသားပေးကာ ဆွဲထားသော ပန်းချီကားကြီးကို သူက ဧည့်ခန်းမှာ ခမ်းနားစွာ ချိတ်ဆွဲထားချင်သည်။ ဘယ်လောက်ပဲ ပေးရပေးရ အမြင့်ဆုံးဈေးပေးဖို့ သူ စိတ်ကူးထားပြီးသား။



www.burmeseclassic.com

www.burmeseclassic.com

"ဆရာ . . . ကိုရန်မခလည်း လာတယ်"

ကိုကျော်ဇေယျက သူ့ကို တိုးတိုးကလေး ကပ်ပြောသောအခါ သူ တစ်ဘက်သို့ မသိမသာ လှမ်းကြည့်မိသည်။ ရန်မခကလည်း သူ့ကို လှမ်းကြည့်နေခိုက်မို့ မျက်ဝန်းချင်း ဆုံမိသွားခိုက် ရန်မခ,က ဦးခေါင်းညွှတ်ကာ ပြုံး၍ နှုတ်ဆက်သောကြောင့် သူ့ရင်ထဲတွင် တင်းခနဲဖြစ်သွားသော်လည်း သူ ပြန်၍ ပြုံးပြနှုတ်ဆက်လိုက်ပါ၏။ စီးပွားရေးနယ်ပယ်မှာ အထာကလေးတွေ ရှိထားပြီးသား။ ပြိုင်ဘက်တစ်ယောက်ကို ဘယ်လောက်ပဲ ခါးသီးမုန်းတီးနေပါစေ . . . မျက်နှာဖုံးစွပ်ထားသလို အပြုံးမျိုးနှင့် လက်ဆွဲနှုတ်ဆက်နိုင်ဖို့က အရည်အသွေးတစ်ခုဖြစ်သည်။ မှတ်မှတ်ရရ သူ ရန်မခကို နှစ်ကြိမ်တိတိ လက်ဆွဲနှုတ်ဆက်ဖူးပါ၏။

မကြာခင်မှာ လေလံပွဲ စ,တင်ပါပြီ။ သူ မျှော်လင့်ခန့်မှန်းထားသည့်အတိုင်း ပထမပိုင်းမှာ သုံးလေးငါးယောက်ခန့် ဝိုင်းပေးနေကြသေးသော်လည်း သူကစ,ပြီး ဘယ်သူမှ လိုက်မပေးနိုင်မည့် အမြင့်ဆုံး ကိန်းဂဏန်းတစ်ခုကို ရွတ်ပြလိုက်သည်။ ကဲ . . . မိုက်မဲချင်သူတွေ ရှေးဟောင်း ပန်းချီကားတစ်ချပ်ကို သိန်းဂဏန်းအတော်များများ ပေးဝယ်နိုင်ရင် ဝယ်စမ်းဟု စိန်ခေါ်လိုက်သည့်သဘော။ သူ မျှော်လင့်ထားသည့်အတိုင်းပင် သူ့ကို လိုက်ဖိုက်နိုင်သူမှာ 'ရန်မခ' ဖြစ်သည်။ ပန်းချီကား၏ဈေးက လူတကာ မျက်လုံးပြူးရင်သပ်ရှုမောဖြစ်အောင် တရိပ်ရိပ် ထိုးတက်သွားခဲ့သည်။ သူကလည်း အရှုံးမပေးချင်။ မိုက်မဲလာပြီဟုပဲ ဆိုချင်ဆို . . . လူကလောင်းကစားသူတစ်ယောက်လို အနိုင်သာ လိုချင်လာသည်။ တခြားသူတစ်ယောက်ဆိုလျှင် သူ အသာလေးလွှတ်ပေးလိုက်ပြီဖြစ်သော်လည်း သူ့ကို လိုက်ဖိုက်နေသူမှာ 'ရန်မခ' ဖြစ်နေသောကြောင့်ကို သူ အရှုံးမပေးချင်။ ဘာကြောင့်များ ရန်မခဟာ သူနှင့် မကြာခဏ ထိပ်တိုက်လာဆုံနေမှန်း သူ နားမလည်နိုင်။ ရန်မခကို သူက ပြိုင်ဘက်တစ်ယောက်အဖြစ် သတ်မှတ်ထားခဲ့ပြီမို့ အဲဒီလူဆီမှာ သူ့ရဲ့ဂုဏ်သိက္ခာကို ဘယ်တော့မှ အထိပွန်းမခံဘူး . . . ဟု သူ ဆုံးဖြတ်လိုက်သဖြင့် ပန်းချီကား၏တန်ဖိုးက ကြောက်ခမန်းလိလိ မြင့်တက်လာခဲ့သည်။ လူတွေအားလုံးက သူတို့နှစ်ယောက်၏ လေလံပွဲကို အံ့မခန်းမျက်ဝန်းများဖြင့် စောင့်ကြည့်နေကြသည်။ ဒီပန်းချီကား၏တန်ဖိုးဟာ အဲဒီလောက်ထိ မမြောက်သင့်တော့ဘူးဟု သူတို့ တွေးကြလိမ့်မည်။ အဲဒီ မတန်တဆဈေးဖြင့် တစ်ဘက်သားကို အနိုင်ပိုင်းချင်သောစိတ်က သူ့ကို ဆင်ခြင်နိုင်စွမ်းတွေ ခဏကင်းကွာသွားစေခဲ့သည်။

နောက်ဆုံး သူပေးလိုက်သောဈေးကို ရန်မခက လိုက်


www.burmeseclassic.com

www.burmeseclassic.com

မပေးတော့ဘဲ ပခုံးတစ်ချက်တွန့်ကာ သူ့ကို လှည့်ကြည့်၍ ပြုံးပြလိုက်သည်။ ထိုအပြုံးက သူရှုံးပါတယ်လို့ ကြေငြာသော အပြုံးမျိုးထက် ကိုယ့်လူမိုက်မဲလှချည်လား . . . ဟု သရော်ချင်သောအပြုံးမျိုး ပိုဆန်သည်ဟု ငွဲ့ခံစားမိသည်။ ဟုတ်ပါသည် . . .။ သူ မိုက်မဲပါသည်။ မိုက်မဲစွာပင် သူ့ဂုဏ်သိက္ခာကို မတန်တဆဈေးဖြင့် မြှင့်တင်ခဲ့ခြင်းလည်းဖြစ်သည်။ ဘာပဲဖြစ်ဖြစ် ပန်းချီကားကို သူပိုင်ဆိုင်ခွင့်ရလိုက်သည့်အတွက် သူ ကျေနပ်မိသည်မဟုတ်လား။ ထိုက်တန်သည်ဆိုပါစို့ . . .။ ပန်းချီကားကို ရန်မခ ရသွားပြီး သူ တသသ ဖြစ်ကျန်ခဲ့ရတာထက်စာလျှင် မတန်တဆဈေးပဲဖြစ်ဖြစ် သူက 'ရရှိ' လိုက်ရတာကို ကျေနပ်သည်။ ပိုက်ဆံဆိုတာ အချိန်မရွေး သူ ပြန်ရှာနိုင်သည်လေ။ ပြိုင်ဘက်၏ သရော်ပြုံး . . . ရိပြုံးကို သူ လုံးဝ ဂရုမစိုက်။ သူ့ဘက်ကတော့ ထိုပွဲတွင် သူ အနိုင်ရလိုက်ပါသည်။

■ ■ ■

စာရေးခြင်းကို လက်စသတ်လိုက်ချိန်မှာ ရွှေရေးရှိရာဆီ ချဉ်းကပ်လျှောက်လာသော သူ့အရိပ်ကို တွေ့ရသည်။ ဘယ်အချိန်ကတည်းက သူ စောင့်ကြည့်နေခဲ့သည် မသိ။ ရွှေရေးကလည်း စာရေးနေရင်း စျာန်ဝင်သွားပြီဆိုလျှင် ဘေးပတ်ဝန်းကျင်ကို ဘယ်လိုမှကို သတိမရတော့တာ။ လောကကြီး တစ်ခုလုံးကို မေ့သွားတာမျိုး . . .။

"စာရေးနေတာကို အနှောင့်အယှက် မပေးချင်တာနဲ့ ကျွန်တော် ထိုင်ပြီး ငေးကြည့်နေတာ၊ ဂန္ထဝင်မြောက် ပန်းချီကားတစ်ချပ်လိုပဲ အရမ်းစိတ်ဝင်စားဖို့ကောင်းတယ်ဗျ"

ဟု . . . သူကပြောရင်း ရွှေရေးနှင့် မျက်နှာချင်းဆိုင်မှာ လာထိုင်သည်။ လူတစ်ယောက်ကို စကားစပြောလျှင် အဲဒီလို ချီးမွမ်းစကားကလေးတွေနဲ့ စ,တတ်တာ သူ့ရဲ့ အကျင့်လားတော့ မသိ . . .။ ချီးမွမ်းတဲ့စကားဆိုတော့လည်း ငြင်းဆန်လို့လည်း မကောင်း။ ရွှေရေးက ရှက်ပြုံးကလေးသာ ပြုံးမိသည်။

"ကျွန်မရဲ့ ဝတ္ထုစာအုပ်အသစ်တစ်အုပ်ထွက်တယ်၊ အဲဒါကို ရန်မခအတွက် တစ်အုပ်လက်ဆောင်ပေးဖို့ ယူလာတယ်"


www.burmeseclassic.com

www.burmeseclassic.com

"ဟာ . . . အဲဒါကို ကျွန်တော် မျှော်လင့်နေတာဗျ၊ ကျွန်တော် ဒီညပဲ ချက်ချင်း ဖတ်ကြည့်မယ်နော်"

"ဖတ်ပြီးရင့် ဝေဖန်ချက်ကလေးတစ်ခုခုတော့ ကျွန်မ ကြားချင်ပါတယ်"

"ဖြစ်ပါတယ် . . . ကျွန်တော်က ကိုယ်တိုင်သာ မရေးတတ်တာ၊ comment တော့ ပေးတတ်ပါတယ်၊ ဒါပေမယ့် သေချာတာကတော့ ကောင်းသော comment ပဲ ဖြစ်မှာပါ"

ရွှေရေးက ဝတ္ထုအသစ်ကလေး၏ရှေ့မှာ သူ့နာမည်ကို ရေးပေးပြီး ရွှေရေးလက်မှတ်ထိုးပေးလိုက်သည်။

"ကျေးဇူးတင်ပါတယ် ရွှေရေး၊ ဒါပေမယ့် ကျွန်တော့်မှာ 'မူ' တစ်ခုရှိတယ်ဗျ၊ ကျွန်တော် ဘယ်သူ့ဆီကမှ အလကား မယူတတ်ဘူး၊ တစ်ခုယူပြီးရင် ကိုယ့်ဘက်က တစ်ခုခုတော့ ပြန်ပေးချင်တယ်၊ ကြီးကျယ်တာတော့ မဟုတ်ပါဘူး၊ အပြန်အလှန်ကလေးပေါ့၊ အဲဒီတော့ ရွှေရေးကို ကျွန်တော် တစ်ခုခု ပြန်ကျွေးပါရစေ၊ လက်ခံပေးပါနော်၊ စာအုပ်ပေးလို့ ပြန်ကျွေးတာမျိုးထက် မိတ်ဆွေသူငယ်ချင်း ဖြစ်သွားလို့ တစ်ယောက်နဲ့တစ်ယောက် အေးအေးဆေးဆေး စားရင်းသောက်ရင်း စကားပြောချင်တာမျိုးပါ . . . လက်ခံလားဟင်"

ရွှေရေး ဘယ်လိုငြင်းရပါ့မလဲ . . .။ ခုချိန်ထိ ရွှေရေးဘဝမှာ ယောကျ်ားလေးတစ်ယောက်နှင့် အတူတွဲပြီး စားသောက်ဆိုင်မှာ အတူထိုင်စားဖူးသော အတွေ့အကြုံမျိုး လုံးဝ မရှိခဲ့ . . .။ နှစ်ယောက်တည်း ထိုင်စားရမှာဆိုတော့ ရွှေရေး၏ အသိမိတ်ဆွေတစ်ယောက်ယောက်များ မတော်တဆ မြင်သွားလျှင် ဘယ်လိုလုပ်မလဲ။ သူ့ကို လိုက်မစားနိုင်ပါဘူး . . . ဟု ငြင်းရမှာကိုလည်း အားနာပြန်သည်။ ခုခေတ်မှာ လူနှစ်ယောက် ခင်မင်ရင်းနှီးမှုကို တည်ဆောက်နိုင်ဖို့အတွက် တစ်ယောက်ကိုတစ်ယောက် သိနိုင်ဖို့အတွက် အနည်းဆုံးတော့ ကော်ဖီဆိုင်မျိုးမှာအတူထိုင်ကာ စကားပြောကြစမြဲ။ သူ့ဘက်ကိုယ့်ဘက် သူငယ်ချင်းတွေပါလျှင်တော့ ပို၍ရင်းနှီးမှုမြန်သည်ပေါ့။ ရွှေရေးက ခေတ်ရှေ့သိပ်ပြေးလွန်းသော မိန်းကလေးလည်း မဟုတ်သလို ခေတ်နောက်ပြန်ဆွဲနေသော မိန်းကလေးလည်း မဟုတ်ပါ။ ကိုယ်တိုင်လည်း လူငယ်စာရေးဆရာမတစ်ယောက် . . . ခေတ်၏ သမီးပျိုကလေးတစ်ယောက်မို့ ခေတ်ရေစီးကြောင်းထဲမှာ ငြိမ့်ငြိမ့်ကလေး စီးမျောနိုင်ပြီးသား။ ခေတ်လူငယ်တွေ၏အထာကို ကောင်းစွာ ညက်ညောပါသည်။ မိန်းကလေး တစ်ယောက်အဖို့ ဒီလူတစ်ယောက် ကို စိတ်ဝင်စားမိသ

www.burmeseclassic.com

လို . . . သူ့ကိုဆက်ပြီး လေ့လာချင်တယ်ဆိုလျှင်တော့ ခေတ်ရဲ့ အထာကလေးတွေအတိုင်း ညင်ညင်သာသာ လမ်းဖွင့်ပေးတန် ဖွင့်ပေးရမှာပေါ့လေ။

"ပြန်ကျွေးချင်တာကိုတော့ မငြင်းသင့်ဘူးလို့ ထင်ပါတယ်၊ ဒါပေမယ့် ကျွန်မ စားချင်တာကို လိုက်ကျွေးမယ်ဆိုရင်ပေါ့"

"ဟာ . . . သိပ်ကျွေးတာပေါ့၊ ရွှေရေး ဘာစားချင်သလဲ ပြောပါ၊ ကျွန်တော် ကျွေးမှာပေါ့"

ရွှေရေးက မချိုမချဉ် အပြုံးကလေးပြုံးလိုက်ကာ. . .

"စိမ်းလန်းစိုပြေက ဝက်သားတုတ်ထိုး"

ဟု ပြောလိုက်သည်။ သူ တအံ့တဩ မျက်ခုံးတွေ ပင့်သွားပြီးမှ အားပါးတရ ပြုံးပါသည်။

"ဟာဗျာ . . . ကျွန်တော်လည်း သိပ်စားချင်တာပေါ့၊ ရွှေရေးလို မိန်းကလေးမျိုးက လမ်းဘေးတုတ်ထိုးဆိုင်ကလေးမှာ ထိုင်စားလိမ့်မယ်လို့ ထင်မထားလို့ပါ"

"ဟင်း ကျွန်မကဖြင့် တုတ်ထိုးသည်ကြီးနဲ့တောင် ဘော်ဒါတွေ ဖြစ်နေတာ ကြာလှပေါ့၊ စကော့ဈေး အနောက်ဘက်က ဦးကျော်သန်း တုတ်ထိုးဆိုင်မှာလည်း သွားစားနေကျ"



"ရွှေရေးအကြိုက်ဆုံးလေးတွေ ပြောပြထားပါလား၊ နောက်ဆို ကျွန်တော် လိုက်ကျွေးရအောင်ပေါ့၊ ရွှေရေးက ကျွန်တော့်အတွက် အသစ်ထွက်တဲ့ ရွှေရေးရဲ့ ဝတ္ထုစာအုပ်ကလေးတွေပဲ လက်ဆောင်ပေးလေ၊ ကျွန်တော်က ရွှေရေး ရင်နဲ့ရေးထားတဲ့ဝတ္ထုကို ရင်နဲ့ဖတ်ပါ့မယ်၊ ပြီးရင် comment ပေးမယ်လေ"

"ကျွန်မလား . . . ကျွန်မအကြိုက်ဆုံးက တုတ်ထိုးပြီးရင် ကြေးအိုး . . . မုန့်ဟင်းခါး၊ ရခိုင်မုန့်တီ ဒါလောက်ပါပဲ"

"shall we ?"

သူက သွားစားကြဖို့ခေါ်တော့ ရွှေရေး မငြင်းတော့။ စာရေးပြီးသလောက်ရှိပြီမို့ ဆက်လည်းမရေးချင်တော့။ ဗိုက်ထဲကလည်း ဆာလာသလို အာရုံထဲမှာလည်း အငွေ့တထောင်းထောင်း ထ,နေသော တုတ်ထိုးဇန်းကြီးကို မြင်ယောင်လာပြီမို့ ဟန်လုပ်နိုင်စွမ်းပင် မရှိတော့။ စိမ်းလန်းစိုပြေဆီ ကိုယ့်ကားကလေးဖြင့်ပင် ရွှေရေးမောင်းခဲ့သလို ရွှေရေးကားနောက်မှ သူ့ရဲ့ BMW အဖြူ ဆွတ်ဆွတ်ကလေး ထပ်ချပ်မခွာပါလာခဲ့သည်။ ရွှေရေးရင်ထဲ အလိုလိုပျော်လာသည်။ အင်း . . . ဇာတ်လမ်းတော့ စ,ပြီထင်ရဲ့။

■ ■ ■


www.burmeseclassic.com

www.burmeseclassic.com

တုတ်ထိုးဆိုင်မှာ လူရှင်းနေပါသည်။ နှစ်ယောက် သားခုံပုကလေးတွေမှာ ဝင်ထိုင်လိုက်ပြီး စိတ်ကြိုက်ရွေးလိုးခိုင်းကာ ကြွေတစ်ခွဲသားကြီးတွေ လုပ်မနေဘဲ အားပါးတရ အချဉ်ရည်ရွှဲရွှဲ တို့ကာ စားကြ၏။

ရွှေရေးက ဆံပင်ထူထူရှည်ရှည်တွေကို ရှေ့ဘက်သို့ ဆွဲယူကာ ပေါင်ပေါ်တွင် ပုံ့ပုံ့ကလေးတင်ထားပြီး တုတ်ထိုးကို တစ်ချောင်းပြီးတစ်ချောင်း အားပါးတရ ဆွဲလျက်ရှိသည်ကို သူက သဘောကျသလို ပြုံး၍ကြည့်သည်။ ဗိုက်ပြည့်သွားချိန်တွင် ရွှေရေးက အစားကို လက်စသတ်ကာ . . .

"အင်း . . . တော်မှထင်တယ်၊ ဗိုက်သိပ်ပြည့်သွားရင် နေလို့ မကောင်းတော့ဘူး၊ ခုလို ကျွန်မစားချင်နေတဲ့ တုတ်ထိုးကို လိုက်ကျွေးတဲ့အတွက် ကျေးဇူးပါ . . . ကိုရန်မခ"

"My Pleasure ပါ ရွှေရေး၊ ဒီနေ့ကလေးကို ကျွန်တော် တကယ်မေ့တော့မှာ မဟုတ်ဘူး၊ နာမည်ကြီး စာရေး ဆရာမ တစ်ယောက်နဲ့ ခုလို အတူတွဲပြီး တုတ်ထိုးစားခွင့်ရတာ ကျွန်တော် အရမ်းပျော်ပါတယ်၊ တကယ်ပြောတာပါ၊ စာအုပ်အတွက်လည်း ကျေးဇူးပါ၊ ကျွန်တော်ဖတ်ပြီးတာနဲ့ comment ပေးပါ့မယ်"

သူနှင့် နှုတ်ဆက်လမ်းခွဲကာ ရွှေရေး ပြန်ခဲ့သည်။ ရင်ထဲမှာ ပီတိကလေးတစ်မျိုး စိမ့်စီးလျက်ရှိသည်။ သူ့ရဲ့ ချောမောရှင်းသန့်သော မျက်နှာနှင့် နူးညံ့သိမ်မွေ့သော အပြုံးသည် ရွှေရေး၏ ဖြူလွှသော နှလုံးသားစာမျက်နှာပေါ်မှာ ခပ်ထင်းထင်း ဆွဲခြယ်လိုက်သလို ထင်ရှားလာပါ၏။ 'အချစ်'ဆိုသော တောင်ထိပ်ဖျားတစ်ခုဆီ တက်ဖို့အတွက် ဒီလိုပဲ အထင်ကြီးခြင်း၊ လေးစားခြင်း၊ ပျော်ရွှင်ခြင်း၊ ကြည်နူးခြင်း၊ နှစ်သိမ့်ခြင်း၊ မက်မောခြင်း . . . စသော လှေကားထစ်များကို တစ်ထစ်ချင်း ဖြတ်ကျော်ရမည်ဆိုပါလျှင် ရွှေရေးသည် ကြည်နူးနှစ်သိမ့်ခြင်းဆိုသော ပထမခြေလှမ်းကို စ၍ လှမ်းခဲ့မိပြီဖြစ်သည်။

စာရေးပြီးလျှင် ရွှေရေး၏အကျင့်က စာပြန်ဖတ်ခြင်းဖြစ်သည်။ ရွှေရေး၏ ခြံနောက်ဖက်မှာ ရေတံခွန်ကလေးနှင့် စမ်းချောင်းကလေးကို ရွှေရေး စိတ်ကြိုက် ဖန်တီးထားခဲ့သည်။ ပြီးတော့ ငှက်လှလှကလေးတွေကို လှောင်အိမ်ကလေးတွေနှင့် အလှမွေးထားသေးကာ စမ်းချောင်းထဲမှာတော့ ငါးရောင်စုံ လှလှ


www.burmeseclassic.com

www.burmeseclassic.com

ကလေးတွေ မွေးထားသည်။ အဲဒီနေရာကလေးက တောအုပ်ကလေး တစ်ခုလို ငြိမ်းချမ်းလှသော ရွှေရေး၏ စာဖတ်ရာနေရာကလေးပါ။ ယိုးဒယားဖျာချောကလေးချခင်းကာ ကော်ဖီတစ်အိုးနှင့် စာအုပ်တစ်အုပ်တော့ အသာလေးဖြီးအောင် သက်တောင့်သက် သာ လှဲလျောင်းရင်း . . နံဘေးမှာ CD Player ကလေးနှင့် ရေလှိုင်း သံ မိုးစက်မိုးပေါက်သံ လေတိုက်သံ စသော သဘာဝအသံတွေ ထည့်သွင်းထားသော Relaxation အခွေကလေးကို ခပ်တိုးတိုးဖွင့်လို့။ အဲဒီအချိန်ကလေးမှာ တကယ့်ကို စိတ်ရောကိုယ်ပါ အေးချမ်း ကြည်မွေ့လျက် စာဖတ်ရခြင်းထဲမှာ အာရုံနစ်မျော ပျော်ဝင်နေ တတ်မြဲ . . .။

"မလေးရေ . . . ဖုန်းလာလို့ရှင့်"

ကောင်မလေးက လက်ထဲမှာ ရွှေရေး၏ BlackBerry mobile ကလေးကိုင်ကာ အပြေးအလွှား လာပေးသည်မို့ အိပ်နေရင်းကပင် စာအုပ်ဖတ်မပျက် ဖုန်းထူးလိုက်သည်။

"ဟဲလို . . ."

"ရွှေရေးလား . . . ကျွန်တော် ဇွဲကပင်ပါ"

သြရှချိုနွှေးသောအသံတစ်ခုကြောင့် ရွှေရေး ဖြုန်းခနဲ ထ,ထိုင်လိုက်မိသွားကာ နံဘေးက ကော်ဖီအိုးကို သွားတိုက်မိပြီး



ကော်ဖီအိုး မှောက်ပြန်သည်။ အိုး . . . သေတော့မှာပဲ။ သူနဲ့ ဆုံလိုက်တိုင်း ကော်ဖီတွေချည်း မှောက်နေတော့တာပါလား။

"ဟုတ်ကဲ့ . . . အား သွားပြီကွာ"

"ဘာဖြစ်လို့လဲ ရွှေရေး . . ."

"သြော် . . . ရယ်စရာတောင်ကောင်းနေပြီ၊ ကျွန်မ ကော်ဖီ အိုး မှောက်သွားပြန်ပြီ"

"ဟောဗျာ . . ."

သူ့ရယ်သံခပ်သဲ့သဲ့ ထွက်ပေါ်လာသည်။ ရွှေရေးလည်း သူနှင့်အတူ လိုက်ရယ်မိပါ၏။

"ဖြစ်ရမယ်ဗျာ . . . ကျွန်တော်လည်း အခုပဲ ကော်ဖီ သောက်ရင်း ရွှေရေးကို သတိရမိလိုက်တာနဲ့ ဘာရယ်မဟုတ် လှမ်းဆက်ကြည့်လိုက်တာပါ . . .၊ ဟိုတစ်နေ့က သူငယ်ချင်းတွေနဲ့ ဆုံတော့ရော အားလုံး အဆင်ပြေရဲ့လားလို့ပါ၊ အဲဒီနေ့က ရွှေရေး နောက်ကျသွားတယ် ဆိုတော့လေ"

"သြော် . . . အားလုံး အဆင်ပြေပါတယ်ရှင်၊ ကျေးဇူး ပါ"

"ကော်ဖီစွန်းသွားတဲ့ အင်္ကျီလေးရော ပြန်ဖြူသွားရဲ့လား၊ ကျွန်တော့်မှာ Alondra အစွန်းချွတ်ဆေးရှိတယ်၊ အဲဒါလေး


www.burmeseclassic.com

www.burmeseclassic.com

လည်း ပေးချင်လို့ပါ"

ရွှေရေး ပြုံးမိသည်။ မိန်းကလေးတစ်ယောက်အ
လာချင်တဲ့အခါ ယောက်ျားတွေဟာ ဘယ်လောက်ပဲ သေးမွှားပါစေ
လုပတဲ့ အကြောင်းပြချက်ကလေးတွေတော့ ပေါ်လာတတ်ပါသည်
အကျီအစွန်း ကျွတ်သွားပါပြီ ... ဟု လမ်း ပိတ်လိုက်ရမလား
ဒါမှမဟုတ် ... သူ့ကို အခွင့်အရေးကလေးတစ်ခု မသိမသာ
ပေးလိုက်ရမှာလား ...။ အသေးစိတ်ကလေးကအစ ဂရုတစိုက်
ရှိတတ်သော သူ့ရဲ့ စေ့စပ်သေချာမှုကို ရွှေရေး ဆက်ပြီး လေ့လာ
ချင်သေးသည်။ ရွှေရေးအတွက် ထူးခြားသော character တစ်
မဟုတ်လား ...။ ရွှေရေး၏ အကျင့်က လူတွေရဲ့ စိတ်တွေ ...
စရိုက်တွေ ... အမူအကျင့်တွေကို စိတ်ဝင်တစား လေ့လာ
တတ်တာမျိုးဖြစ်ပါသည်။

"ရပါတယ် ... ကိုဇွဲပေးချင်ရင်ပေးလေ၊ ကျွန်မ ဘယ်မှာ
လာယူရမလဲ"

အမှန်အတိုင်းဝန်ခံရလျှင် ရွှေရေးလည်း သူ့နှ
ထပ်ဆုံခွင့်ရချင်ပါသေးသည်။ စကားဝိုင်းတစ်ခုကို ဦးဆောင် ခ
ကျင်းပြင်ဆင်တတ်တာ စိတ်ဝင်စားဖွယ်ဖြစ်အောင် စေ့စပ်သေ
စွာ ဖွဲ့နွဲ့ပြောပြတတ်တာ ... ရွှေရေးပြောသမျှကို ရွှေရေးမျ





ဝန်းတွေထဲ တည့်တည့်စိုက်ကြည့်ပြီး စိတ်ဝင်တစား လေးလေးနက်
နက် နားထောင်ပေးတတ်တာတွေသည် စိတ်ဝင်စားစရာ ဇာတ်
ကောင် စရိုက်တစ်မျိုးဖြစ်သည်။

"ကျွန်တော် လာပေးမှာပေါ့ ... ရွှေရေး ဘယ်မှာ ရှိမလဲ
ဟင်"

"အခုတော့ ကျွန်မ အိမ်ပြန်ရောက်နေပြီ ကိုဇွဲ၊ မနက်ဆို
ကျွန်မ ကရဝိက်ဥယျာဉ်ထဲက ကော်ဖီဆိုင်ကလေးမှာ စာ
သွားရေးနေကျ၊ အဲဒီကို လာပေးချင်ပေးလေ၊ အခု နေ့လည်
ဆို ကျွန်မရဲ့စာဖတ်ချိန် ... ညနေဆို ကျွန်မ gym သွား
ချိန်၊ ညဘက်ဆို ကျွန်မ တရားထိုင်တာမျိုး၊ ဘုရားသွားတာ
မျိုး လုပ်တတ်တယ်၊ အဲဒီ အချိန်ဇယားကလေးနဲ့ ကျွန်မ
နေနေကျမို့ပါ ... စာရေးရင်တောင် မနက် ဆယ်နာရီ
ကနေ နေ့လည်တစ်နာရီလောက်ထိ ဈာန်ဝင်ရင်ဝင်သလို
ရေးတာဆိုတော့ ဆယ်နာရီမထိုးခင် ခဏ လာချင်လာ...
ဒါမှမဟုတ်ရင် ဆယ့်နှစ်နာရီပိုင်းလောက်ပေါ့၊ ကြားမှာ
ကျွန်မ ခဏ နားသေးတယ်လေ ..."

"အချိန်ကို အဲဒီလို စနစ်တကျသုံးတတ်တာ ကျွန်တော် အရမ်း
လေးစားပါတယ် ရွှေရေး၊ ဒီလိုလုပ်ရင် မကောင်းဘူးလား၊





www.burmeseclassic.com

www.burmeseclassic.com

တစ်နာရီအတိမှာ ကျွန်တော် လာခဲ့မယ်လေ၊ အဲဒီ အချိန်က
နေ့လည်စာစားချိန်ဆိုတော့ ရွှေရေးကိုကျွန်တော်နေ့လည်စ
လိုက်ကျွေးပါရစေ၊ ရွှေရေး ခွင့်ပြုမယ်ဆိုရင်ပေါ့"

ရွှေရေး မပြုံးဘဲ မနေနိုင်။ စိတ်ဝင်စားဖို့တော့
ကောင်းနေပါပြီ။ ယောကျ်ားနှစ်ယောက်၏ ခြေလှမ်းတွေဟ
ဘာကြောင့်များ တပြိုင်နက်တည်း ပြီးတော့ . . . ခပ်ဆင်ဆင်
တူနေရတာပါလဲ။ သူတို့ရဲ့ အထာတွေကိုက မိန်းကလေးတစ်
ယောက်ကို စိတ်ဝင်စားပြီဆိုရင် ခင်မင်ရင်းနှီးခွင့်ရဖို့အတွက် နေ့
လည်စာကျွေးဖို့ ချိန်းတော့တာပဲလား။ အနောက်နိုင်ငံမှာဆိုရင်
တော့ ဒါဟာ ဒိတ်လုပ်တဲ့သဘောပေါ့လေ။ ပြီးတော့ အတူတူ စား
သောက်ရင်း တစ်ယောက်အကြောင်းတစ်ယောက် သိအောင်ကြိုး
စားရင်း ရင်းနှီးမှုကို တစ်ဆင့်ချင်း တည်ဆောက်ယူရတာမျိုး ထင်
ပါရဲ့။ အမှန်အတိုင်းပြောရလျှင် ပထမဆုံး လှမ်းလာသော သူ့ရဲ့ခြေ
လှမ်းကို ရွှေရေး မပိတ်ပင်လိုက်ချင်ပါ။ ရွှေရေးမှာ ဝှက်ဖဲမရှိ
လူနှစ်ယောက်ကို တစ်ပြိုင်နက်တည်း လှည့်စားနေဖို့လည်း စိတ်က
မရှိပါ။ တံခါးနှစ်ချပ်မှာ လုံးဝ စေ့ပိတ်ထားတဲ့တံခါးနဲ့ တစ်ဝက်တ
ပျက် ဖွင့်ဟထားတဲ့တံခါး . . . ဘယ်တံခါးကို ပိုပြီး စိတ်ဝင်စ
မလဲ။ ရွှေရေးက တံခါးချပ်ကလေးကို အသာအယာ တစ်ဝက်တ



ပျက် ဖွင့်ထားလိုပါသည်။

"ကောင်းပြီလေ . . . ကျွန်မ သဘောတူပါတယ်၊ ဒါဖြင့် မနက်ဖြန်ဆုံမယ်လေ နော်"

"အိုကေ . . . ရွှေရေး စာဆက်ဖတ်ပါ၊ အနှောင့်အယှက်ပေးမိရင် ဆောရီးပါနော်"

"ရပါတယ်ရှင် . . ."

သူ ဖုန်းချသွားတော့ ရွှေရေး စာအုပ် ဆက်ဖတ်သည်။ အံ့သြဖွယ်ရာကောင်းလောက်အောင် ရွှေရေး၏အာရုံထဲ သူ ရောက်ရောက်လာသည်။ အသားညိုညို . . . မျက်ခုံးမျက်လုံး ထင်းထင်းနှင့် ပြေပြစ်သောမေးရိုးများနှင့် တိကျသေသပ်သော နှုတ်ခမ်းတို့ရှိသည်။ ရန်မခလို ညို့မျက်ဝန်းနှင့် ငေးကြည့်တတ်ပြီး ရင်ခုန်တိမ်းညွတ်လောက်သော အပြုံးမျိုး မရှိသော်လည်း သူ့ရဲ့ ဆွဲဆောင်မှုက တစ်မျိုး . . .။ လူတစ်ယောက်ကို အသေးစိတ်ကျကျ ဂရုစိုက်နိုင်ဖို့ဆိုတာ တော်ရုံ အရည်အချင်းမျိုးမှ မဟုတ်တာ . . .။ ရန်မခနှင့်ဆိုလျှင် လွတ်လပ်ပေါ့ပါးသော ပျော်ရွှင်မှုကိုရပြီး သူနှင့်ကျတော့ ဂရုစိုက်ခံရခြင်း၏ ကြည်နူးပီတိကို ရစေပါသည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com



ပြင်ဘက်ကပေးတဲ့ မိန့်ခေါ်မှုလောက်

ဘယ်အရာကမှ


နှလုံးသွေးတွေကို ပူနွေးရဲရင့်အောင်

တွန်းထိုးမီးမွှင့်မပေးနိုင်ပါ...။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း
# ၄



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၄)

ကရဝိက်ဥယျာဉ်ဆီအလာ လမ်းတလျှောက်လုံးမှာ သူ့ရင်ထဲ ခပ်ငြိမ့်ငြိမ့် သိမ့်သိမ့်ကလေး ဖြတ်စီးနေတာက ဆံပင်ရှည်ရှည် ခန္ဓာကိုယ်သွယ်လျလျနှင့် လှပသော မိန်းမချောကလေးအပေါ် စိတ်အာရုံတိမ်းညွှတ်ယိမ်းမူး နေခဲ့ခြင်းဖြစ်သည်။ သူမက အလွန်လှပါသည်။ သူ့နံဘေးမှာ ပွဲတက်ဖော်အဖြစ် အမြဲတင့်တယ်ကြော့မော့လွန်းနေမည့် ဣန္ဒြေရရ ဉာဏ်ပညာလည်းရှိသော မယ်ယဉ်ကျေးကလေးအဖြစ် သူ အမှတ်တွေ အများကြီးပေးထားလိုက်မိသည်။ ရှင်းရှင်းပြောရလျှင့် သူ့ဘဝမှာ စိတ်ဝင်စားမိသော မိန်းကလေးဆိုလို့ ခပ်ရှားရှားရယ်။ သူ သတ်မှတ်ထားသော စံတွေနှင့် ကိုက်ညီနိုင်မည့်မိန်းကလေးမျိုး ရှာလို့ မတွေ့ခဲ့လို့ပဲ . . . ခုချိန်အထိ တစ်ကိုယ်တော် အောင်ပွဲခံနေခဲ့တာပေါ့လေ။ ရိုးသားစွာ ဝန်ခံရလျှင်တော့





www.burmeseclassic.com

www.burmeseclassic.com

သူလည်း ခံစားတတ်သောနှလုံးသားနှင့် လူတစ်ယောက်ပါပဲ။ ဘဝမှာ ကိုယ့်ရဲ့အောင်မြင်မှုတွေကို မျှဝေခံစား ဂုဏ်ယူပျော်ရွှင်ပေးဖို့ စိတ်ဖိစီးမှုတွေကို မျှဝေဖြေဖျောက်ပေးဖို့ သူ လိုအပ်သောအခါ အကြံကောင်းဉာဏ်ကောင်းတွေ ပေးနိုင်ဖို့ သူ မောပန်းနွမ်းလျတဲ့အခါ ခေတ္တခဏ အနားယူ ခွေးသိပ်ဖို့ ပခုံးကလေးတစ်ဖက်ကိုတော့ သူ မကြာခဏ တောင့်တမိတာအမှန်ပါ။ တကူးတကလည်း လိုက်မရှာခဲ့ပါ။ အချိန်တန်လျှင် ရေစက်ပါလာလျှင် တစ်ချိန်ချိန်တော့ တစ်နေရာရာမှာ တစ်ယောက်ယောက်နှင့် ဆုံတွေ့ကျွမ်းဝင်ရမှာ ပဲ . . . ဟု သူ နှလုံးသွင်းထားခဲ့တာပါ။ အခုတော့ သူမကို သူ တွေ့ရှိခဲ့ပြီ။ ဒီမိန်းကလေးပဲ . . . ဟု သူ့ နှလုံးသားက အတိအကျ ညွှန်ပြအချက်ပေးနေခဲ့ပြီ။ အဲဒီတော့ သူ ဘာအတွက် တွန့်ဆုတ်နှောင့်နှေးနေခဲ့မလဲ။ သူ့ဘက်က အားလုံး ပြင်ဆင်ခဲ့ပြီးပြီ။ သူ့ဘဝမှာ စနစ်တကျ ပြင်ဆင်စီစဉ်တတ်တာက အကျင့်တစ်ခုလို အသားကျနေခဲ့ပြီးသား . . .။

■ ■ ■





ဒီနေ့အဖို့ စာရေးနေရပေမယ့် ရွှေရေးစိတ်ထဲ ဂဏှာမငြိမ်နိုင်။ ဆယ့်တစ်နာရီလောက်မှာ ရန်မခ,ရောက်လာတာ . . . ထိုင်နေကျစားပွဲမှာ အေးအေးဆေးဆေး ဝင်ထိုင်ပြီး ရွှေရေးစာရေးနေတာကို ထိုင်စောင့်ကြည့်နေခဲ့တာကို ရွှေရေး အားလုံးသိနေသည်။ ရွှေရေးကိုလာပြီး စကားမပြောသေးတာက အနှောင့်အ ယှက်မပေးချင်တဲ့သဘောဖြစ်သည်။ ဆယ့်နှစ်နာရီလောက်မှာ ရွှေရေးခဏနားသည်။ စိတ်ကူးထဲ plot တစ်ခု ပေါ်မလာသေး၍ ခဏထိုင်စဉ်းစားနေခြင်းဖြစ်ပါသည်။ စာမရေးတော့ပြီမို့ ရန်မခ က, ထ,လာသည်။ သူ့လက်ထဲမှာ မနေ့ကဝတ္ထုကလေးကိုင်လျက်သား။

"စာရေးလို့ပြီးပြီလား ရွှေရေး . . ."

"အင်း . . . ပြီးတော့ မပြီးသေးဘူး၊ အခန်းသစ်ကူးဖို့အတွက် plot ချက်ချင်း ပေါ်မလာသေးလို့လေ"

"ကိုယ် လာစကားပြောတာ အနှောင့်အယှက် ဖြစ်သွား





www.burmeseclassic.com

www.burmeseclassic.com

လား"

"အင်း . . . ဖြစ်တော့ မဖြစ်ပါဘူးလေ"

"ကိုယ် ခဏလေးပဲ ပြောမှာပါ၊ ရွှေရေးရဲ့စာအုပ်ကို မနေ့ည က တထိုင်တည်း ထိုင်ဖတ်လိုက်တယ်၊ လက်ထဲကနေ စာအုပ် ကို မချချင်လောက်အောင်ကို ဆွဲဆောင်မှု ရှိပါတယ် တကယ်ပြောတာပါ . . . ဖုန်းလာတာကိုတောင် မဖြေမိတဲ့ အထိကို ဖွဲ့တာပါ၊ စာဖတ်ရင်း ပြီးသွားမှာကိုတောင် နှမြော နေတဲ့စိတ်မျိုးဖြစ်မိတယ်၊ အရေးအသား ဇာတ်လမ်းဇာတ် ကွက် အချိန်အဆက်တွေနဲ့ ဇာတ်ကောင်စရိုက်တွေ . . . ဒိုင်ယာလော့ခ်တွေအားလုံး သူ့နေရာနဲ့သူ စနစ်တကျပြီးပြ ပါတယ်၊ ရွှေရေး တကယ်တော်ပါတယ်ဗျာ၊ အံ့ဩဖို့ကောင်း တဲ့ မိန်းကလေးပဲ"

"ဟောတော် . . . ကျွန်မ ကောင်းကင်ထဲတောင် ပျံတက် သွားပြီရှင့်၊ ကိုရန်မခ မြှောက်လွန်းနေပြီ၊ ကျွန်မ အဲ လောက် မဟုတ်သေးပါဘူး"

"ဘယ့်နှယ် မဟုတ်ရမှာလဲ . . . ဟုတ်ပါတယ်ဗျာ၊ ကိုယ် တောင် ရွှေရေးရဲ့ ပရိသတ်ဖြစ်ခွင့်ရတာ နောက်ကျသွား စောစောကတည်းက ဖတ်ဖြစ်ဖို့ကောင်းတာ၊ ရွှေရေး စာအု





က အချစ်ဝတ္ထုသန့်သန့်ပေမယ့် အဲဒီထဲမှာ လူငယ်တွေ အတွက် စိတ်ဓာတ်ခွန်အားကို ပေးနိုင်တဲ့ စာသားတွေ စကားလုံးတွေပါတယ်လေ၊ message ကလေးတွေ ပါ,ပါ တယ်၊ ကိုယ် မသိသေးတဲ့ ဗဟုသုတကလေးတွေ ထည့်ထား တယ်၊ လူတစ်ယောက် အောင်မြင်တယ်ဆိုတာ လွယ်လွယ် ကလေးမှ မဟုတ်တာဗျာ၊ အကောင်းဆုံးလုပ်ထားတဲ့ အလုပ်တစ်ခုရဲ့ နောက်ဆက်တွဲအဖြစ် အကောင်းဆုံးရ လာဒ်တစ်ခု အမြဲရှိနေတယ်ဆိုတာ ကိုယ် ယုံတယ်လေ"

"အို . . . ကျေးဇူးပါပဲ ကိုရန်မခရယ်၊ ကျွန်မ တော်တော် မြှောက်နေပါပြီ"

"ဒီနေ့ ရွှေရေး ဘာအစီအစဉ်ရှိသလဲဟင်"

"အင်း . . .၊ ကျွန်မ မိတ်ဆွေတစ်ယောက်နဲ့ ဒီနေ့ နေ့ လယ်စာအတူစားဖို့ ချိန်းထားတယ် ကိုရန်မခ"

ရွှေရေးအဖြေကြောင့် သူ့မျက်နှာတစ်မျိုးတော့ ဖြစ် သွားသည်။ မတတ်နိုင်ပါ . . .။ ရွှေရေးသည် လှို့ဝှက်ချက် မပါ သော၊ မာယာ မပါသော မိန်းကလေးမျိုးဖြစ်သည်။ တစ်စုံတစ် ယောက်ကို လိမ်ညာရမှာ ရွှေရေး မကြိုက်။ ရိုးသားပွင့်လင်းစွာ ပြောပြလိုက်ခြင်းကြောင့် ရရှိသော စိတ်ချမ်းသာမှု၊ လိပ်ပြာလုံခြုံမှု





www.burmeseclassic.com

www.burmeseclassic.com

ကိုသာ အလိုရှိပါသည်။

“အိုကေလေ . . . ကိုယ်လည်း ဒီနေ့ အလုပ်ကိစ္စ ချိန်းထား တာလေးတွေရှိပါတယ်၊ ရွှေရေးအတွက် comment လေး လာပေးရုံသက်သက်ပါ၊ ဒါဆို ကိုယ်နှုတ်ဆက်ခဲ့ပြီနော် Enjoy your lunch”

သူ နှုတ်ဆက်ပြီး ပြန်သွားတော့ ရွှေရေး စာဆက်ရေး ဖို့ စိတ်ကူးပေါ်လာသဖြင့် ဆက်ရေးနေလိုက်သေးသည်။ တစ်နာရီ အတိမှာ တစ်ယောက်ယောက်က ကိုယ့်ကို ကြည့်နေသလို ခံစားမိ တာကြောင့် ရွှေရေးမော့ကြည့်လိုက်သည်။ ဘေးနားက စားပွဲတစ် မှာ ငြိမ်ငြိမ်ကလေးထိုင်နေကာ အသံမပေး၊ ဘာမပေးနှင့် စိုက် ကြည့်လျက်ရှိသော ကိုခွဲကပုင်ကိုမြင်တော့ ရွှေရေး သူ့ကို အားနာ သွားပါ၏။

“အို . . . ရောက်နေတာကြာပြီလား ကိုခွဲ”

“သိပ် မကြာသေးပါဘူး၊ ရွှေရေး စျာန်ဝင်ပြီး စာရေးနေ တာကို အနှောင့်အယှက်မပေးချင်တာနဲ့ ထိုင်ကြည့်နေမိတာ ပါ၊ ဂန္ဓဝင်မြောက် ပန်းချီကားတစ်ချပ်ကို ငေးကြည့်ရသလို ပဲ . . . အဓိပ္ပာယ်ရှိပါတယ်”

ရွှေရေး ရှက်ပြုံးကလေးပြုံးမိသည်။ ဒီစကားမျိုး ကိုရန်မခ,လည်း ပြောဖူးသည်ကိုး။ ယောကျ်ားတွေဟာ မိန်းကလေး တစ်ယောက်ကို မြောက်ပင့်ချင်လျှင် ဂန္ဓဝင်မြောက် ပန်းချီကား ချပ်နှင့်များ ခိုင်းနှိုင်းတတ်ကြသလားမသိ . . .။

“ဗိုက်ဆာပြီလား ရွှေရေး . . .”

“ဟုတ်ကဲ့ . . . ဆာတော့ ဆာနေပြီ”

“ဘယ်မှာစားချင်လဲဟင် . . . ဒီနားက Royal Garden ကိုပဲ သွားလိုက်မလားလို့”

“ကောင်းပါတယ် . . . ကျွန်မ ကြိုက်ပါတယ်”

“ဒါဆို သွားစို့လေ . . .”

ကိုယ့်ကားနှင့်ပင် Royal Garden ဘက် ကူးခဲ့သည်။ မဆီမဆိုင် ရန်မခကိုတောင် သတိရမိလိုက်သေးသည်။ သူနှင့်ကျ တော့ လူငယ်ကလေးတွေလို တုတ်ထိုးထိုင်စားရတာ အရသာတစ် မျိုးပေါ့လေ။ ကိုခွဲနှင့်ကျတော့ သူ့ပုံစံက တည်ငြိမ်ရင့်ကျက်မှုတစ်မျိုး နှင့် ZKB Group ၏ CEO ဆိုသော အရှိန်အဝါကလည်း ရှိသေး တော့ ကြေးအိုးသောက်ချင်ပေမယ့် ဖွင့်မပြောဖြစ်တော့ . . .။

Royal Garden ရောက်တော့ သူက သီးသန့်ခန်း သတ်သတ်မှာပါသည်။ ပြီးတော့ မီနူးစာအုပ်ကို ရွှေရေးရှေ့ ချပေး ကာ . . .


www.burmeseclassic.com

www.burmeseclassic.com

"ရွှေရေး စားချင်တာမှာနော် . . ."

ဟု . . . ဆိုသည်။ ရွှေရေးကြိုက်တာလေးတွေ ရွှေ မှာလိုက်ပြီး ဝိတ်တာကလေး ထွက်သွားချိန်တွင် သူက ရွှေရေးရှေ့ မှာရှိနေသော ပန်းကန်လုံးနှင့်တူတွေကို သိမ်းပေးပြီး . . .

"ပန်းကန်နဲ့ ဇွန်းခက်ရင်းနဲ့ စားမယ်မှလား ရွှေရေး"

ဟု . . . ဂရုတစိုက်မေးသည်။

"ဟုတ်ကဲ့ . . ."

ခဏအကြာမှာ စားပွဲထိုးကလေးက ပန်းကန် ပြားတွေ . . . ဟင်းချိုခွက် ဇွန်းခက်ရင်းတွေ လာချပေးလျှင် သူက ပဝါ ဖြူဖြူကလေးနှင့် ရွှေရေးအတွက် ပန်းကန်တွေကို သေချာ ပွတ် တိုက်သုတ်ပေးပါ၏ . . .။ အဲဒီ ပဝါဖြူဖြူသည် Restaurant က ပုဝါမဟုတ်။ သူ့အိတ်ထဲမှာ အဆင်သင့် ထည့်ယူလာခဲ့ပုံရသည်။ ပန်းကန်ခွက်နှင့် ဇွန်းခက်ရင်းတို့ကို စီစီရီရီ ညီညီ ညာညာ ချပေး နေပုံက စိတ်ရှည်လက်ရှည် . . .။ သူ့ကြည့်ရတာ တမင်သက်သက် ဟန်လုပ်ပြီး လုပ်ပေးနေတာမျိုး မဟုတ်ဘဲ သူလုပ်နေကျမို့ အကျင့်ပါနေသလိုမျိုး။ ဘာလို့လဲဆိုတော့ ရွှေရေးနှင့် စကားပြော နေရင်းမှာတောင် သူ့လက်တွေက စားပွဲပေါ်ရှိ ခွက်တွေ ပန်းကန် တွေကို သုတ်ပြီး သူ့နေရာနှင့်သူ စီစီရီရီ ပြန်ထားနေခဲ့သည်။ သူ့ကို





ကြည့်ရတာကိုက စိတ်ဝင်စားစရာ။

"ကိုဇွဲက အသန့်အပြန့် ကြိုက်ပုံရတယ်နော် . . ."

"ဟုတ်ကဲ့ . . . ကျွန်တော်က OCD သမားလေ၊ Obsessive Compulsive Disorder ပေါ့၊ စားပွဲတွေဆို ပြောင်လက် သန့်စင်နေမှ၊ စာအုပ်စာတမ်းတွေ . . . ဖိုင်တွေဆိုရင် တထပ်တည်း စီရီညီညာနေမှ . . .၊ ခွက်တွေ ပုလင်းတွေ ဗူးတွေဆိုလည်း သူ့အစီအစဉ်အတိုင်း စနစ်တကျ ညီညီညာ ညာရှိမှ . . . လက်ကို Antibacterial hand wash ကလေးနဲ့ တစ်နေ့ကို အကြိမ်ပေါင်းများစွာ ဆေးတယ်"

"အဲဒီ ဇာတ်ကောင်စရိုက်မျိုး ကျွန်မဝတ္ထုထဲမှာ ထည့်မရေးရ သေးဘူးရှင့်၊ အဲဒါမျိုး ထည့်ရေးရမယ်၊ ကျွန်မက ရေးရင် Character conflict တွေ ရေးနေကျဆိုတော့ မင်းသားက စနစ်တကျ အသန့်အပြန့်သမားဆို မင်းသမီးကို ဖြတ်စ,ဂျင်း တောင်း ညစ်တီးညစ်ပတ်ကလေးပေါ့"

"ရွှေရေးကတော့ အပြင်မှာ ဖြတ်စ,ဂျင်းတောင်း၊ ညစ်တီး ညစ်ပတ် မဟုတ်ဘူးမှလား၊ လူပုံကြည့်လိုက်တာနဲ့ သိသာပါ တယ်၊ လှလှပပ သန့်သန့်ပြန့်ပြန့်ကလေးပါ"

"မပြောနိုင်ဘူးလေ . . . ကျွန်မလည်း တစ်ခါတစ်လေ တော့




www.burmeseclassic.com

www.burmeseclassic.com

အပေအတေကလေးပေါ့"

"မထင်ပါဘူးဗျာ . . ."

ဟင်းပွဲတွေ လာချတော့ . . . သူက ဟင်းတွေကို ရွှေရေးပန်းကန်ထဲ ဂရုတစိုက် ထည့်ပေးတတ်ကာ . . .

"ဘာလိုသေးလဲဟင် . . . စားကောင်းရဲ့လား"

ဟု . . . မကြာခဏမေးတတ်တာကို ရွှေရေး သတိထားမိရသည်။ သူက အရမ်းဂရုစိုက်တော့ ရွှေရေးက ကိုယ့်ကိုယ်ကိုယ် ကလေးလေးသဖွယ် ခံစားရပါ၏။ လူတစ်ယောက်က ကိုယ့်ကို အရိပ်တကြည့်ကြည့် ကြည့်ကာ လိုလေသေးမရှိအောင် ဂရုစိုက်တာ ခံရလျှင် မိန်းကလေးတစ်ယောက်အဖို့ သာယာတိမ်းမူးမိတာတော့ အမှန်ပါ . . .။ သူ့ပုံစံက ရင့်ကျက်တည်ငြိမ်သော လူကြီးလူကောင်းတစ်ယောက်ပုံစံ . . . လုံးဝ အတည်အခန့် အလေးအနက် . . . သူနှင့်ဆုံတိုင်း ဖြူစင်ကော့ပြန့်နေသော ကော်လာကတုံး ရှပ်လက်ရှည်ကို ကြယ်သီးစေ့တပ်ကာ အကြေရာ အစွန်းအထင်း လုံးဝမရှိ။ လည်ပင်းက ကြယ်သီးက စိန်ပွင့်ကလေး . . .။ ပုဆိုးဝတ်ထားပုံက စွန်းထွက်ရွဲ့စောင်းတာ မရှိ။ တိတိကျကျ . . . သပ်သပ်ရပ်ရပ်၊ ကတ္တီပါခင်း ဖိနပ်သွားညိုရောင်ဝတ်ထားသည်မို့ ခြေထောက်များက အစ သန့်ပြန့်လို့။





"ရွှေရေးကို ကျွန်တော် တစ်ခုမေးချင်တယ် . . . ကျွန်တော့်မေးခွန်းက ဘောင်ကျော်သွားမယ်ဆိုရင် ရွှေရေး မဖြေချင်ဘူးဆိုရင် မဖြေပါနဲ့နော် . . . ရပါတယ်၊ ကျွန်တော်သိချင်ရုံ သက်သက်ပါ"

ဟု . . . သူက စကားစတော့ ရွှေရေးက သူ့မျက်နှာဆီ လှမ်းကြည့်လိုက်သည်။

"မေးပါ ကိုဖွဲ့ . . ."

"ရွှေရေးမှာ ချစ်သူများ ရှိသလားလို့ပါ . . ."

ရွှေရေး ပြုံးမိသွားသည်။ မေးမယ့်မေးတော့လည်း တည့်တိုးကြီးပါလားကွယ်။

"ကျွန်မ ဘယ်လိုဖြေရမလဲ၊ ဒီအရွယ်ရောက်နေတဲ့ မိန်းကလေးတစ်ယောက်မှာ ချစ်သူမရှိဘူးဆိုရင် ယုံကြပါ့မလား မသိဘူး၊ အဲဒီတော့ ရှိတယ်လို့ပဲ ဖြေပါ့မယ်၊ ကျွန်မကို ချစ်တဲ့သူတွေပေါ့၊ ကျွန်မကတော့ ပြန်မချစ်ရသေးဘူးပေါ့၊ လူတစ်ယောက်ကို ချစ်သူအဖြစ် လက်တွဲလိုက်ဖို့ဆိုတာ ကျွန်မအတွက်တော့ စွန့်စားခန်းတစ်ခုပဲ ကိုဖွဲ့ရဲ့၊ ကျွန်မ လူရွေးမမှားချင်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မဘဝအတွက် ဒီလူကို မရှိလို့ကို မဖြစ်တော့လောက်အောင် လိုအပ်မှ သူ




www.burmeseclassic.com

www.burmeseclassic.com

ဘက်ကလည်း ကျွန်မ မရှိရင် သူ့ဘဝမှာ မဖြစ်နိုင်ဘူးဆိုတဲ့ လိုအပ်မက်မောမှုရှိမှ . . . အဲဒီလူကို ချစ်သူအဖြစ် ရွေးချင်တယ်၊ အဲဒီချစ်သူကိုပဲ လက်ထပ်ချင်တယ်၊ ရိုးမြေကျ လက်တွဲချင်တယ်၊ အချစ်ဆိုတာ ချစ်တယ်လို့ အယောင်ဆောင်ထားတဲ့ မက်မောမှုတစ်မျိုးလည်း ဖြစ်နိုင်သေးတယ်လေ၊ လူတစ်ယောက်ကို ကိုယ့်ကိုယ်ကိုယ် ချစ်မြတ်နိုးတန်ဖိုးထားသလိုမျိုး ချစ်နိုင်တော့မှပဲ ကျွန်မ ပြန်ချစ်မယ်၊ ဒါကြောင့် ခုချိန်ထိ ကျွန်မဘေးမှာ ကျွန်မရဲ့ ချစ်သူအဖြစ် တရားဝင်ရပ်နေတဲ့ လူမျိုး မရှိသေးတာပေါ့၊ ကျွန်မက အချစ်ဆိုရင်လည်း တော်ရုံတန်ရုံ သာမန်အချစ်မျိုးကို မလိုချင်ဘူးလေ၊ လူတကာ စံပြုရလောက်တဲ့ အကောင်းဆုံးအချစ်မျိုးပဲ လိုချင်တယ်၊ အဲဒီအတွက် ဘယ်လောက်ပဲ စောင့်ရစောင့်ရ စောင့်နိုင်တယ်၊ ကိုယ့်ဘက်ကလည်း တန်ဖိုးအရှိဆုံး အကောင်းဆုံး အချစ်မျိုးပဲ ပြန်ပေးမှာဆိုတော့လေ ထိုက်တန်ချင်တယ်"

သူကပဲ တိတ်ဆိတ်လေးနက်စွာ စိတ်ဝင်တစား နားထောင်ပေးနေခဲ့လို့လား မသိ။ ရွှေရေးက စိတ်ပါလက်ပါပင် ပြောပြမိသွားသည်။ သူ့နှုတ်ခမ်းပေါ်တွင် ကျေနပ်နှစ်သိမ့်သော အပြုံးတစ်စ, ခိုတွယ်လာခဲ့သည် . . .။

"ရွှေရေးရဲ့အဖြေကို ကျွန်တော် တကယ် impress ဖြစ်ပါတယ်၊ စာရေးဆရာမပီပီ ပြောသွားပုံက ကဗျာဆန်လိုက်တာ၊ ခုလို သိထားခွင့်ရတာ ကျွန်တော် အရမ်း ကျေနပ်ပါတယ်၊ အချိုပွဲ ဘာစားမလဲ ရွှေရေး၊ မီနူးလေးကြည့်ပါဦး၊ သစ်သီးစုံနဲ့ ကော်ဖီလေးဆို ကောင်းမယ်နော်"

"အိုး . . . ကျွန်မ တကယ် မနိုင်တော့ဘူး၊ ဗိုက်ပြည့်နေပြီ၊ ဒီလောက်ကောင်းတဲ့ နေ့လယ်စာအတွက် ကျေးဇူးပါ ကိုဖွဲ့၊ နောက်တစ်ကြိမ်တော့ ကျွန်မ ပြန်ကျွေးပါရစေ"

"ကျွေးပါဗျာ . . . ကျွန်တော် စားပါမယ်၊ ရွှေရေးအတွက် ဒါလေးက Alondra အရောင်ချွတ်ဆေးလေးပါ၊ မလျှော်ခင် တစ်နာရီလောက်အလိုမှာ ဖြန်းထားလိုက်ရင် အတော်ပါပဲ၊ ဒါလေးကတော့ အခု သုံးဖို့ပါ"

သူက အထုပ်ကလေးနှစ်ထုပ် လှမ်းပေးသည်မို့ ရွှေရေးက အခုသုံးဖို့ဆိုသည့် အထုပ်ကလေးကို အရင် ဖွင့်ကြည့်လိုက်သည်။ ဖြူလွလွ လက်ကိုင်ပုဝါကလေးနှင့် Estee Lauder နှုတ်ခမ်းဆိုးဆေးဗူးကလေးတစ်တောင့် . . .။ သူ့ကို ပြန်ကြည့်လိုက်တော့ ငွေရောင်ဗူးဝိုင်းကလေးကို အသာဖွင့်ကာ အထဲက မှန်ဝိုင်းကလေး ထောင်ပြပေးထားလေသည်။


www.burmeseclassic.com

www.burmeseclassic.com

"အစားစားပြီးတော့ နှုတ်ခမ်းနီတွေ ပျက်ကုန်ပြီလေ"

"အိုး . . . ၊ ကိုဇွဲက အဲဒီလောက်တောင် သိတတ်ပါလား"

ရွှေရေးကတော့ အစာစားပြီးတိုင်း နှုတ်ခမ်းနီ ပြန်ဆိုးလေ့မရှိတတ်ပါ။ သူက မှန်ဝိုင်းကလေးလှမ်းပေးနေတာမို့ ယူလိုက်ပြီး နှုတ်ခမ်းပေါ်က နှုတ်ခမ်းနီလက်ကျန်တွေကို ပုဝါဖြူကလေးနှင့် သုတ်လိုက်ပြီးမှ အသစ်ပြန်ဆိုးလိုက်ပါ၏။ အရောင်လေးက ရွှေရေးအကြိုက် . . . RICH BERRY အရောင်စိုစိုကလေးပါ။ အဲဒီလောက် အလိုက်တသိရှိတတ်လွန်းသော ယောကျ်ားလေးမျိုးတော့ ရွှေရေး တကယ်မကြုံဖူးခဲ့တာမို့ ရွှေရေးအတွက် ဆန်းသစ်သော ခံစားမှုကလေးတစ်ခု ရလိုက်တာအမှန်ပါ . . . ။

"ညကျရင် ရွှေရေးကို ကျွန်တော် ပဟေဠိကလေးတစ်ခု လုပ်စရာရှိတယ်၊ အရမ်းအံ့ဩစရာကောင်းတဲ့ အဖြေအတွက် ရွှေရေး ကျေနပ်နှစ်သိမ့်မှု ရစေရမယ်လို့ ကျွန်တော် အာမခံပါတယ်၊ ဘယ်အချိန်လောက် ကျွန်တော် ဖုန်းဆက်လိုက်ရမလဲဟင်"

"ကိုးနာရီလောက်ဆို အဆင်ပြေပါတယ် ကိုဇွဲ၊ ကျွန်မ ပဟေဠိတွေကို စိတ်ဝင်စားတတ်ပါတယ်"

"ကျွန်တော်ရောပဲ . . . ဒါဆို အဖော်ရပြီပေါ့၊ အင်တာနက်ထဲက ပဟေဠိကလေးတွေရှာပြီး ရွှေရေးကို ပဟေဠိ အဖြေညှိတာပေါ့နော်"

ပြန်ခါနီးမှာ သူက ရွှေရေးကားအထိ အတူလိုက်လျှောက်လာပြီး ကားတံခါးကိုဖွင့်ပေးတာ ပြန်ပိတ်ပေးတာမျိုး လုပ်ပေးသေးသည်။ ရွှေရေး ကားထွက်လာသည်အထိ သူ ရပ်စောင့်ကြည့်ကာ ကျန်ရစ်ခဲ့၏။

■ ■ ■


www.burmeseclassic.com

www.burmeseclassic.com

ကိုးနာရီအတိမှာ ဖုန်းမြည်လာတာနှင့် အဲဒါ ကိုဇွဲ ပဲ ... ဟု ရွှေရေး သေချာပေါက် တွက်လိုက်သည်။ သူ ပဟေဠိ အတွက် ဆက်မယ်လို့ ပြောထားတယ်လေ။

"ဟယ်လို ..."

"ရွှေရေး ဘာလုပ်နေလဲ ..."

"ကျွန်မ ဖုန်းစောင့်နေတာပေါ့ ..."

"ဘယ်သူ့ဆီက ဖုန်းကို စောင့်နေတာလဲ ရွှေရေး"

"ခဏလေး ... အခုပြောနေတာ ဘယ်သူလဲ"

"ကိုယ် ရန်မခပါ ... ရွှေရေး၊ ရွှေရေးမျှော်နေတဲ့ ဖုန်းက ကိုယ့်ဆီကတော့ မဟုတ်လောက်ဘူး ထင်တယ်နော်"

"သြော် ... ကိုရန်မခလား၊ ပြောလေ၊ ကျွန်မက အသိ တစ်ယောက် ကိုးနာရီမှာဆက်မယ်လို့ ကြိုပြောထားလို့ စောင့်နေတာပါ"

"ကိုယ်က ဒီအတိုင်းပဲသတိရလို့ လှမ်းဆက်လိုက်တာပါ၊ ကိုယ် ခဏလောက် ဆက်ပြောရမလား၊ ဖုန်းချပေးရမလား"



ရွှေရေး နည်းနည်း စိတ်ရှုပ်သွားရပါ၏။ ခုတလောမှ သူတို့နှစ်ယောက် ဘာကြောင့် ရွှေရေးဆီမှာ တိုက်တိုက်ဆိုင်ဆိုင် ခြေချင်းလိမ်နေကြပါလိမ့် ...။

"ဒါဆိုရင် ဒီလိုလုပ် ကိုရန်မခ ... ကျွန်မ အသိနဲ့ အရင် စကားပြောလိုက်မယ်၊ ပြီးရင် ကိုရန်မခဆီ ကျွန်မ ပြန်ဆက် လိုက်မယ်လေ"

"အိုကေ ... ကိုယ် စောင့်နေမယ်နော်"

ကိုရန်မခ ဖုန်းချသွားပြီးတာနှင့် mobile ကလေး က ချက်ချင်း ပြန်မြည်လာခဲ့သည်။ ဒီတစ်ခါတော့ ကိုဇွဲ ...။

"ဟယ်လို ..."

"ကျွန်တော်ဆက်နေတာ ကိုးနာရီအတိကတည်းက ရွှေရေး၊ busy ဖြစ်နေလို့ပါ"

"ဆောရီးပဲ ... ကိုဇွဲ၊ သူငယ်ချင်းတစ်ယောက်ရဲ့ ဖုန်း ဝင်လာလို့ပါ၊ ကဲ ... ပဟေဠိကလေး ပြောမယ်ဆို"

"တကယ် စိတ်ဝင်စားနေတာပါလား၊ ကဲ ... စပါပြီ ဗျာ"

ရွှေရေးက စိတ်ဝင်တစား နားထောင်နေမိပါ၏။ အံ့သြစရာအဖြစ်ပါပဲ။ ကိုယ်နှင့် ဘယ်လိုမှ ပတ်သက်ဖို့အကြောင်း မရှိခဲ့သော ... အဝေးကြီးဟု ထင်ထားခဲ့သော မြန်မာပြည်စီးပွား


www.burmeseclassic.com

www.burmeseclassic.com

ရေးနယ်ပယ်ရှိ အထင်ကရ ပုဂ္ဂိုလ်တစ်ဦးနှင့် အခုလို တရင်းတနှီး ဖုန်းပြောခွင့်ရနေသောအဖြစ်သည် ရွှေရေးအတွက်တော့ အိပ်မက်တစ်ခုလိုပါပင်။

"ဒါလေးက ပဟေဠိဆိုတာထက် TIBETAN PERSONALITY TEST ကလေးတစ်ခုပါ ရွှေရေး၊ အချိန်လေးပေးပြီး ဖြေပေးရင် ရွှေရေးအတွက် အံ့သြစရာကောင်းမှာပါ။ စိတ်ဝင်စားဖို့လည်း ကောင်းတယ်၊ မေးခွန်းကလေးခုတည်းပါ၊ အဖြေတွေက ရွှေရေးအတွက် surprise လုပ်ပေးလိမ့်မယ်၊ ရိုးသားရမယ်၊ အဖြေတွေကို အရင် မကြည့်ရဘူး၊ ကျွန်တော်ကလည်း နောက်ဆုံးကျမှ အဖြေကို ပြောမှာပါ၊ ကဲ ... စပြီနော်၊ ရွှေရေးဆီမှာ စာရွက်နဲ့ဘောလ်ပဲန်ကလေး အဆင်သင့်ယူထားပါ၊ အဖြေတွေကို စာရွက်မှာချရေးဖို့ လိုလိမ့်မယ်"

"အိုကေ ..."

ရွှေရေးက စားပွဲပေါ်က စာရွက်နှင့်ဘောလ်ပဲန်ကို ယူထားလိုက်ရင်း နှုတ်ခမ်းကလေးပင် စိတ်လှုပ်ရှားစွာ ပြုံးလာခဲ့သည်။

"ရွှေရေးခေါင်းထဲကို ပထမဆုံး ဝင်လာတဲ့ အဖြေဟာ





အကောင်းဆုံးပဲနော် ... ကဲ စပြီ ... နံပါတ် (၁) က အခု ကိုယ်ရွတ်ပြမယ့် သတ္တဝါငါးမျိုးကို ရွှေရေး စိတ်ကြိုက် အနှစ်သက်ဆုံးကို အစဉ်လိုက် ချရေးလိုက်နော်၊ နွား၊ ကျား၊ သိုး၊ မြင်း၊ ဝက် ပေါ့"

ရွှေရေးက သတ္တဝါတွေထဲမှာ အနှစ်သက်ဆုံးက သိုးမို့ သိုးကနေစပြီး မြင်း၊ နွား၊ ကျား၊ ဝက် ဆိုပြီး အစဉ်လိုက်ရေးချလိုက်ပါသည်။ ဘာမှန်းတော့ မသိ ...။

"ပြီးပြီလား ရွှေရေး ..."

"ဟုတ် ... ပြီးပြီ"

"ပြီးရင် ဒုတိယမေးခွန်းလာမယ်နော်၊ အခု ကိုယ်ပြောမယ့် သတ္တဝါတွေအတွက် ရည်ညွှန်းတဲ့အဓိပ္ပာယ်တစ်ခုစီ ရေးချပေးပါဦး၊ ခွေး ကြောင် ကြွက် ကော်ဖီနဲ့ ပင်လယ်"

ရွှေရေး ပို၍ ပြုံးလာမိသည်။ ပြုံးရင်းနှင့် ကိုယ့်စိတ်ထဲရှိတဲ့အတိုင်း ချရေးလိုက်ပါ၏။

ခွေး - သစ္စာရှိသော၊ ကြောင် - ချစ်စရာကောင်း သော၊ ကြွက် - အသည်းယားစရာကောင်းသော၊ ကော်ဖီ - စိတ်ကို လန်းဆန်းတက်ကြွစေသော၊ ပင်လယ် - စိတ်လွတ်လပ်ကြည်လင် ပျော်ရွှင်စေသော ... ဟု။





www.burmeseclassic.com

www.burmeseclassic.com

"ပြီးပြီ ကိုဇွဲ . . ."

"အိုကေ . . . တတိယမေးခွန်းက လူတစ်ယောက်ကို တွေးကြည့်လိုက်၊ သူကလည်း ရွှေရေးကိုသိရမယ်၊ ရွှေရေးအတွက်လည်း အရေးကြီးတဲ့လူ ဖြစ်ရမယ်၊ အဲဒီလူတွေကို ကိုယ်အခုပြောမယ့် အရောင်တွေနဲ့ တွဲစပ်ပေးပါ၊ အဖြေကို နှစ်ခါမထပ်စေနဲ့နော်၊ အရောင်တစ်ရောင်အတွက် လူတစ်ယောက်ရဲ့ နာမည်ကို ချရေးလိုက်ရုံပဲ"

"ဟုတ်ပြီ . . . ပြော ကိုဇွဲ"

"အဝါ . . ."

ရွှေရေးက အဝါရောင်ကို သူငယ်ချင်းတွေထဲက ခေးခေးနာမည် ချရေးလိုက်သည်။

"လိမ္မော် . . ."

လိမ္မော်ရောင်အတွက်တော့ မေမေပေါ့။

"အနီ . . ."

အနီကတော့ ရဲရင့်ပြီး ရွှေရေးရဲ့ သူရဲကောင်း ဟု ရွှေရေးထင်သော ဖေဖေပါ။

"အဖြူ . . ."

အဖြူကျတော့ ရွှေရေးစိတ်ထဲ ရုပ်အကျီအဖြူဆွတ်ဆွတ် အမြဲဝတ်လေ့ရှိသော ကိုဇွဲကိုပဲ သူမသိအောင် တိတ်တဆိတ် ချရေးထားလိုက်ပါ၏။

"အစိမ်း . . ."

အင်း . . . အစိမ်း အတွက်တော့ ပြန့်ပြူးစိမ်းဖန့်သော လွင်ပြင်ကျယ်တစ်ခုလို လွတ်လပ်ပေါ့ပါးမှုကို ပေးနိုင်စွမ်းသော ကိုရန်မခပေါ့။ ကဲ . . . ဘယ့်နှယ့်ရှိစ။ ဘယ်လို အဖြေမျိုးတွေ ထွက်လာမယ်တော့ မသိပါ။

"ကဲ . . . နောက်ဆုံးမေးခွန်းကတော့ ရွှေရေးရဲ့ အနှစ်သက်ဆုံး နံပါတ်တစ်ခုနဲ့ အနှစ်သက်ဆုံး တစ်ပတ်ထဲက နေ့တစ်နေ့ကို ချရေးလိုက်ရုံပါပဲ"

အဲဒါကတော့ ရွှေရေးအတွက် အလွယ်ဆုံးပါပဲ။ နံပါတ်က '၈' ဖြစ်ပြီး . . . နေ့ကတော့ စနေနေ့ပေါ့။ စာသွားမရေးတဲ့ရက် အနားယူရင်း သူငယ်ချင်းတွေစုကာ စားသောက်ဝိုင်းဖွဲ့ပျော်ရွှင်ရသော နေ့တစ်နေ့မို့ပါ . . .။

"ကဲ . . . ပြီးပြီဆိုရင် အဖြေတွေလာတော့မယ်၊ ဒီ အဖြေတွေဟာ ရွှေရေးတကယ့်လိုချင်တဲ့ အရာတွေပဲနော်၊ နံပါတ်တစ်ရဲ့ အဖြေတွေဟာ ရွှေရေးရဲ့ဘဝမှာ အဓိကအရေးပါတဲ့ priorities တွေကို အဓိပ္ပာယ်ဖွင့်ဆိုထားတာပါ၊ အစဉ်လိုက်


www.burmeseclassic.com

www.burmeseclassic.com

မှာ နံ့ပါတ်တစ်ခုကို ရွှေရေး ဘာရေးထားလဲ"

"သိုးပါ . . ."

"သိုးရဲ့အဓိပ္ပာယ်က ချစ်ခြင်းမေတ္တာတဲ့၊ ရွှေရေးဘဝမှာ အရေးကြီးဆုံးက ချစ်ခြင်းမေတ္တာပါ"

"wow . . ."

ရွှေရေး မျက်နှာကလေးတစ်ခုလုံး ပူနွေးရှိန်းမြသွားခဲ့သည်။ အချစ်ဝတ္ထုတွေရေးနေတဲ့ စာရေးဆရာမ,ဆိုတော့လည်း ချစ်ခြင်းမေတ္တာဆိုတဲ့အရာက ရွှေရေးအတွက် အရေးပါအဓိက,ကျတာ မဆန်းပါဘူးလေ။

"သိုးပြီးတော့ ဒုတိယက ဘာကိုရွေးထားလဲ ရွှေရေး"

"မြင်း . . ."

"မြင်းရဲ့အဓိပ္ပာယ်က မိသားစုတဲ့"

"အိုး . . .၊ ဟုတ်မှာပါ . . .၊ မိသားစုဘဝကလေးကို ကျွန်မ တန်ဖိုးထားပါတယ်၊ တတိယက နွား . . ."

"နွားကတော့ အသက်မွေးဝမ်းကျောင်းမှုကို ဖော်ညွှန်းတယ် . . . ရွှေရေးဘဝအတွက် တတိယမြောက် အရေးပါသော အရာက အသက်မွေးဝမ်းကျောင်းမှုပေါ့၊ စတုတ္ထက ဘာလဲ . . ."



"ကျား . . . ပါ"

"ကျားကတော့ ဂုဏ်သိက္ခာတဲ့ . . . နောက်ဆုံးက ဝက် ပေါ့၊ ဝက်ကတော့ ငွေကြေးပါ၊ ရွှေရေးအတွက် ငွေကြေးက နောက်ဆုံးပေါ့ . . . ဟုတ်လား"

"ဟုတ်မှာပါ . . . ကျွန်မ ပိုက်ဆံဆိုတာကို သိပ်မမက်မောတတ်ဘူး၊ ထိုက်တန်တဲ့ အတိုင်းအတာတစ်ခုထိပဲ လိုချင်တယ်၊ အများကြီး လောဘမကြီးတတ်ဘူး၊ ငွေကြေးက လူကို ပြန်နိုင်းတာမျိုးကို ဘယ်တော့မှ အဖြစ်မခံနိုင်ဘူး . . .၊ လူက ငွေကို အသုံးချပြီး ကိုယ့်ဘဝ စိတ်ချမ်းသာ ချမ်းမြေ့မှုကို ရှာဖွေတာမျိုးပဲဖြစ်ချင်တယ်၊ ငွေနဲ့ ဝယ်လို့မရတာတွေ တန်ဖိုးမဖြတ်နိုင်တဲ့အရာတွေ အများကြီးပါ၊ အဲဒါတွေကို ကျွန်မသိအောင် ကြိုးစားတယ်၊ ပိုတန်ဖိုးထားပါတယ်၊ ဥပမာ ကိုယ့်မိဘပြီးတော့ မိတ်ဆွေသူငယ်ချင်းတွေပေါ့"

"လေးစားပါတယ် ရွှေရေး . . .၊ ဒီအဖြေတွေက ရွှေရေးရဲ့ Personality ကို ဖော်ကျူးပြီးသားပါ၊ အခုလို သိခွင့်ရတာ ကျွန်တော် အရမ်းပျော်တယ်၊ တကယ်ပါ"

"အဖြေ (၂)ကို ပြောဦးလေ . . ."

"လာမယ်လေ . . . ကဲ 'ခွေး'ကို ရွှေရေး ဘယ်လို အဓိပ္ပာယ်



www.burmeseclassic.com

www.burmeseclassic.com

ဖွင့်ထားလဲ"

"သစ္စာရှိသော . . ."

"အဲဒါ ရွှေရေးရဲ့ own personality ပါပဲ၊ ကြောင်ကိုရော"

"ကြောင်ကတော့ 'ချစ်စရာကောင်းသော' လို့"

"အဲဒါ ရွှေရေးရဲ့ partner ဖြစ်လာမယ့်သူရဲ့ အရည်အသွေးပါ"

"ကြွက်ကိုတော့ အသည်းယားစရာကောင်းတယ်လို့ ရေးထားတယ်"

"ဟား ဟား . . . အဲဒါ ရွှေရေးရဲ့ ရန်သူတွေရဲ့ Personality ပေါ့"

"မှန်လိုက်တာရှင် . . . ကော်ဖီကိုတော့ စိတ်ကိုလန်းဆန်းတက်ကြွစေတယ်လို့ ကျွန်မ ဖြေထားတယ် . . ."

"အဲဒီအဖြေဟာ 'အချစ်'ဆိုတဲ့အရာကို ရွှေရေးဘာသာ ပြန်ထားတဲ့ အဓိပ္ပာယ်ပါ"

"အိုး . . ."

ရွှေရေး သဘောကျစွာ ရယ်မောမိသွားတော့သည်၊ သူနှင့် ဖုန်းပြောနေသောအဖြစ်ကို ရွှေရေး တကယ် နှစ်သက်ပျော်ဝင်လာခဲ့မိပါသည်။ ဘယ်လောက်တော်တဲ့ လူတစ်ယောက်လဲ၊



မိန်းကလေးတစ်ယောက်ကို စိတ်လှုပ်ရှား ပျော်ရွှင်အောင် သူ ပါးနပ်လိမ္မာစွာ ဆွဲဆောင်ညှို့ဖြုံထားနိုင်စွမ်းရှိသည်။ အဲဒီအချက်ကိုတော့ ရွှေရေး အသိအမှတ် ပြုရပါမည်။

"ကဲ . . . နောက်ဆုံး ပင်လယ်ကြီးကိုရော ရွှေရေး ဘယ်လို အဓိပ္ပာယ်ဖွင့်ထားလဲ"

"ပင်လယ်ဆိုတာ စိတ်လွတ်လပ်ကြည်လင်ပျော်ရွှင်စေသော နေရာတစ်ခုပေါ့"

"အဲဒါဟာ ရွှေရေးရဲ့ ကိုယ်ပိုင်ဘဝကို သရုပ်ဖော်ထားတဲ့ အဓိပ္ပာယ်ပါ ရွှေရေး"

"အိုး . . . ပျော်စရာကောင်းလိုက်တာ၊ အဖြေတွေက အရမ်းတိုက်ဆိုင်မှုရှိပြီး တကယ်အံ့ဩဖို့ကောင်းတယ်နော်၊ နံပါတ်သုံးအဖြေကို ကျွန်မ ပိုစိတ်ဝင်စားတယ် သိလား . . . ပြောပြပါဦး"

"အဝါရောင်က ဘယ်သူလဲ ရွှေရေး . . ."

"ကျွန်မရဲ့သူငယ်ချင်းတစ်ယောက်ပါ၊ ခေးခေးတဲ့ . . ."

"အဲဒါ ရွှေရေး ဘယ်တော့မှ မမေ့မယ့်သူတစ်ယောက်ပေါ့"

"မှန်ပါတယ် . . . ကျွန်မရဲ့ သူငယ်ချင်းတွေထဲမှာ ကျွန်မအပေါ် နားလည်မှုအရှိဆုံးနဲ့ အချစ်ရဆုံးပဲ"


www.burmeseclassic.com

www.burmeseclassic.com

"လိမ္မော်ရောင်ကရော ..."

"မေမေပါ ..."

"အဲဒါ ရွှေရေးအတွက် အစစ်မှန်ဆုံး သူငယ်ချင်းလို့ ရွှေရေ
လက်ခံထားတဲ့သူပါ"

"ဟုတ်တယ် ... အရမ်းမှန်တယ်၊ မေမေက ကျွန်မ ဘဝရဲ့ အစစ်မှန်ဆုံး သူငယ်ချင်းပါ၊ ရင်ဖွင့်ချင်သမျှ စိတ်ချလက်ချ ယုံယုံကြည်ကြည်နဲ့ ရင်ဖွင့်လို့ရတယ်၊ ဘဝရဲ့ အောင်မြင်မှု တွေ ပျော်ရွှင်စရာ ကြေကွဲစရာ စိတ်အားငယ်စရာတွေအား လုံးကို ကျွန်မနဲ့ အနီးကပ်ဆုံး မျှဝေခံစားပေးနိုင်စွမ်းရှိတာ ကျွန်မရဲ့ မေမေပဲ"

"ရွှေရေးနဲ့ကျွန်တော် ဒီအဖြေချင်းတူတယ်ဗျ၊ အဖြူရောင် ကရော ဘယ်သူများလဲ"

"ဟင့်အင်း ... မပြောပြဘူး၊ ဒါပေမယ့် အဖြေကိုတော့ ကျွန်မ သိချင်တယ်"

ရွှေရေးက အဖြူရောင်ကို သူ့အတွက် ရွေးထား တာကိုး။ အဲဒီ တဒင်္ဂကလေးမှာ ရွှေရေး၏ နှလုံးသားကလေး တလှပ်လှပ် ခုန်နေမှန်း ကိုယ့်ဘာသာကိုယ် သတိထားမိပါ၏။

"ဪ ... ဒီလိုလား၊ ကျွန်တော် မသိစေချင်တဲ့လူတ




ယောက်ဆိုပါတော့၊ ဟုတ်ပြီလေ ... ရွှေရေးရဲ့ လျှို့ဝှက် ချက်ကို ကျွန်တော် မမေးတော့ပါဘူး၊ အဲဒီလူဟာ ရွှေရေးရဲ့ twin souls ပါ၊ နှစ်ကိုယ့်တစ်စိတ်လို့ ခေါ်မလား၊ စိတ်ချင်း သိပ်နီးကပ် ဆက်သွယ်နေတဲ့လူပေါ့ ..."

ရွှေရေး တိတ်ဆိတ်စွာပင် နှုတ်ခမ်းကလေးကို အသာ အယာ ကိုက်ထားမိသည်။ အဲဒါဟာ တကယ်ပဲလား။

"ဟာ ... ကျွန်တော် အနီရောင်အတွက် အဖြေကျန်ခဲ့ တယ်၊ အနီရောင်ကရော ရွှေရေး ဘယ်သူ့ကို ညွှန်းတယ်ဆို တာ ကျွန်တော် သိခွင့်ရှိရဲ့လား"

"အင်း ရှိပါတယ် ... အဲဒါ ကျွန်မရဲ့ဖေဖေပါ၊ ကျွန်မရဲ့ HERO ပေါ့"

"ဟုတ်ပြီ ... အဲဒါ ရွှေရေး တကယ်ချစ်တဲ့သူပါ"

"အစိမ်းကရော ..."

"အစိမ်းအတွက် လူကတော့ ရွှေရေးဘဝတလျှောက်လုံးမှာ အမြဲတမ်း သတိတရရှိနေမယ့်လူပါ ... ဘယ်သူလဲလို့ ကျွန်တော် မမေးတော့ပါဘူးနော်"

သူက အလိုက်တသိပြောပါသည်။ အဲဒါ ကိုရန်မခ ပေါ့ကွယ်။ သူ့ကို ရွှေရေးဘဝတလျှောက် အမြဲ သတိတရ ရှိနေ



www.burmeseclassic.com

www.burmeseclassic.com

ရမယ်တဲ့လား။

"အဖြေလေးကတော့ ရွှေရေးရဲ့ အနှစ်သက်ဆုံး နံပါတ် အတိုင်း လူတွေဆီ ဒီ message ကို ပို့ပေးနိုင်ရင် ဒီမေး ခွန်းတွေကို မဖြေခင်မှာ ရွှေရေးကို ဆုတောင်းတစ်ခု တောင်းနိုင်းထားတယ်၊ အဲဒီဆုတောင်း ပြည့်မယ့်နေ့ဟာ ရွှေရေး ရေးချထားတဲ့ နေ့ရက်ဆိုပါတော့၊ တကယ်တော့ e-mail ကနေ message ပို့ပြီး ဝေရတာပါ။ ဒီ message ကလေးကို အခု ရွှေရေးဆီ ကျွန်တော် e-mail လုပ်လိုက်မယ် ဖုန်းနဲ့ လှမ်းလုပ်တာက ကျွန်တော် လူလည်ကျတာပါ ရွှေရေးရဲ့ PERSONALITY ကို သိချင်တာလည်း ပါပါ တယ်"

"ဪ ... စိတ်ဝင်စားဖို့ ကောင်းလိုက်တာ၊ ကျွန်မဆီ e-mail ပို့လိုက်ပါ၊ ကျွန်မ စာထဲ ထည့်ရေးချင်လို့ အဖြေတွေ က တကယ်အံ့ဩဖို့ကောင်းတယ်နော်၊ အခုလို စိတ်ဝင်စား စရာကောင်းတဲ့ moment လေးကို ဖန်တီးပေးတဲ့အတွက် ကျေးဇူးပါ ကိုဇွဲ ..."

"ကျွန်တော်က တင်ရမှာပါ ... နောက်လည်း ရွှေရေး အတွက် Internet ထဲက အတိုအထွာ၊ စိတ်ဝင်စားစရာ



ကလေးတွေ ကျွန်တော် ရှာဖွေမျှဝေပေးပါ့မယ်၊ ရွှေရေး က စာရေးဆရာမ တစ်ယောက်ဆိုတော့ ဒါမျိုး ဝဟုသုတ ကလေးတွေ လိုအပ်တယ်လေ"

"ဟုတ်ပါတယ် ... အခုတော့ ကိုဇွဲလို လူတစ်ယောက်နဲ့ ခင်မင်ခွင့်ရလိုက်ပြီဆိုတော့ ကျွန်မအတွက် knowledge bank ကြီး တစ်ခုနဲ့ တွေ့ရသလိုပေါ့နော်"

"အခုလို အားကိုးတဲ့အတွက် ဝမ်းသာပါတယ်ဗျာ၊ ရွှေရေး နားတွေပူကုန်ပြီလား၊ mobile နဲ့ ပြောတာဆိုတော့လေ၊ ဖုန်းနားထောင်တိုင်း ဘယ်ဘက်နားနဲ့ပဲ နားထောင်ရတယ် နော်၊ ကော်ဖီကိုဆိုရင် တစ်နေ့နှစ်ခွက် မသောက်သင့်ဘူး၊ ဆေးသောက်တဲ့အခါ ရေအေးနဲ့ မသောက်ရဘူးတဲ့၊ healthy tip ကလေးတွေပါ ရေကို မနက်ပိုင်းမှာ များများသောက်ပြီး ညဘက်မှာ နည်းနည်းပဲ သောက်ရတယ်၊ ညနေ ငါးနာရီ ကျော်ပြီးရင် အစာတွေအများကြီး မစားသင့်တော့ဘူး"

"ပြောပြထားပါဦး ... ကိုဇွဲ သိထားတာတွေ"

"ဖုန်းဘက်ထရီသွင်းတဲ့ CHARGERS တွေနဲ့ ဝေးဝေးမှာ နေရတယ်။ handphones တွေ၊ earphones တွေကို အကြာကြီး မသုံးသင့်ဘူး၊ အကောင်းဆုံး အိပ်ချိန်က ည



www.burmeseclassic.com

www.burmeseclassic.com

ဆယ်နာရီကနေ မနက်ခြောက်နာရီပါ။ ရွှေရေးရဲ့ ဖုန်းဘက်ထရီက နောက်ဆုံးတစ်တုံးလောက်ပဲ ကျန်တဲ့အထိ နည်းနေပြီဆိုရင် ဖုန်းမပြောနဲ့တော့၊ ဘာလို့လဲဆိုတော့ radiation က အဆတစ်ထောင် ဖြစ်နေလို့၊ ပြီးတော့ . . . မအိပ်ခင် ဆေးသောက်တဲ့အခါ ဆေးသောက်ပြီးတာနဲ့ ချက်ချင်းလှဲမအိပ်လိုက်ရဘူးတဲ့"

"သိထားသင့်တာကလေးတွေပေါ့ . . .၊ ကိုဇွဲက တကယ်တော်ပါလား၊ ဒါကြောင့်လည်း ZKB Group ရဲ့ CEO ဖြစ်နေတာ အံ့ဩစရာ မဟုတ်တော့ဘူး"

"အဲဒီလောက်တော့ မဟုတ်ပါဘူးဗျာ၊ ကျွန်တော်က စိတ်ဝင်စားလို့ကို ဗဟုသုတ မှန်သမျှကို လိုက်ရှာနေတာပါ ခုတော့ share လုပ်ရမယ့်သူ ရွှေရေး ရှိလာပြီဆိုတော့ ပိုပြီး စိတ်ဝင်တစား ရှာဖြစ်တော့မှာပါ၊ မနက်ဖြန် ဒီလို အချိန်မျိုး ရွှေရေး စိတ်ဝင်စားမယ်ဆိုရင် ကျွန်တော် သွေးအုပ်စုတွေနဲ့ သူတို့ရဲ့ PERSONALITY ကို ပြောပြမယ်လေ"

"ဟုတ်ကဲ့ . . . ကျွန်မ စိတ်ဝင်စားတာပေါ့"

"အိုကေ . . . ကျွန်တော် မနက်ဖြန်ည ကိုးနာရီအတိမှာ ရွှေရေးဆီ ဆက်မယ်နော်၊ အခုတော့ အနားယူလိုက်ပါဦး စောစော အိပ်ရာဝင်နော်၊ ဆယ်နာရီကနေ ခြောက်နာရီအထိလောက်တော့ အိပ်ပါနော်"

"ဟုတ်ကဲ့ပါရှင် . . . ဒီနေ့အတွက် ဗဟုသုတတွေ အတွက် ကျေးဇူးပါ"

"you're very welcome ပါ ရွှေရေး . . ."

ရွှေရေး ဖုန်းချလိုက်တော့ ဆယ်နာရီထိုးပါတော့မည်။ ကြည့်စမ်း . . . သူနဲ့ တစ်နာရီနီးနီး ဖုန်းအကြာကြီး ပြောနေမိခဲ့တာပါလား။ အချိန်တွေ ဘယ်လိုကုန်သွားမှန်း မသိအောင် သူက ဆွဲဆောင်သိမ်းသွင်းယူထားခဲ့ခြင်းကို ဝန်မခံ၍မရ။

ည အိပ်ရာမဝင်ခင် ရန်မခဆီ ဖုန်းပြန်ဆက်ဖို့ ကတိပေးထားခဲ့သည်မို့ နားပူနေတာကို အသာထားပြီး ကိုရန်မခဆီ ဖုန်းပြန်ခေါ်ရသည်။

"ဟာ . . . ကြာလိုက်တာကွာ၊ ကိုယ် စောင့်နေရတာ တစ်ကမ္ဘာလောက်ကြာတယ်၊ ပွားလှချည်လား ရွှေရေးရယ်၊ ဘယ်သူနဲ့မို့ ဒီလောက်အကြာကြီး ဖုန်းကျွေးနေရတာလဲ၊ ကိုယ်စောင့်ရတာ စိတ်မရှည်လို့ ခဏခဏ ဖုန်းပြန်ခေါ်ကြည့်သေးတယ်၊ လုံးဝ busy . . .၊ ရည်းစားတော့မဟုတ်ပါဘူးနော် . . . ဟုတ်တယ်မှလား"

www.burmeseclassic.com

ဖုန်းစဖြေဖြေချင်း သူ တရစပ် လွှတ်လိုက်သော စကားတွေဖြစ်သည်။ ခင်မင်တာ မကြာလှသေးပေမယ့် သူ့ပြောပုံက သူငယ်ချင်း အရင်းအချာတွေပမာ တရင်းတနှီး။ ရွှေရေ အသံထွက်အောင်ပင် ရယ်မိပါ၏။

"ဆောရီးပါ ကိုရန်မခရယ် . . .၊ အရမ်း စိတ်ဝင်စားဖို့ကောင်းတဲ့ PESONALITY TEST တစ်ခု လုပ်ကြည့်နေလို့ပါ"

"လူကရော စိတ်ဝင်စားဖို့ကောင်းရဲ့လား . . . "

"အင်း . . . စိတ်ဝင်စားဖို့ကောင်းပါတယ်"

ရွှေရေက အမှန်အတိုင်းပဲ ဝန်ခံလိုက်ခြင်းဖြစ်ရာ သူ့ဘက်က စက္ကန့်ပိုင်းမျှ အသံတိတ်သွားခဲ့ပါသည်။ ပြီးမှ . . .

"ကိုယ့်ကို အဲဒီ PESONALITY TEST အကြောင်း ပြန်ပြောပြပါလား" တဲ့ . . .။

"အိုကေလေ . . . အဲဒါက TIBETAN PERSONALITY TEST တစ်ခုပါ၊ မေးခွန်းက လေးခုတည်း . . .၊ အဖြေတွေက အံ့ဩဖို့ကောင်းတယ်၊ စိတ်ဝင်စားစရာ ကောင်းတယ် ကိုရန်မခ လက်ထဲမှာ စာရွက်နဲ့ ဘောလ်ပင်တစ်ချောင်း အဆင်သင့်ယူထားနော်၊ အဖြေတွေကို စာရွက်ထဲမှာ ချရေးရမှာ"

"အင်းဟင် . . . "

သူ့ဘက်က စိတ်ဝင်တစားဟန် . . .။ ရွှေရေဘက်ကလည်း တက်တက်ကြွကြွ။ ရွှေရေရှေ့မှာ Lap Top ကလေး ဖွင့်ထားခဲ့သည်မို့ ကိုဖွဲ့ဆီက ချက်ချင်း mail ဝင်လာသဖြင့် ပိုပြီးတော့ အဆင်ပြေသွားပါသည်။ နောက်ထပ် လေးဆယ့်ငါးမိနစ်လောက်ကြာအောင် ရွှေရေ သူနှင့် ဖုန်းပြောဖြစ်သွားခဲ့၏။ သတိထားပြီး ဖုန်းကို ဘယ်ဘက်နားနှင့်ပဲ ကပ်ပြောနေခဲ့တာမို့ ဘယ်ဘက်နားတစ်ခုလုံး ထူပူအူဝေလာသည်အထိပင်။ Mobile ကလေး၏ ဘက်ထရီအတုံးနည်းလာတော့မှ ရွှေရေ စကားဖြတ်ကာ ဖုန်းချရသည်။ ပြီးတော့ ဖုန်း charging သွင်းတာကို ရွှေရေကုတင်ဘေးက ပလပ်ပေါက်မှာ အမြဲသွင်းနေရာကနေ အခန်းထောင့်ခပ်ဝေးဝေးဆီသို့ ပြောင်းရွှေ့လိုက်သည်။ ခေါင်းထဲ နည်းနည်းကိုက်ချင်လာသည်မို့ ပါရာစီတမောလ်သောက်သည့်အခါ ရေအေးအေးနှင့် မသောက်ဖို့ သတိတရရှိစွာ . . . ဆေးသောက်ပြီးပြီးချင်း အိပ်ရာပေါ် လှဲမချဖို့ကိုလည်း မမေ့လျော့ပါ။

■ ■ ■


www.burmeseclassic.com

www.burmeseclassic.com




**Recipe for love ...**

- အသက်နှစ်ဆယ့်ငါးအရွယ် ဂန္ထဝင်ဆန်သော အလှပိုင်ရှင် မိန်းကလေးတစ်ယောက်ကို ရွေးချယ်ပါ...။
- လှုက်ရည်ဖွန်းတစ်ဖွန်းစာ အကြည့်ပွင့်တို့နှင့် ချိုမြသော အပြုံးပွင့်တို့ ပေါင်းထည့်ပါ...။
- စားပွဲတင်ဖွန်းနှစ်ဖွန်းစာ ရင်ခုန်တိမ်းညွတ် စိတ်လှုပ်ရှားဖွယ်စကားတစ်ချို့နှင့် ဂရုစိုက်ဆွေးတွေးကြင်နာခြင်းများ ပေါင်းစပ်ပါ....။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း

# ၅



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၅)

ဘဝမှာ စာရေးခြင်းအလုပ်ကို ရူးသွပ်မက်စက်စွာ မွေ့လျော်ပျော်ဝင်စွာ နှစ်သိမ့်ကျေနပ်စွာဖြင့် ရွှေရေး နေ့စဉ် လုပ်မြဲဖြစ်ပါ၏။ နောက်ဆုံးထွက်သက်ထိတိုင်အောင် နေ့စဉ်နေ့တိုင်း စာရေးခွင့်ရနေမည်ဆိုလျှင် ရွှေရေး၏ဘဝသည် အဓိပ္ပာယ်ရှိလွန်းလှပြီ . . .။ အခုလည်း ဇာတ်လမ်း၏ အထွတ်အထိပ် အခန်းတစ်ခန်းကို ဈာန်ဝင်စားစွာ စိတ်ရောကိုယ်ပါ နှစ်ဝင်စီးမျှောလျက် ရေးနေခဲ့တာ ညာလက်တစ်ဖက်လုံး အံသေကိုက်ခဲလာတဲ့အထိ. . .။ လက်ချောင်းထိပ်ကလေးတွေမှာ ဘောလ်ပဲန်နှင့် ဖိနှစ်ဆုပ်ကိုင်ထားခဲ့တာ ကြာလွန်းသဖြင့် အချိုင့်အခွက်ကလေးပင်ဖြစ်နေပြီ။ ဇက်ကြောတွေ တင်းကိုက်နေပြီး ခါးပါ တောင့်နေသည့်တိုင် ရွှေရေးစိတ်နှလုံးက ငှက်တောင်မွေးကလေးတစ်စ,လို လွတ်လပ်ပေါ့ပါးနေခဲ့ပါ၏။





www.burmeseclassic.com

www.burmeseclassic.com

ခေါင်းကိုမော့လိုက်ချိန်တွင် ရှေ့မှာ တစိမ့်စိမ့် ထိုင်
ကြည့်နေလျက်ရှိသော ရန်မခကို တွေ့လိုက်ရသည်။ သူ့အပြုံးက
နေရောင်တစ်ခုလို လင်းပွင့်သန့်စင်နေပါ၏။

"မင်္ဂလာနံနက်ခင်းပါ ရွှေရေး . . ."

"မင်္ဂလာနံနက်ခင်းပါရှင် . . ."

"ကိုယ် . . . ဂန္ထဝင်ပန်းချီကားကို လာပေးတာပါ၊ ခဏနေ
ရင် ကိုယ့်ရုံးဆီသွားတော့မှာပါ၊ တော်ကြာ ရွှေရေး မျက်စိ
နောက်မှာစိုးလို့ ဒီလူနှယ် အလုပ်မရှိဘူးလား မသိဘူး၊ မနက်
တိုင်း ငါ့ကို လာလာကြည့်နေတယ်လို့ စိတ်ထဲကနေ ပြောပြ
နေမှာစိုးလို့ပါ"

"ဟောတော် . . . ကျွန်မရဲ့စိတ်ထဲက အတွေးကို ကိုရန်မခ
ဘယ်လိုလုပ်ပြီး သိနေရတာလဲ၊ ကိုရန်မခက mind reader
များလား မသိဘူးနော်"

ရွှေရေးက ခွတ်နောက်နောက်ကလေးပြောလျှင် သူက
သဘောကျစွာ ရယ်မောပါ၏။

"ကိုယ် ရွှေရေးအတွက် Recipe တစ်ခု လာပေးတာပါ"

"ဘာအတွက်လဲဟင် . . ."

သူက ပြုံးပြီး ရွှေရေးလက်ထဲသို့ ပန်းနုရောင် A





အရွယ် စာရွက်ကလေးကို လှမ်းပေးပါသည်။ စာရွက်ကလေးကို
ဖတ်မိစဉ်မှာ ရွှေရေး မပြုံးမိဘဲ မနေနိုင်ခဲ့ပါ။

"... Recipe For Love ..."

"အသက်နှစ်ဆယ့်ငါးအရွယ် ဂန္ထဝင်ဆန်သော အလှပိုင်ရှင်
မိန်းကလေးတစ်ယောက်ကို ရွေးချယ်ပါ . . .

လွှက်ရည်ဇွန်း တစ်ဇွန်းစာ အကြည့်ပွင့်တို့နှင့် ချိုမြ
သော အပြုံးပွင့်တို့ ပေါင်းထည့်ပါ . . .

စားပွဲတင်ဇွန်း နှစ်ဇွန်းစာ ရင်ခုန်တိမ်းညွတ် စိတ်
လှုပ်ရှားဖွယ် စကားတချို့နှင့် ဂရုစိုက်နွေးထွေးကြင်နာခြင်း
များ ပေါင်းစပ်ပါ . . .

ခပ်ကြီးကြီး ဆုံးဖြတ်ချက်တစ်ခု . . .

ပူနွေးလှိုက်မောသော ရင်ခုန်သံကို ဖြည့်စွက်ပါ . . .

လက်တစ်ဆုပ်စာ အမှတ်တရ ဖြစ်စဉ်ကလေးများ . . .

အနမ်းတစ်ပွင့် . . . (ဖြစ်နိုင်လျှင် ဆန္ဒရှိလျှင် ပိုထည့်ပါ)

ထို့နောက် တောက်ပသည့် မနာလိုသဝန်တိုမှု ပွင့်မှုန်
ကလေးများ ဖြူးပါ . . .

ပြီးလျှင် မျှော်လင့်ချက်တချို့ထဲမှာ ညင်ညင်သာသာ
ထည့်၍ လိပ်ပါ . . .

www.burmeseclassic.com

ခပ်မောက်မောက် ဖွန်းငါးဖွန်းစာ ရယ်မောပျော်ရွှင်ခြင်းများထည့်ပြီးသောအခါ ဆန္ဒနှင့် ရင်ခုန်စိတ်လှုပ်ရှားမှုဖြင့် ထပ်၍ လိပ်ပတ်ပါ . . .

ပြီးလျှင် ထိုပါဝင်ပစ္စည်းများအားလုံးကို အတူတူ ရောနှောပြီး ရက်ပေါင်း ၃၆၅ ရက်ကြာအောင် ဖုတ်ပေးပါ . . .''

တဲ့ . . .။ ရွှေရေးလို စာရေးဆရာမ တစ်ယောက်အဖို့ ဤမျှ Romantic ဖြစ်သော ချစ်စဖွယ် "Recipe For Love" စာရွက်ကလေးကို ဆန်းကြယ်မက်မောမှုနှင့်အတူ သဘောကျသွားခဲ့မိပါ၏။

BURMESE CLASSIC .com

"ဒီ Recipe က ဘယ်သူ့မူပိုင်လဲ ကိုရန်မခ . . .၊ ကျွန်မအရမ်း သဘောကျသွားပြီ၊ စာထဲ ထည့်ရေးချင်လိုက်တာ"

"ထည့်ရေးပါ ရွှေရေး၊ Recipe For ဘာညာ ဘာညာတွေ သူများတကာတွေ ထွင်ကြတာကို စာအုပ်တွေထဲမှာ အင်တာနက်ထဲမှာ ဖတ်ရတာနဲ့ ကိုယ်လည်း ကိုယ့်ဘာသာကိုယ် ထွင်ပြီး Recipe ထုတ်ကြည့်တာပါ၊ ရွှေရေးအတွက် ကုန်ကြမ်းရမယ်ဆိုရင် ကိုယ် ပျော်ပါတယ်၊ ယူရေးလို့ရပါတယ် . . . ရေးပါ"



"ကျေးဇူးပါ ကိုရန်မခ . . . အဲဒီလို စိတ်ကူးဆန်းဆန်းကလေးတွေကို ကျွန်မ သိပ်သဘောကျတယ်၊ နောင်လည်း ရှာပေးဦးနော်"

"ဝမ်းမြောက်ဝမ်းသာ ရှာပေးပါမယ်ဗျာ၊ ဒီနေ့ရော စာရေးပြီးရင် ရွှေရေး ဘယ်သွားဦးမလဲ"

"ဒီနေ့တော့ ကျွန်မ အိမ်ပြန်ပြီး စားမယ်၊ မေမေက မြီးရှည်လုပ်ထားမယ်တဲ့၊ မေမေ့မြီးရှည်က ကမ္ဘာပေါ်မှာ အကောင်းဆုံးပဲ ကိုရန်မခရဲ့"

"ဟာ ကိုယ်အရမ်းကြိုက်တဲ့ အစာထဲမှာ မြီးရှည်က ထိပ်ဆုံးကပါတယ်၊ သွားရည်တောင် ကျတယ်"

ကဲ . . .။ သူက အဲဒီလိုပြောတော့ ရွှေရေးက သူ့ကို မဖိတ်လို့ ဘယ်ကောင်းပါတော့မလဲ။

"ကိုရန်မခ စားချင်ရင် အိမ်လိုက်ခဲ့လေ၊ ကျွန်မ ဖိတ်ပါတယ်"

ဟု . . . ယဉ်ကျေးစွာ ပြောရသည်။

"တကယ်လား . . . ဟန်လုပ်ပြီး ဖိတ်တာတော့ မဟုတ်ပါဘူးနော်"

"ဩော် . . . တကယ်ပါ၊ ကျွန်မက စိတ်ထဲကမပါရင်


www.burmeseclassic.com

www.burmeseclassic.com

ဘယ်တော့မှ ထုတ်မပြောတတ်ပါဘူး၊ ဒီနေ့ တန်ဖိုးရှိတဲ့ Recipe လေးပေးလို့လည်း ကျေးဇူးတင်လို့ ပြန်ကျွေးချင်တာပါနော်"

"အိုကေ . . . အဲဒါဆို ကိုယ် သိပ်ဝမ်းနည်းသွားပြီ၊ မျက်နှာပြောင်ပြောင်နဲ့ပဲ တကယ်လိုက်စားတော့မှာနော်၊ ခဏလေး . . . ကိုယ့်ရုံးက Secretary ကလေးကို ကိုယ်ဖုန်းနဲ့ မှာစရာရှိတာလေးတွေ မှာလိုက်ဦးမယ်နော်၊ ရွှေရေးအိမ်မှာ မြီးရှည်လိုက်စားပြီးမှ ကိုယ် ရုံးသွားတော့မယ်"

"သူဌေးဆိုတော့လည်း လုပ်ချင်သလိုကို လုပ်နေတာပဲနော်"

"ဒီလိုပဲ အပြင်မှာ အလုပ်များချင်ယောင် ဆောင်နေလိုက်တာပေါ့လေ"

ရွှေရေး စာအုပ်တွေ သိမ်းဆည်းနေချိန်မှာ သူက ခပ်လှမ်းလှမ်းသွားပြီး ဖုန်းနှင့် မှာကြားနေသည်။ သူ့ကို "ရန်မခ" ဆောက်လုပ်ရေးနှင့် အိမ်ခြံမြေလုပ်ငန်းကုမ္ပဏီ ပိုင်ရှင်တစ်ယောက်အဖြစ် ရွှေရေး သိခဲ့ပြီးဖြစ်ပါ၏။ ငယ်ငယ်ရွယ်ရွယ်နှင့် စင်္ကာပူကနေ Architect နှင့် MBA ဘွဲ့တွေ ရထားခဲ့ပြီး သူ့ကိုယ်ပိုင်ဆောက်လုပ်ရေး လုပ်ငန်းတွေနှင့် အချိန်တိုအတွင်းမှာ တရှိန်ထိုး အောင်မြင်နာမည်ရလာသူဖြစ်ကြောင်း ဂျာနယ်တွေ၊ မဂ္ဂဇင်းတွေထဲပါသော



သူ့ အင်တာဗျူးတချို့ကို ခုရက်ပိုင်းမှာ ရွှေရေး ဖတ်မိခဲ့သည်။ အဲဒီတော့ သူ့ကို ပိုပြီး ဆထင်ကြီးမိတာကို ရိုးသားစွာ ဝန်ခံလိုပါသည်။

ရွှေရေး အိမ်မြန်တော့ သူ့ကားက နောက်ကနေ ပါလာသည်။ ရွှေရေးတို့ အိမ်ရာဝင်းထိပ်ဖက်မှာ Floral Shop ကြီး တစ်ခု ဖွင့်ထားသည်မို့ အဲဒီဆိုင်ရှေ့မှာ သူ ခဏရပ်ပြီး ဆိုင်ထဲဝင်သွားသည်မို့ ရွှေရေး ခဏစောင့်ရသည်။ ရွှေရေးအိမ်ကို သူ မသိဘဲ ကျန်ခဲ့မှာစိုးသောကြောင့် ဖြစ်ပါ၏။

မေမေ့ကိုတွေ့တွေ့ချင်း သူက ကြွေဖြူဖြူပန်းအိုးပါ၊ ပါဝင်သော Magnolia သစ်ခွပန်းပင်လှလှကို ကမ်းပေးလိုက်သည်နှင့် မေမေက သဘောမနေခွေ့သွားခဲ့ပြီ . . .။ ဖြူလွသော သစ်ခွခက်တွေက ဖြာဝေပြီး အပွင့်တွေအများကြီးပဲပါ၏။ မေမေက သစ်ခွဆိုလျှင် အလွန်ကြိုက်တတ်သူတည်း။

"အို . . . လှလိုက်တဲ့ Magnolia တွေကွယ်၊ ကျေးဇူးတင်ပါတယ် သားရယ်၊ အန်တီ့ အသည်းစွဲပေါ့"

ဟု . . . ပြုံးပြုံးရွှင်ရွှင် ဆိုလေသည်။

"မေမေ ဒါ သမီးနဲ့မိတ်ဆွေပါ၊ ကိုရန်မခတဲ့ . . .၊ မေမေ သိမှာပါ၊ အိမ်ခြံမြေ ဆောက်လုပ်ရေးလောကမှာ Top

www.burmeseclassic.com

ပဲလေ"

"အိုး . . . သိတာပေါ့ ကြည့်စမ်း၊ ငယ်ငယ်ကလေးပဲ ရှိသေးတာ၊ ခုခေတ် လူငယ်တွေများ တော်လိုက်ထက်လိုက်ကြတာနော်၊ အသက်နှစ်ဆယ် အစိတ်ဆို Somebody ဖြစ်နေကြပြီ၊ ငယ်ငယ်ရွယ်ရွယ်နဲ့ ခုလို စီးပွားရေးနယ်ပယ်မှာ အောင်မြင်ထင်ရှားနေတာကို ဂုဏ်ယူပါတယ်ကွယ်၊ ဝမ်းလည်းသာပါတယ်"

"ကိုရန်မခက မြီးရှည်သိပ်ကြိုက်တာတဲ့ မေမေ၊ မေမေ့မြီးရှည်ကို လိုက်စားတာ"

"အမလေး . . . လျှာလည်သွားစေရမယ် သားရေ၊ အန်တီကိုယ်တိုင် ပြင်ပေးမှာ၊ သမီးရော စားတော့မယ်မှလား၊ မေမေအားလုံး အဆင်သင့်ပြင်ထားပြီးသား၊ ဝက်သားနဲ့ ဟင်းချိုနွေးရုံပဲ"

"ဟုတ်ကဲ့ပါ မေမေ . . ."

ထမင်းစားခန်းထဲမှာ မေမေ့မြီးရှည်ဝိုင်းက ဖွယ်ဖွယ်ရာရာ စုံစုံလင်လင်နှင့် စားချင့်စဖွယ် ပြင်ဆင်ထားပါသည်။

"ကျွန်တော်တော့ ခုကတည်းက သွားရည်ကျနေပြီ အန်တီ၊ တံတွေးတွေ မြိုချနေရတယ်၊ အန်တီ့လက်ရာက မန္တလေးမြီးရှည်မှလား၊ ကျွန်တော် အရမ်းကြိုက်တယ် အန်တီ"

"အားပေးပါကွယ် . . . နှစ်ပွဲသုံးပွဲမက စားပေးပါ၊ အန်တီ အများကြီးပဲ လုပ်ထားတယ်၊ သမီးကလည်း အရမ်းကြိုက်၊ သမီးဖေဖေဆို ခေါင်းမဖော်စတမ်းကို လွေးတာ၊ တစ်ခါတစ်ခါ သုပ်ရင် ဟော့ဒီ ဇလုံကြီးနဲ့ သုပ်ပေးရတာလေ"

စားပွဲဝိုင်းမှာ စည်စည်ကားကား . . .။ ရန်မခက ပေါင်းသင်းဆက်ဆံရေး အလွန်ညက်သူမို့ မေမေနှင့် တခဏအတွင်းမှာ မိတ်ဟောင်းဆွေဟောင်းတွေသဖွယ် ရင်းနှီး ခင်မင်သွားကြသည်။ မေမေက တော်တဲ့သူတွေဆိုလျှင် အလွန် လေးစားသဘောကျတတ်ပါသည်။ အသက်အရွယ်နှင့် မဆိုင်။

စကားတပြောပြောနှင့် စားတာ ရန်မခက နှစ်ပွဲမောက်မောက် စားနိုင်သည်။ ဟန်ဆောင်ခြင်း လုံးဝမရှိ။ အဲဒါကိုပဲ မေမေက သဘောတွေကျလို့ . . .။

"စားကောင်းကောင်းနဲ့ တီးပစ်လိုက်တာ ဗိုက်တော်တော်တင်းသွားပြီ၊ ကျွန်တော် ရုံးပြန်ရောက်ရင်တော့ ငိုက်တော့မှာ အသေအချာပဲ"

"မပူနဲ့ . . . အန်တီ ကော်ဖီကောင်းကောင်း ဖျော်တိုက်မယ်"


www.burmeseclassic.com

www.burmeseclassic.com

"ဟာ . . . အန်တီက တော်တယ်ဗျာ၊ ကျွန်တော် စကား ခေါ်တာကို ချက်ချင်း အထာပေါက်တယ်"

"ရွှေရေးပန်းချီရဲ့ မေမေလေ၊ ဒီလောက်တော့ ရှိမှာပေါ့"

ရန်မံခ၏ ခြေလှမ်းတွေက အသွက်စား။ တဆက်တည်းမှာပဲ ကိုဖွဲ့ကို သတိတရဖြစ်လိုက်မိသေးသည်။ ကိုဖွဲ့ကိုဆိုလျှင် ရှမေမေ ဘယ်လိုဆက်ဆံမှာပါလိမ့် . . .။

ကော်ဖီသောက်ပြီး စကားစမြည်ပြောပြီးမှ ရန်မခ နှုတ်ဆက်ကာ ပြန်သွားသည်။ မျှော်လင့်ထားသည့်အတိုင်း သူ ပြန်သွားတော့ မေမေက ရွှေရေးကို အစ်ပါတော့သည်။

"မေမေလည်း သမီးအရွယ်ကို ဖြတ်သန်းခဲ့တာပါ သမီးရယ်၊ သမီးဖေဖေလည်း မေမေ့ကို ပိုးတုန်းက ဒီလိုပဲ အိမ်လိုက်ပြီး ဘွားဘွားလက်ရာ မြီးရှည်ကို အားပါးတရ စားခဲ့ပြီး ဘွားဘွား အချစ်တော် ဖြစ်သွားခဲ့တာပါ၊ မှတ်မိပါသေးတယ်"

ဟု . . . ဆိုသည်။ ရွှေရေးက ပခုံးကလေး အသာတွန့်ပြီး ပြုံးမိပါသည်။ ဘာမှ မသေချာသေးသဖြင့် ရွှေရေး ဘာမှ ထော့ ဝန်မခံဖြစ်သေးပါ . . .။

■ ■ ■



ညကိုးနာရီအတိမှာ ရွှေရေး တိတ်တဆိတ် စောင့်မျှော်လျက်ရှိသော ဖုန်းမြည်လာပါ၏။ ကိုဖွဲ့ဆီကဖြစ်သည်။

"ကိုဖွဲ့က အချိန်အတိအကျပဲနော် . . ."

"ဟုတ်တယ် ရွှေရေး၊ ကျွန်တော်က အချိန်အပါအဝင် ဘာပဲ လုပ်လုပ် တိတိကျကျပဲကြိုက်ပါတယ်၊ အဲဒါကို လူတစ်ယောက်ရဲ့ ဂုဏ်သိက္ခာတစ်ခုလို ကျွန်တော် တန်ဖိုးထားတယ်လေ"

"ကျွန်မ ကိုဖွဲ့ဆီကနေ လေ့လာစရာတွေအများကြီးပါလား"

"ဒီလိုပါပဲလေ . . . ဒီနေ့ စာရေးတာရော အဆင်ပြေရဲ့လား ရွှေရေး"

"ပြေပါတယ်ရှင် . . ."

"အမှန်အတိုင်း ဝန်ခံရရင် ဒီနေ့တစ်နေ့လုံး ကျွန်တော် အမျှော်ဆုံးအချိန်ဟာ ည ကိုးနာရီပါ၊ အလုပ်တွေများထဲကြားကနေပဲ ရွှေရေးကို သတိရမိတယ်"



www.burmeseclassic.com

www.burmeseclassic.com

သူ စကားပြောဟန်က အလေးအနက် ဖြစ်သည်။ 'သတိရမိတယ်' ဆိုသော စကားစုကလေးရဲ့ နောက်ကွယ်မှာ လိုရာဆွဲယူတွေးတောနိုင်သော အဓိပ္ပာယ်တွေ အများကြီးပဲ ရှိမှာပါ။ ရွှေရေးကိုယ်တိုင်လည်း ဒီအချိန်ကလေးကို စောင့်နေမိခဲ့သည် မဟုတ်လား။

"ဒီနေ့ နေ့လယ်စာ ဘယ်မှာစားဖြစ်လဲ ရွှေရေး . . ."

"ကျွန်မ အိမ်ပြန်စားဖြစ်ပါတယ်၊ မေမေက မြီးရှည် လုပ်ကျွေးတယ်လေ"

"ကျွန်တော့် Favourite ပေါ့၊ ကျွန်တော်အရမ်းကြိုက်တာ၊ ရွှေရေးပြောတာနဲ့ စားတောင်စားချင်လာပြီ"

"နောက်တော့ ဖိတ်ကျွေးမယ်လေ ကိုဇွဲ၊ ကဲ . . . ပြောပါဦး၊ ကိုဇွဲပြောပြမယ့် Blood Groups တွေနဲ့ PERSONALITY တွေ ပြောပြဦးလေ"

"ရွှေရေးရဲ့ သွေးအုပ်စုက ဘာလဲ . . ."

"AB ပါ . . ."

"သွေးအုပ်စု AB ပိုင်ရှင်တွေရဲ့ PERSONALITY ကို ပြောရရင် သူတို့ဟာ တည်ငြိမ်တယ်၊ ထိန်းချုပ်စောင့်စည်းနိုင်စွမ်းရှိတယ်၊ ချစ်ခင်နှစ်လိုဖွယ်ကောင်းတယ်၊ စတိုင်လ်ကျတယ်၊ လူတွေအားလုံးနဲ့ သက်တောင့်သက်သာ ပြေပြေပြစ်ပြစ် ဆက်ဆံတတ်တယ်၊ သဘာဝကျကျ ဖျော်ဖြေတတ်သူဖြစ်တယ်၊ ဂရုတစိုက် ရှိတတ်တယ်၊ တရားမျှတတယ်၊ ဒါပေမယ့် ချဉ်းကပ်ရခက်တယ်၊ သိနားလည်ရခက်တယ်၊ ဆုံးဖြတ်ချက်ချဖို့ ခက်ခဲတတ်တယ်"

သူ ပြောပြသမျှသည် ရွှေရေး၏ အမူအကျင့်၊ ဓလေ့စရိုက်ကလေးတွေချည်းပဲမို့ သဘောကျမိပါ၏။

"ကိုဇွဲကရော ဘာသွေးလဲဟင် . . ."

"ကျွန်တော်က "o" ပါ . . ."

""o" သွေးရဲ့ PESONALITY လည်း ပြောပြဦးလေ၊ ကျွန်မ သိထားရတာပေါ့"

"အင်း . . . ပြောပြမယ်၊ "o" သွေးပိုင်ရှင်တွေက ခေါင်းဆောင်ဖြစ်ချင်တယ်၊ ဦးဆောင်တတ်တယ်၊ သူ တစ်ခုခုကို လိုချင်တာရှိရင် အောင်မြင်မှုပန်းတိုင်ကို ရောက်တဲ့အထိ ကျားကုတ်ကျားခဲ ကြိုးစားအားထုတ်တတ်တယ်၊ စံပြဖြစ်အောင် နေတတ်တယ်၊ သစ္စာရှိတယ် . . ., ချစ်ခင်ကြင်နာတတ်တယ်၊ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိတယ်၊ "o" သွေးရဲ့ အားနည်းချက်က ယုံကြည်မှု လွန်ကဲတယ်၊ မနာလို သဝန်တို


www.burmeseclassic.com

www.burmeseclassic.com

တတ်ပြီး အပြိုင်အဆိုင်စိတ် အရမ်းအားသန်တတ်တာပဲ၊ အဲဒါ ကျွန်တော့် စရိုက်တွေချည်းပဲ”

“အရမ်းစိတ်ဝင်စားဖို့ကောင်းတယ်နော်၊ A နဲ့ B သွေးကရော”

“"A"သွေးသမားတွေက ညီညွတ်မှုတတယ်၊ ငြိမ်းချမ်းတယ်၊ စုစည်းသိုင်းဝိုင်းမှုရှိတယ်၊ တခြားလူတွေနဲ့ ညီညီညွတ်ညွတ် ကောင်းကောင်းမွန်မွန် အလုပ်လုပ်တယ်၊ ထိခိုက်ခံစားလွယ်တယ်၊ မေတ္တာဓာတ် ကြီးမားတယ်၊ အားနည်းချက်က ခေါင်းမာတာနဲ့ relax လုပ်နိုင်စွမ်း မရှိတာပဲ၊ "B" သွေးရှင်တွေက ကျတော့ တစ်ကိုယ်တော် ထီးထီးသမားတွေလေ၊ ရှင်းရှင်းဘွင်းဘွင်းသမားတွေပေါ့၊ ဘာပဲလုပ်လုပ် ကိုယ့်နည်းကိုယ့်ဟန်နဲ့ပဲ လုပ်ချင်တယ်၊ တီထွင်ကြံဆနိုင်စွမ်းရှိတယ်၊ လိုက်လျောညီထွေရှိတယ်၊ ဘယ်အခြေအနေကိုမဆို ညှိယူနိုင်စွမ်းရှိတယ်၊ ကျွန်တော် လေ့လာကြည့်သမျှတော့ တကယ်ကိုက်ညီတယ် ရွှေရေး၊ တစ်ခါတစ်ခါ ကျွန်တော် မြင်တွေ့ဆက်ဆံနေရတဲ့လူတွေရဲ့ PERSONALITY ကိုကြည့်ပြီး သူတို့ရဲ့ သွေးအုပ်စုကို ခန့်မှန်းကြည့်လို့ကောင်းရတယ်၊ ကျွန်တော်က အဲဒါမျိုးတွေ စိတ်ဝင်စားတတ်တယ်လေ”

“အဲဒီဟာလေး ကျွန်မရဲ့ e-mail ကို ပို့ပေးဦးနော်၊ ကျွန်မ ထည့်ရေးမလို့ . . .”

“ကျွန်တော် ပို့ပေးလိုက်မယ် ရွှေရေး၊ မနက် အိပ်ရာထထချင်း သွားမတိုက်ခင် ရေသောက်တတ်တဲ့ အကျင့်ရှိလား ရွှေရေး”

“ဟင့်အင်း . . . မရှိဘူး၊ ဘာဖြစ်လို့လဲ ကိုဇွဲ . . .”

“သောက်ကြည့်ပါ . . . သွားမတိုက်ခင် ရေ.160 ml ခွက်နဲ့ လေးခွက်သောက်ပြီးရင် သွားတိုက်၊ ပြီးရင် လေးဆယ့်ငါးမိနစ်လောက် ဘာမှ မစားမသောက်ဘဲနေ၊ လေးဆယ့်ငါးမိနစ်ပြည့်မှ ပုံမှန်စားသောက်ရတယ်၊ breakfast , lunch နဲ့ dinner စားပြီးရင် ဆယ့်ငါးမိနစ်လောက် စပြီး နှစ်နာရီလောက် မစားမသောက်ပဲ နေရတယ်၊ အဲဒီနည်းနဲ့ ရောဂါတွေ ကုလို့ရတယ် ရွှေရေး၊ အစာအိမ်ရောဂါဆိုရင် ဆယ်ရက် . . . သွေးတိုးသမားတွေဆို တစ်လ၊ ဝမ်းချုပ်တဲ့သူတွေဆို ဆယ်ရက်၊ ဆီးချိုသမားတွေအတွက် တစ်လ၊ ကင်ဆာသမားတွေအတွက် ၁၈၀ ရက်၊ TB သမားတွေအတွက် သုံးလကုရတယ်တဲ့၊ အဆစ်အမြစ်ရောင်ရမ်းတတ်တဲ့သူတွေကျတော့ ပထမအပတ်မှာ သုံးရက်ပြီးရင် ဒုတိယပတ်ကနေ



www.burmeseclassic.com

www.burmeseclassic.com

စပြီး နေ့စဉ်ပုံမှန် သောက်သွားပေးရမယ်တဲ့ . . ."

"ရေကုထုံးဆိုပါတော့နော် . . ."

"ဟုတ်တယ် ရွှေရေး . . . ကျွန်တော် စိတ်ဝင်စားလို့ စုဆောင်းထားတာ၊ ရွှေရေး ထည့်ရေးလို့ရတာပေါ့"

"ကျေးဇူးပါ ကိုဇွဲ . . . အနည်းဆုံးတော့ သူငယ်ချင်းတွေကို ရွှေရွှေလုပ်လို့ရတာပေါ့လေ"

"ကျွန်တော် မနက်ဖြန်ရော ဆက်လို့ရဦးမလားဟင် ရွှေရေး၊ ရွှေရေး အနှောင့်အယှက်မဖြစ်ဘူးဆိုရင်ပေါ့"

"အနှောင့်အယှက် မဖြစ်ပါဘူး ကိုဇွဲ၊ ကျွန်မအတွက် ဗဟုသုတ တိုးပါတယ်၊ ဆက်လို့ရပါတယ် . . . ဆက်ပါ"

"အိုကေ . . . ကျွန်တော် ဖုန်းချလိုက်တော့မယ်နော်၊ ကောင်းသောညပါ ရွှေရေး . . ."

"ကောင်းသောညပါ ကိုဇွဲ . . ."

ကိုဇွဲ ဖုန်းချပြီး သိပ်မကြာပါ . . . နောက်ထပ် ဖုန်း တစ်ခု ဝင်လာတော့ ရွှေရေး အသံထွက်အောင်ပင် ရယ်လိုက်မိသည်။ အဲဒီနှစ်ယောက်ဟာ ချိန်းပြီးတော့များ ဆက်နေကြသလား မသိ။

"ဟယ်လို . . ."



"ရွှေရေးရဲ့ဖုန်းကလေးကို ကိုယ် သနားနေတာ၊ ဒီလောက် အကြာကြီး ပြောနေတာ တော်တော်ပူနေလောက်ပြီ"

"ဒီလိုပဲပေါ့ရှင် . . . ဒီအချိန်လေး ဖုန်းပြောရတာ ဘာဖြစ်တုန်း၊ နေပါဦး . . . ကိုရန်မခရဲ့ သွေးအုပ်စုကို သိချင်တယ် . . . ပြောပြမလား"

"ဘာလုပ်မလို့လဲ . . ."

"ကိုရန်မခရဲ့ PERSONALITY ကို သိချင်လို့ပေါ့"

"ကိုယ်က "ဝ" သွေးလေ၊ ပြောပါဦး . . . ကိုယ့်ရဲ့ PERSONALITY က ဘာတဲ့လဲ"

ရွှေရေးက တိုက်ဆိုင်မှုအတွက် မျက်ခုံးကလေး ပင့်မိတာ ရယ်မောမိရင်း သူ့ကို စောစောက ကိုဇွဲပြောပြသွားသော အချက်တွေကို လက်ရေးတိုဖြင့် အမြန်လိုက်မှတ်ထားခဲ့သည်မို့ ပြန် ပြောပြလိုက်သည်။ သူက ငြိမ်သက်စွာ နားထောင်နေခဲ့ပြီးမှ . . .

"ဟား ဟား . . . ရွှေရေးမှာ knowledge bank ကြီး တစ်ခုတော့ ရှိနေပြီထင်တယ်၊ ကိုယ်ကတော့ အဲဒီလူလောက် ဗဟုသုတ မစုံဘူးနော်၊ ဒါပေမယ့် သီချင်းလေး တစ်ပုဒ်တော့ ဆိုပြချင်တယ် . . . နားထောင်မလား"

"ဆိုပြပါဦး . . . နားထောင်ရတာပေါ့"


www.burmeseclassic.com

www.burmeseclassic.com

"ဘယ်နေရာမှာ ရှိလိမ့်မလဲ ××× ကိုယ်ကိုယ်တိုင်လည်း မသိတယ် ××× ဒီတစ်နေ့လုံး ××× ဒီတစ်ညလုံး ××× မင်းလေးအကြောင်းကိုယ်တွေးရင်း ××× ဘယ်သူနဲ့ မင်း ရှိမလဲ ××× ဘယ်ရင်ခွင်မှာ အိပ်စက်မလဲ ××× ကိုယ် မသိဘူး မဆိုင်ပါဘူး ××× မင်းလေးကိုယ့်ကို သတိရရင် ပြီးတာပဲ ×××"

"အသံကောင်းသားပဲ ကိုရန်မခ . . . အဆိုတော်လုပ်စား ပါလား"

"တော်ပါပြီ . . . သူများတွေကိုပဲ ပေးစားလိုက်ပါမယ်၊ အဲဒီ လူက ညတိုင်း ရွှေရေးဆီ ဆက်နေတာလား"

"ဟုတ်တယ် ကိုရန်မခ . . ."

"ဘယ်အချိန်ဆို သူ ဆက်တတ်သလဲ . . ."

"ဘာဖြစ်လို့မေးတာလဲဟင် . . . ကိုးနာရီအတိဆို သူဆက် နေကျ . . ."

"အိုကေ . . . ပြောပြတဲ့အတွက် ကျေးဇူးပါ၊ ရွှေရေး အိပ် တော့မှာလား"

"မအိပ်သေးဘူး . . . တရားခဏထိုင်လိုက်ဦးမယ်၊ ပြီးရင် တော့ အိပ်တော့မှာ"

"လိမ္မာလိုက်တာ . . . မနက်ဖြန် စနေနေ့ဆိုတော့ ရွှေရေး စာသွားရေးဦးမှာလား"

"ကျွန်မ weekend တွေဆို စာသွားမရေးဘူး ကိုရန်မခ ရဲ့၊ သူငယ်ချင်းတွေနဲ့ ချိန်းပြီး လျှောက်သွား လျှောက်စား ကြတယ်၊ ဈေးဝယ်ထွက်တယ်၊ ရုပ်ရှင်ကြည့်တယ်၊ ကျွန်မ အတွက် Recreation အချိန်တွေဆိုပါတော့"

"ဩော် . . . ဟုတ်ပြီလေ၊ ဒါဆိုရင် ကိုယ့်ရဲ့ ဂန္ထဝင် ပန်းချီ ကားကို တနင်္လာနေ့ကျမှပဲ လာကြည့်ခွင့်ရတော့မှာပေါ့၊ Have a wonderful weekend ရွှေရေး"

"You too ကိုရန်မခ . . ."

သူ ဖုန်းချသွားခဲ့သည် . . .။ အဲဒီနှစ်ယောက်စလုံး သာ ရွှေရေး၏နှလုံးသားဆီ အမှန်တကယ် လေးလေးနက်နက် ချဉ်းကပ်လာခဲ့ပြီဆိုလျှင် ရွှေရေးအတွက် အတော်ဆုံးဖြတ်ရ ခက် ရော ရွေးချယ်ရခက်မည့် အခြေအနေကြီးတစ်ခု ဖြစ်လာပါ တော့မည် . . .။ အဲဒီလိုဆိုရင်တော့ တော်တော် စိတ်ရှုပ်စရာ ကောင်းပါလိမ့်မည်။ သူငယ်ချင်းတွေကို ပြောပြလျှင် သူတို့ ဘယ်လို ပေးချက်ပေးမယ် မသိပါ . . .။

■ ■ ■


www.burmeseclassic.com


www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



# အခန်း
# ၆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

ထုံးစံအတိုင်း သူငယ်ချင်းတွေဆုံချိန်မှာ လက်ပံပင်ဆက်ရက်ကျသလို ဆူဆူညံညံ စည်စည်ကားကားရှိလှပါ၏။ ရွှေရေးတို့တစ်သိုက် စားစရာတွေ အပြည့်အစုံသယ်ကာ လှော်ကားဥယျာဉ်ဖက် ပျော်ပွဲစားထွက်လာခဲ့ကြခြင်းဖြစ်သည်။ အရိပ်ကောင်းကောင်းသစ်ပင်အောက်မှာ ယိုးဒယားဖျာခပ်ကြီးကြီး ဖြန့်ခင်းကာ လေးယောက်သား လွတ်လပ်ပေါ့ပါးစွာ ခြေဆင်းထိုင်သူ . . . လဲလျောင်းသူ . . . စာအုပ်ဖတ်သူ . . . သီချင်းနားထောင်သူစသဖြင့် ကိုယ်ကြိုက်ရာကိုယ်လုပ်ကြပြီးမှ စားဖို့သောက်ဖို့ ပြင်ဆင်ကြသည်။ ချဉ်ငံစပ် လက်ဖက်သုပ်ဗူးကြီးကို အလယ်မှာချခင်းကာ ထမင်းဖြူဖြူက တစ်ဗူး၊ ခေါက်ဆွဲသုပ်ကတစ်ဗူး၊ ဓာတ်ဗူးနှစ်ဗူးထဲမှာ ရေနွေးကြမ်းတစ်ဗူး၊



ပါခွန်တိုင်စာပေ

www.burmeseclassic.com

www.burmeseclassic.com

ကော်ဖီတစ်ဗူးပါသည်။ ပြီးတော့ ကြက်ကြော်၊ ခေါက်ဆွဲကြော်၊ ကြာဇံကြော်၊ ကြက်ဆီထမင်းတွေကို Restaurant ကနေ ဝင်ဝယ်လာခဲ့သေး၏။ ပျော်ပွဲစားထွက်ရတာကို ရွှေရေးတို့လေးယောက်စလုံး သဘောကျစွဲမက်ကြပါသည် . . .။

"ဟော့ . . . နင်တို့ကို ငါ ပြောစရာရှိတယ် သိလား"

"ဆိုပါဦး . . . စာရေးဆရာမရယ်၊ တစ်ပတ်အတွင်း သတင်းပဒေသာကို"

"နင်တို့သိပြီးသားပါ . . . လူနှစ်ယောက် ငါ့ဘဝဆီကို အပြိုင်အဆိုင်လိုလိုကို ချဉ်းကပ်လာနေကြတယ်၊ သူတို့ နှစ်ယောဟ်၁လုံးမှာ သူနည်းသူဟန်နဲ့သူ စိတ်ဝင်စားဖို့ ကောင်းတယ်၊ ငါ့ကို ဆွဲဆောင်နိုင်စွမ်းရှိတယ်၊ ဘယ်သူက ပိုပြီး လွှမ်းမိုးနိုင်စွမ်းရှိသလဲဆိုတာ ငါ ခုချိန်ထိ မခွဲခြားနိုင်သေးဘူး၊ သူတို့နှစ်ယောက်ထဲက တစ်ယောက်ကိုပဲ ရွေးရတော့မယ်ဆိုရင် ငါ ဘယ်သူ့ကို ရွေးရမှန်းမသိဘူး၊ ခုတလော အဲဒါကို အရမ်းအုံးစားနေတယ်ဟာ၊ လုပ်ကြပါဦး . . .၊ ငါ့ကို အကြံဉာဏ်ကလေးတွေ ပေးကြပါဦး၊ ဒိုင်ကလေးတွေ ဖွင့်ပေးကြပါဦး"

"ဒါများ ရွှေရေးမ,ရယ်၊ အုံးစားခဲ့လို့ . . .၊ ဘဝမှာ တစ်ခါ တစ်ခါ ဒီလိုပဲ ရွေးချယ်ရခက်လောက်အောင် အခွင့်အရေးနှစ်ခု တစ်ပြိုင်တည်းပေါ်လာတဲ့အခါ ဆုံးဖြတ်ရခက်နေတယ်ဆိုပါစို့၊ ကိုယ်က စ,ပြီး ရွေးချယ်လိုက်တဲ့အခါ အစွန့်ခံလိုက်ရတဲ့တစ်ယောက်အတွက် ကိုယ်က guilty ဖြစ်နေရမှာရယ်၊ ကိုယ်ရွေးချယ်လိုက်တဲ့ ရွေးချယ်မှုက မတော်တဆ မှားယွင်းသွားတဲ့အခါ နောင်တရ,နေရမှာရယ်က တော်တော်ခက်တဲ့အလုပ်၊ အဲဒီတော့ ဒီပြဿနာကို ရိုးရိုးလေးပဲ ဖြေရှင်းလိုက်ဟာ၊ ကိုယ်က ရွေးချယ်မယ့်အစား သူတို့က ကိုယ့်ကို ရွေးချယ်ပစေ၊ အဲဒီ အခွင့်အရေးကို သူတို့လက်ထဲ ထည့်ပေးလိုက်"

ထုံးစံအတိုင်း ခေးခေးက ရည်းစားသာမရှိသေးပေမယ့် သမ္မာကြီးစတိုင်လ်ဖြင့် အတည်ပေါက်ကြီး ပြောလိုက်သော စကားကို ရွှေရေးကတော့ ဖျားသွားရသည်။ ဟုတ်တာပဲ . . .။ ကိုယ်ရွေးချယ်ရခက်နေရင် အခွင့်အရေးက ကိုယ့်ကို ရွေးချယ်ခွင့်ပေးလိုက်ရုံပေါ့။ တစ်ခါတစ်ခါ ပြဿနာတစ်ခုကို ရှုပ်ရှုပ်ကြီးမတွေးဘဲ ရိုးရိုးရှင်းရှင်းကလေးပဲ တွေးကြည့်လိုက်သောအခါ အဖြေက ကိုယ့်ရဲ့ လက်တကမ်းအတွင်းမှာ အလွယ်တကူရှိနေတတ်ပါသည်။

"ဟယ် . . . ခေး နင့်ဦးနှောက်ကို စိန်ကွပ်ထားဖို့ ကောင်းနေ


www.burmeseclassic.com

www.burmeseclassic.com

ပြီ . . . တော်လိုက်တဲ့အတွေး"

"အောင်မယ် . . . ငါ့ဦးနှောက် ဒီလောက်အဖိုးတန်တာ၊ ဒီအတိုင်းပဲထားမှ ငါ့ဦးနှောက်ဖြစ်တော့မပေါ့၊ စိန်နဲ့ကွပ်လိုက်ရင် စိန်ဦးနှောက်ဘဝ ရောက်သွားတော့မှာပေါ့ . . . အဟား"

ခေးခေး၏အပြောကို ကျန်တဲ့သူတွေက ဝိုင်းဟားကြသည်။ ထုံးစံအတိုင်း ခေါင်းစဉ်တွေ အကြောင်းအရာတွေ စုံလင်အောင် တစ်ယောက်တစ်ပေါက် ပြောကြရင်း ပျော်ပွဲစားထွက်ခြင်း၏ အရသာကို လွတ်လပ်ပေါ့ပါးစွာ ခံစားကြပါ၏။ ညနေမစောင်းခင် ရွှေရေးတို့ ပြန်ခဲ့ကြသည်။ ရွှေရေးကတော့ ခေါင်းထဲမှာ အစီအစဉ်တစ်ခုကို ကျကျနန ဆွဲလျက်ရှိလေသည်။

ထိုညက ကိုးနာရီမထိုးခင် ငါးမိနစ်အလိုမှာ ရွှေရေး၏ mobile ကလေး မြည်လာခဲ့သည်။ ရွှေရေးက စိတ်ကူးတစ်ခု ပေါ်လာသည်နှင့် . . .

"ကိုရန်မခ တနင်္လာနေ့ ဘယ်အချိန်လောက် အားမလဲ ဟင်"

ဟု . . . မေးလိုက်သည်။

"အားပါတယ် . . . ရွှေရေး ဘာဖြစ်လို့လဲ၊ ကိုယ် မအား





ရင်တောင် ရွှေရေးကိစ္စတစ်ခုခု ရှိတယ်ဆိုရင် ကိုယ်လာမှာပေါ့ . . . "

"ကျွန်မ lunch ကျွေးချင်လို့ပါ၊ ဆယ့်နှစ်နာရီလောက်ဆို ကောင်းမလားဟင်"

"ကောင်းတာပေါ့ . . . စားဖို့ဝါးဖို့အတွက်ဆို အားပြီးသားပါ၊ ဘယ်ကိုလာခဲ့ရမလဲသာပြော . . . "

"White Rice မှာပဲ စားကြတာပေါ့နော်"

"အိုကေ . . . ကိုယ်လာခဲ့မယ်လေ၊ အထိမ်းအမှတ် တစ်ခုခုတော့ မဟုတ်ပါဘူးနော်"

"မဟုတ်ပါဘူး . . . အေးအေးဆေးဆေး စကားပြောလို့ရအောင်ပါ"

သူကတော့ ပျော်ပျော်ရွှင်ရွှင်ပဲ . . . နှုတ်ဆက်ကာ ဖုန်းချသွားခဲ့သည်။ သူ ဖုန်းချပြီးတာနှင့် ကိုဇွဲဆီက ဖုန်း ချက်ချင်းဝင်လာခဲ့သည်။ ကိုးနာရီတော့ ကျော်သွားပြီပေါ့။

"ကျွန်တော် စောစောကတည်းက ဆက်နေတာ . . . "

ဟု . . . သူက ခပ်တိုးတိုးပြောသည်။

"ဆောရီးပါ . . . ကိုဇွဲ သူငယ်ချင်းတစ်ယောက်ရဲ့ ဖုန်းဝင်လာတာနဲ့ . . . "





www.burmeseclassic.com

www.burmeseclassic.com

"ဒီနေ့ ဘယ်သွားဖြစ်သေးလဲ ရွှေရေး . . ."

"ကျွန်မတို့ သူငယ်ချင်းတွေနဲ့ လှော်ကားဘက် picnic ထွက်ကြတယ်လေ"

"ပျော်စရာကြီးပေါ့ . . .၊ ကျွန်တော်လည်း picnic ထွက်ရတာကို ကြိုက်တယ်၊ စာအုပ်ကလေးတစ်အုပ်နဲ့လေ၊ မြက်ခင်းပေါ်မှာ ဖျာကလေးချခင်းထားပြီး ကော်ဖီပူပူကလေးတစ်အိုးနဲ့ဆို ရပြီ"

သူ့စိတ်ကူးကို ပေါ်လွင်အောင် ပြောပြနေလျှင် ရွှေရေးနှင့် စိတ်ကူးချင်းတစ်ထပ်တည်းကျနေတာကို အံ့ဩစွာ ရယ်ရွှင်မိသေးသည်။

"ကျွန်မလည်း တောအုပ်ကလေးထဲမှာ ရေတံခွန်ကလေး နဲ့ စမ်းချောင်းလေးနံဘေးမှာ အေးအေးလူလူ ပျော်ပွဲစား ထွက်ရင်း စာအုပ်ကလေး ဖတ်ချင်တဲ့စိတ်ကူးမျိုး မကြာမကြာ ဆာတတ်တယ် ကိုဇွဲ၊ အဲဒီစိတ်အဆာကို ဖြေဖျောက်တဲ့အနေနဲ့ ကျွန်မရဲ့ခြံအနောက်ဘက်မှာ တောအုပ်အသေးစားကလေးတစ်ခု ဖန်တီးထားသေးတယ်၊ အဲဒီနေရာကလေးက ကျွန်မ စာဖတ်တဲ့နေရာကလေးပေါ့"

"ဟုတ်လား . . . စမ်းချောင်းလေးရော ရေတံခွန်လေးပါ ရှိတယ်ပေါ့"

"ဟုတ်ကဲ့ . . . ရှိပါတယ်၊ တမင်ဖန်တီးယူထားတာဆိုပေမယ့် ကျွန်မစိတ်ကူးအတိုင်း စိတ်တိုင်းကျ အကောင်အထည်ဖော်ခွင့်ရလို့ ဖေဖေနဲ့မေမေ့ကို ကျေးဇူးတင်မိတယ်"

"တစ်နေ့နေ့ အဲဒီနေရာကလေးကို ကျွန်တော် လာလည်ခွင့်ရချင်သား"

"ဖြစ်ရမှာပေါ့ ကိုဇွဲ . . . တစ်နေ့တော့ ကျွန်မ ဖိတ်မှာ ပါ၊ ဪ . . . အခု သတိရတုန်း ဖိတ်စရာကလေးတစ်ခု ရှိသေးတယ်၊ တနင်္လာနေ့ နေ့လယ်ဆယ့်နှစ်နာရီလောက် ကိုဇွဲ အားမလားဟင်"

"အားရမှာပေါ့ ရွှေရေး . . .၊ ရွှေရေး ဘာအစီအစဉ်ရှိလို့လဲဟင်"

"White Rice မှာ နေ့လယ်စာ လိုက်ကျွေးမလို့ပါ၊ အဲဒီကို ပဲ လာခဲ့လိုက်နော်"

"အိုကေ . . . ရွှေရေး၊ ကျွန်တော် လာခဲ့ပါ့မယ်၊ ဒီညလည်း ကျွန်တော် ရွှေရေးအတွက် ဗဟုသုတဖြစ်စေမယ့် စာထဲ ထည့်ရေးလို့ရမယ့် Internet ထဲမှာ ကျွန်တော် ရှာဖွေထားတဲ့ ဟာလေးတစ်ခုလောက် ပြောပြဦးမယ်လေ"



www.burmeseclassic.com

www.burmeseclassic.com

"ပြောပြပါ ကိုဇွဲ . . . ကျွန်မ စိတ်ဝင်စားပါတယ်"

ရွှေရေးက စိတ်ဝင်တစားကလေး နားစွင့်ထားလိုက်မိပြီ . . .။ သူ့မှာ အံ့ဩဖို့ကောင်းသည့်အချက်က အဲဒါကလေးတွေပဲဖြစ်သည်။ အလိုက်သိတတ်တာ . . . မမေ့လျော့တတ်တာ . . . စနစ်တကျ ကြိုတင်ပြင်ဆင်ထားတတ်တာ။

"ခေါင်းစဉ်လေးက ပိုက်ဆံတစ်ပြားမှမကုန်တဲ့ လက်ဆောင် ၈ မျိုးတဲ့၊ သူက ပေါင်းသင်းဆက်ဆံရေးအတွက် ကိုယ်မှာ ရှိထားသင့်တဲ့ အရည်အသွေးကလေးတွေပေါ့၊ လက်ဆောင်တစ်က "နားထောင်ခြင်းလက်ဆောင်" တဲ့၊ နားထောင်တယ် ဆိုတဲ့နေရာမှာ အမှန်တကယ် နားထောင်ပေးရမှာနော်၊ ကြားဖြတ်ပြီး ဝင်မပြောရဘူး၊ တွေးဝေစိတ်ကူးနေတာ မဖြစ်ရဘူး၊ ဘယ်လို တုံ့ပြန်ပြောမယ်ဆိုပြီး စိတ်ထဲမှာ ကြိုတင်စီစဉ်ပြင်ဆင်နေတာမျိုး မဖြစ်ရဘူး၊ နားထောင်ပေးခြင်းသက်သက်ပဲ"

"ဟုတ်ကဲ့ . . . ကျွန်မ နားထောင်နေပါတယ်"

"ဒါဆို ရွှေရေး ကျွန်တော့်ကို နားထောင်ခြင်းလက်ဆောင် ပေးလိုက်ပြီပေါ့၊ ကျေးဇူးပါ ရွှေရေး . . .၊ ဒုတိယလက်ဆောင်ကတော့ "မေတ္တာတရားလက်ဆောင်" တဲ့၊ ပွေ့ဖက်



တာ၊ အနမ်းကလေးတွေ ကျောပြင်လေးကို ပုတ်ပေးတာ၊ လက်ကလေးကိုင်တာ၊ အဲဒီ အပြုအမူကလေးတွေက ကိုယ့်မိသားစုနဲ့ သူငယ်ချင်းတွေအတွက် ကိုယ့်အချစ်ကို ဖော်ပြပေးရာရောက်တာမို့ အဲဒါကလေးတွေကို ရက်ရောစွာ ပေးပါတဲ့"

"တတိယလက်ဆောင်ကရော . . ."

"ရယ်မောခြင်းလက်ဆောင်တဲ့ . . .၊ ကာတွန်းကလေးတွေ ဆောင်းပါးကလေးတွေနဲ့ ရယ်စရာ ပုံပြင်ကလေးတွေ မျှဝေပေးပါတဲ့၊ အဲဒီလက်ဆောင်ကလေးက ကိုယ် မင်းနဲ့အတူ ရယ်မောရတာကို နှစ်သက်တယ်ဆိုတဲ့ အဓိပ္ပာယ်ပါတဲ့ . . ."

"ဟုတ်တယ် . . . အဲဒီလက်ဆောင်ကို ကျွန်မလည်း ကြိုက်တယ်"

"စတုတ္ထလက်ဆောင်က "ရေးထားတဲ့စာ လက်ဆောင်" တဲ့၊ ရိုးရိုးကလေးလည်း ဖြစ်နိုင်တယ် . . . "ကူညီပေးတဲ့အတွက် ကျေးဇူးပါ" ဆိုတာမျိုးလေ၊ ဒါမှမဟုတ် ကဗျာကလေး တစ်ပုဒ် . . .၊ ကိုယ့်လက်ရေးနဲ့ ရေးထားတဲ့ စာတိုကလေးတစ်စောင်ပဲဖြစ်ဖြစ် ဘဝတစ်သက်စာ အမှတ်တရ ဖြစ်စေနိုင်ပါ


www.burmeseclassic.com

www.burmeseclassic.com

တယ်၊ ဘဝတစ်ခုကိုတောင် ပြောင်းလဲစေနိုင်ပါတယ်တဲ့"

"ကျေးဇူးပါ ကိုဇွဲ . . ."

"ပဉ္စမလက်ဆောင်ကလေးက "ချိုးမွမ်းစကားလက် ဆောင်"

ပါ၊ ရိုးရိုးရှင်းရှင်းနဲ့ ရိုးရိုးသားသားကလေးပေါ့၊ "အနီရောင်

ကလေးနဲ့ လိုက်တယ်နော်"

"မင်း အကောင်းဆုံးအလုပ်ကို လုပ်ခဲ့တာပဲနော်" ဒါမှ မဟုတ်

"ကောင်းလိုက်တဲ့ အစားအသောက်တွေပဲနော်" ဆိုတဲ့

စကားလေးတွေက လူတစ်ယောက်အတွက် အဓိပ္ပာယ် ရှိတဲ့

နေ့တစ်နေ့ ဖြစ်စေတတ်ပါတယ်တဲ့"

"ဟုတ်တယ် ကိုဇွဲ . . . တစ်ခါတစ်လေ ဘာမှမဟုတ်

လောက်တဲ့ ချီးမွမ်းစကားလေးတစ်ခွန်းကို ကျွန်မ တစ်မှတ်မှတ်

ကျေနပ်ပြီး ပျော်ရွှင်နေတတ်တယ်၊ အဲဒီလက်ဆောင်လေး

လည်း အဓိပ္ပာယ်ရှိတယ်"

"ဆဋ္ဌမလက်ဆောင်ကလေးက "တစ်ခုခု လုပ်ဆောင်ပေး

လိုက်တဲ့လက်ဆောင်"ပေါ့၊ နေ့တိုင်း ကြင်နာမှုကလေးပါ

တစ်ခုခုကလေးတော့ လုပ်ပေးပါတဲ့"

"အင်ဟင် . . ."

"သတ္တမလက်ဆောင်က "ထီးထီးနေခွင့်လက်ဆောင် ဆို





တော့၊ တစ်ခါတစ်ရံ တစ်ယောက်တည်းနေရတာထက်

ပိုကောင်းတာ ဘာမှမရှိဘူးဆိုတာမျိုး ကိုယ့်မှာလည်းရှိတတ်

သလို တခြားသူတွေအတွက်လည်း အဲဒီ အခွင့်အရေးလက်

ဆောင်ကို ပေးပေးပါတဲ့၊ ကိုယ့်ကြောင့် အနှောင့်အယှက်

မဖြစ်စေချင်တဲ့ စေတနာမျိုးပေါ့"

"ဟုတ်တယ် . . . တစ်ခါတစ်ခါ ကျွန်မလည်း အဲဒီ လက်

ဆောင်မျိုးကို အရမ်းတမ်းတမိတယ်"

"အဋ္ဌမလက်ဆောင်ကတော့ ချိုသာရွှင်ပျတဲ့ အကျင့်စရိုက်

ကလေးတဲ့ . . .

အလွယ်ဆုံးနည်းလမ်းက တစ်ယောက်ယောက်ကို

နူးညံ့ချိုသာတဲ့ စကားလေးတစ်ခွန်းလောက် ပြောပေးဖို့ပါ တဲ့

. . .။ ပြောဖို့လုံးဝမခက်ပါဘူး . . . ဟယ်လို ဆိုတာ မျိုး

. . . ကျေးဇူးပါ ဆိုတာမျိုးလေး လောက်ပါပဲတဲ့"

"ကောင်းလိုက်တဲ့ လက်ဆောင်ကလေးတွေနော်၊ ခုလို မျှဝေ

ပေးတာ ကျေးဇူးပါ ကိုဇွဲ . . ."

"အဲဒီ လက်ဆောင်ကို ကျွန်တော် လက်ခံပါတယ်၊ အခုပဲ

အဲဒီ e-mail လေး ရွှေရေးဆီ ပို့လိုက်ပြီနော်၊ ပျော်ရွှင်ပါစေ

ရွှေရေး၊ ကျွန်တော့်ကို ဘာပြောစရာ ကျန်သေးလဲဟင်"

www.burmeseclassic.com

"ဟင့်အင်း . . . မရှိတော့ပါဘူး၊ တနင်္လာနေ့တွေ့မယ်လေ"

"ဟုတ်ကဲ့ . . . တွေ့ပါမယ်၊ ကောင်းသောညပါ ရွှေရေး စောစောအိပ်နော်"

"ကောင်းပါပြီရှင် . . ."

ရွှေရေး နှုတ်ခမ်းလေးပေါ်မှာ အပြုံးရိပ်ကလေး ခိုတွယ်နေခဲ့တာကို ဖုန်းပိတ်ပြီးချိန်မှပဲ သတိထားမိပါတော့သည်။

■ ■ ■



တနင်္လာနေ့ ရွှေရေးစာရေးနေကျ နေရာကလေးသို့ ရောက်ချိန်မှာ အံ့အားသင့်စရာမြင်ကွင်းတစ်ခုက အဆင်သင့် စောင့်ကြိုထားနှင့်ခဲ့ပြီ။ ရွှေရေး စာရေးနေကျ စားပွဲပေါ်မှာ အလွန် လှပသော ပန်းအိုးဝိုင်းဝိုင်းတစ်အိုးက နေရာယူထားခဲ့ခြင်း ဖြစ်သည်။ ပန်းအိုးထဲမှာ နှင်းဆီဖြူတွေ ဝေဝေဆာဆာ။ နှင်းဆီရနံ့ ကလေးတွေပင် သင်းသင်းပျံ့ပျံ့ မွှေးထုံလျက် . . .။ သေချာ တာက ကော်ဖီဆိုင်က ထိုးပေးထားတာ မဖြစ်နိုင်။ ဒီစားပွဲတစ်ခု တည်းမှာ ဒီနှင်းဆီဖြူတွေက စပယ်ရှယ်ဝေနေခဲ့တာလေ။ ပန်းအိုး ကလေး မှာကပ်ပြီး ထောင်ထားသော ကဒ်ပြားကလေးကို ရွှေရေး ယူကြည့်လိုက်တော့ . . .

"ဖြူလွတဲ့ နှင်းဆီတွေ . . . ကေသာရှည်နဲ့ မဒီလေး စာထိုင် ရေးနေတဲ့ ဒီမြင်ကွင်း . . . ဂန္ထဝင်တောင် မမီနိုင်ပါဘူး ကွယ်"

တဲ့ . . .။ ကဗျာတိုကလေး . . .။ လက်မှတ်က


www.burmeseclassic.com

www.burmeseclassic.com

ရန်မခတဲ့။ ရွှေရေးပြုးမိပါသည်။ ခုတလော နှလုံးသားဆီမှာ နှစ်သိမ့်ကျေနပ်စရာ ပီတိကလေးတွေသာ ဝေနေတတ်တာကို သာယာယစ်မူးမှုလို့ အမည်တပ်ရမည်လား မသိပါ။ နှင်းဆီရနံ့တွေ တသင်းသင်းနှင့် စာထိုင်ရေးရတာလောက် ကျေနပ်မွေ့လျော်ဖွယ်ကောင်းတာ မရှိပြီ။ ဆယ့်နှစ်နာရီဆိုသော အချိန်ကိုတော့ စိတ်လှုပ်ရှားရင်ခုန်စွာဖြင့် တိတ်တဆိတ် စောင့်မျှော်နေခဲ့မိပါ၏။

ဒီနေ့အဖို့တော့ စာရေးခြင်းကို ခပ်စောစော လက်စသိမ်းပြီး White Rice သို့ ထွက်ခဲ့ပါသည်။

■ ■ ■



သူ့ဘဝတစ်လျှောက်လုံးမှာ သူ ဘာဖြစ်ချင်တယ်၊ ဘာလိုချင်တယ်ဆိုတာကို အရင်ဆုံးသိအောင်လုပ်ပြီးမှ သေချာပိုင်နိုင်အောင် စနစ်တကျ ပြင်ဆင်မှုတွေဖြင့် လိုချင်သောအရာကို ပိုင်ပိုင်နိုင်နိုင် ဆုပ်ကိုင်အရယူခဲ့သည်ချည်းဖြစ်သည်။ အခုအချိန်မှာ သူ့နှလုံးသားက တစ်စုံတစ်ရာကို ဆန္ဒပြင်းပြစွာ တောင်းဆိုနေခဲ့ပြီ။ ထိုအရာသည် လှပသော ပညာရှိသော ယဉ်ကျေးလိမ္မာသော ဣန္ဒြေရသော ကျက်သရေရှိသော သူ့ရဲ့ဇနီးအလိမ္မာကလေးအဖြစ် သူ့နံဘေးမှာ ရပ်တည်ဖို့ တင့်တယ်သော မိန်းကလေးတစ်ယောက်ဖြစ်သည်။ ဘယ်မိန်းကလေးကိုမှ အခုလောက် မက်မောစွဲလန်းခဲ့တာမျိုး မရှိခဲ့ဖူးပါ။ မိန်းမချောများစွာ တွေ့ဖူးပါသည်။ ခပ်ထက်ထက် အဆင့်အတန်းမြင့်မြင့်တွေလည်း တွေ့ဖူးသည်။ သူ့နှလုံးသားဆီ လှိုင်းတစ်လုံးလို အရှိန်ပြင်းပြင်း ဝင်ဆောင့်ရိုက်ခတ်နိုင်စွမ်းမရှိခဲ့။ ဒီမိန်းကလေးကျမှပဲ ငြိမ်ငြိမ်အေးအေးကလေးနှင့် သူ့ကို လှပစွာ ဖြားယောင်းထားနိုင်ခဲ့သည်။ သူမနှင့် စကားပြောနေ



www.burmeseclassic.com

www.burmeseclassic.com

ရသောအချိန်တွေကို အရာရာထက် သူ မက်မောနေတတ်သည်။ အဲဒါလောက်နှင့်တော့ 'အချစ်' ဟု သူ အမည်မတပ်လိုသေးပေမယ့် ရူးသွပ်ခြင်းတစ်မျိုးတော့ သူ့မှာ ရှိနေခဲ့ပြီ။

သူမကို သိဖို့အတွက် သူမနှင့်နီးဖို့အတွက် သူ့ ဘက်က ပါးနပ်ညင်သာစွာကြိုးစားရင်း အချစ်ဆိုသောအရာသည် ဘယ်အချိန်မှာ စိမ့်ဝင်လာခဲ့မှန်းမသိလောက်အောင် အလိုအလျောက် ကုပ်တွယ်စိမ့်ဝင်လာလိမ့်မည် . . . ဟု သူ ယုံကြည်ထားခဲ့ပြီးသား။ သူ့အတွက် အရာရာသည် စနစ်တကျ သေချာနေပြီဆိုသောအချိန်ကျမှ သူ လုံးဝ မျှော်လင့်ကြိုတွေးမထားခဲ့သော ပြိုင်ဘက်က ပြုန်းခနဲ မိုးကျရွှေကိုယ်တစ်ယောက်လို ပေါ်လာခဲ့ခြင်းဖြစ်သည်။

White Rice ကားပါကင်မှာ သူတို့ကားနှစ်စင်း ပြိုင်တူနီးပါး ထိုးရပ်မိကြသည်။ သူ ပထမတော့ သတိမထားမိသေးပါ။ ကားပေါ်က ဆင်းချိန်ကျမှ ရန်မခကို တွေ့ရခြင်းဖြစ်သည်။ ရန်မခကိုတွေ့တိုင်း သူ့ရင်ထဲမှာ တင်းခနဲ ဖြစ်သွားတတ်ကာ အစစအရာရာကို သတိအနေအထား ဖြစ်သွားတတ်ခဲ့သည်။ White Rice မှာ ဆုံတာလောက်က ဘာမှ မထူးခြား။ သူလည်း နေ့လယ်စာလာစားတာ ဖြစ်နိုင်တာပဲ။ တစ်ယောက်ကိုတစ် ယောက်ဟန်ဆောင်ထားသော အပြုံးကိုယ်စီနှင့် နှုတ်ဆက်ရင်း လှေကားထစ်တွေကို ပြိုင်တူနီးနီး တက်လာခဲ့ကြသည်။ စကားတော့ မပြောမိ။ သူကလည်း ရန်မခကို လှေကားတက်သည့် အချိန်ကလေးတောင် အကျော်မခံချင်သည်မို့ ရန်မခ ကျော်သွားတိုင်း သူ ချက်ချင်း ပြန်ကျော်တက်သည်။ White Rice မှာ ဆိုင်ထဲရောက်တော့ စားပွဲတစ်ခုမှာ ကျောရှင်းစွာထိုင်နေခဲ့သော ရွှေရေးကို တွေ့ရသည်။ သူ ရွှေရေးဆီသို့ တန်းတန်းမတ်မတ် လျှောက်လာခဲ့ချိန်မှာ ရန်မခကလည်း သူနှင့်အပြိုင် ဘေးကနေ ကပ်ပါလာသည်မို့ သူ မျက်ခုံးတွေ ရှုံ့သွားသည်။ ဒီကောင် ဘာလဲ . . . ဘယ်လဲပေါ့။ ရွှေရေးက ကြွေကြီးသော အပြုံးကလေးနှင့် သူ့ကို စောင့်ကြိုနေသည်။ ရွှေရေး၏စားပွဲသို့ သူရောက်ချိန်မှာ ရန်မခကလည်း အတူရပ်တန့်လိုက်ပြီး ရွှေရေးကို နှုတ်ဆက်လိုက်သော မြင်ကွင်းကြောင့် သူ့နှလုံးသား ချက်ချင်း အခုန်ရပ်သွားသလို ငြိမ်သက်သွားကာ နှုတ်ခမ်းတွေ တင်းတင်းစေ့သွားသည်။ ခေါင်းထဲမှာ အချက်ပေးခေါင်းလောင်းသံတွေ ချက်ချင်းပဲ ထ,မြည်လာခဲ့ပါ၏။

"ဟော . . . နှစ်ယောက်စလုံး အတူတူ ရောက်လာတာကိုး၊ ကျွန်မက ကိုဇွဲနဲ့ ကိုရန်မခတို့ကို မိတ်ဆက်ပေးချင်တာနဲ့ တစ်ခါတည်း ဆုံရအောင် ထမင်းစားဖိတ်လိုက်တာပါ"


www.burmeseclassic.com

www.burmeseclassic.com

ရွှေရေးကတော့ သူမ၏ မူပိုင်ဟန်ကလေးအတိုင်း ဘာမှမထူးခြားသည့်ဟန်ဖြင့် လိမ္မာပါးနပ်စွာ မိတ်ဆက်ပေးသည်။ သူ့ရင်ထဲမှာတော့ မုန်တိုင်းတွေ ထန်နေတာကို ဟန်ဆောင်မြိုသိပ် ချုပ်ထိန်းကာ ဣန္ဒြေရရ လက်ဆွဲနှုတ်ဆက်ရသည်။ ဒီကောင် ဘာသဘောနဲ့ သူ့ကို လိုက်ဖိုက်နေရတာပါလိမ့်။ မြေကွက်လေလံပွဲ . . . ရွှေမန္တလာပရော့ဂျက် လေလံပွဲ . . . ဂန္ဓဝင်ပန်းချီကားလေလံပွဲမှာ သူနှင့် ဈေးပြိုင်လိုက်ပေးပြီး မတန်တဆဈေးတွေ မြင့်တက်လာအောင် လိုက်ဖိုက်ခဲ့ပြီးမှ ထိုးကျွေးခဲ့တာတွေကို သူ ချက်ချင်း ပြန်သတိရလာသည်။ ဒါဟာ သူနှင့်ရန်မခ ထိပ်တိုက်ဆုံကြတာ ငါးကြိမ်တိတိရှိပြီ။ အထူးသဖြင့် ဒီလိုပွဲမျိုးမှာ သူ လုံးဝ အရှုံးနိမ့်မခံနိုင်ပါ။ သူ စိတ်ဝင်စားမက်မောစွဲလန်းနေခဲ့သော ရွှေရေးသည် သူ့ရဲ့ ဂုဏ်သိက္ခာတစ်ခု ဖြစ်လာခဲ့ပြီ။ ရန်မခက သူ့ကိုကြည့်သော အကြည့်တွေ အပြုံးတွေက သူ့ကို စိန်ခေါ်နေသလိုပဲ သူ ခံစားနေရသည်။ ရွှေရေးကိုကြည့်ပုံ . . . ပြောဆိုဆက်ဆံပုံတွေ တရင်းတနှီး ပိုင်စိုးပိုင်နင်းဆန်လှတာကို သူ လုံးဝ မနှစ်သက်။ ပြိုင်ဘက်ကိုမုန်းသော အမုန်းသည် သူ့ရင်ထဲမှာ တူးခါးလို့နေသည်။

သူတို့နှစ်ယောက်ကို ရွှေရေး ဘာကြောင့် ထိပ်တိုက်ဆုံပေးမှန်း သူ နားမလည်သော်လည်း အဲဒီနောက်ကွယ်မှာ အစီပွာယ်တစ်ခုခုရှိတာကိုတော့ သူ အသေအချာသိသည်။ ရွှေရေးက ဟင်းပွဲတွေမှာရင်း စကားတွေပြောရင်း သူနှင့်ရန်မခ ကို မသိမသာ အကဲခတ်နေတာကိုလည်း သူရိပ်မိသည်။ ရန်မခဆိုသည့်ကောင်ကလည်း အံ့သြစရာ၊ မယုံနိုင်စရာကောင်းလောက်အောင်ကို ဟန်ဆောင်ကောင်းနေခဲ့သည်။ သူနှင့် စီးပွားပြိုင်ဘက်တစ်ယောက် မဟုတ်တဲ့အတိုင်း သူ့ကို လိုက်တိုက်နေသူ မဟုတ်တဲ့အတိုင်း ချိုသာဖော်ရွှေစွာ စကားတွေကောင်းနေသည်။ သူက မြွေမြွေချင်းတော့ ခြေမြင်သေးသည်မို့ ရန်မခ မျက်နှာဖုံးအောက်က အမျက်ဒေါသနှင့် မလိုတမာ သဝန်တိုစိတ်ကို မြင်တွေ့ခံစားလို့ရပါသည်။

သူက ရွှေရေးအတွက် ပန်းကန်တွေ ငွန်းခက်ရင်းတွေကို ခါတိုင်းလိုပဲ ဂရုတစိုက် သုတ်ပေးသည်။ ဟင်းပွဲတွေ ရောက်လာတော့ ဟင်းတွေကို သပ်ရပ်လှပစွာ ပန်းကန်ထဲ စီရီထည့်ပေးသည်ကို ရန်မခက ပြုံး၍စိုက်ကြည့်နေခဲ့သည်။ သူကလည်း ရန်မခကို ဂရုမစိုက်။ စိတ်ထဲမှာ အနှောင့်အယှက်ကြီးစွာ ဖြစ်နေပေမယ့် ကိုယ့်ဘက်က အမှားမခံနိုင်သည်မို့ ခေါင်းအေးအေးထားပြီး သူ ဘာလုပ်မယ်ဆိုတာကို စနစ်တကျ အစီအစဉ်


www.burmeseclassic.com

www.burmeseclassic.com

ဆွဲလျက်ရှိသည်။

"ဒီနေ့ နှင်းဆီဖြူတွေအတွက် ကျေးဇူးတင်ပါတယ် ကိုရန်မခ၊ ကျွန်မက နှင်းဆီဆို အဖြူရော ပန်းရောင်ရော အဝါရောင် ကြက်သွေးရောင် အကုန်ကြိုက်တယ်"

"most welcome ရွှေရေး၊ ဒီနေ့ နေ့လယ်စာအတွက်လည်း ကိုယ်က ကျေးဇူးပါ"

"my pleasure ကိုရန်မခ၊ ကိုဖွဲ့ရော စားလို့ကောင်းရဲ့လား၊ ကျွန်မ ဒီနေ့ပဲ ကိုဖွဲ့ပြောတဲ့ လက်ဆောင် ၈မျိုးကို စာထဲ ထည့်ရေးလိုက်ပြီ သိလား၊ နောက်ထပ်ရှာတွေ့တာရှိရင် ပြောပေးဦးနော်"

"စိတ်ချပါ ရွှေရေး . . . ဒီနေ့ကလေးကို ကျွန်တော် မမေ့ပါဘူး၊ အမှတ်တရ မှတ်ထားပါ့မယ်၊ နောက်တစ်ကြိမ် ကျွန်တော် ပြန်ကျွေးပါရစေ၊ ကိုရန်မခရောပေါ့၊ ကျွန်တော် ဖိတ်လိုက်မယ်နော်၊ ရွှေရေး ဒီကပြီးရင် ဘယ်သွားဦးမလဲ"

"ကျွန်မ အိမ်ပဲ ပြန်တော့မယ်၊ ဖတ်စရာ စာအုပ်အသစ် တွေ မနေ့ကမှ သွားဝယ်ထားတာ ကိုဖွဲ့ရဲ့၊ ကဲ နှစ်ယောက် စလုံးကို ကျေးဇူးတင်ပါတယ်နော် . . . ပြန်ကြစို့နော်"

ရွှေရေးက ပိုက်ဆံရှင်းပြီး နှုတ်ဆက်ကာ ပြန်ဖို့ပြင်သည်။ သူက ရွှေရေးကို သူ့ပုံစံအတိုင်း ကားအထိ လိုက်ပို့ပေးခဲ့ပါ၏။ ကားပေါ်ရောက်သည်နှင့် သူ့ကားနံဘေးမှာ ခုချိန်ထိ မထွက်သေးသော ရန်မခနှင့် သူ ရင်ဆိုင်လိုက်သည်။



"မင်းနဲ့ကိုယ် အေးအေးဆေးဆေး စကားပြောရအောင် အခုလိုက်ခဲ့နိုင်မလား ရန်မခ"

"သိပ်ရတာပေါ့ . . . ဘယ်ကိုလိုက်ခဲ့ရမလဲ ပြော. . ."

"TRADERS' ခေါင်မိုးပေါ်ကို"

"OK ..."

သူတို့ကားနှစ်စင်း အပြိုင်လိုလိုပင် ထွက်လာခဲ့ကြသည်။ ပြိုင်ဘက်တစ်ယောက်နှင့် မျက်နှာချင်းဆိုင် ရင်ဆိုင်တွေ့ဆုံရတော့မည်ဆိုလျှင် သူ့ဘက်က စကားတချို့ကို ကြိုတင်ပြင်ဆင်ထားတတ်သူပီပီ ကားမောင်းနေရင်းက စကားလုံး တချို့ကို ရွေးချယ်စဉ်းစားနေခဲ့သည်။ ရန်မခက သူ့ကားနှင့် ဘေးချင်းယှဉ် လျှက်မောင်းလိုက် ကျော်တက်သွားလိုက် သူက ပြန်ကျော်လိုက်နှင့် နောက်ဆုံးတော့ TRADERS' HOTEL ၏ ခေါင်မိုးပေါ်သို့ ပြိုင်တူနီးပါးပင် ရောက်ရှိခဲ့ကြပါသည်။

■ ■ ■


www.burmeseclassic.com

www.burmeseclassic.com




ပြိုင်ဘက်နဲ့
နှလုံးရည်ချင်း ယှဉ်ပြိုင်ရတဲ့အခါမျိုးမှာ
ကိုယ့်နှလုံးသွေးက ရဲရဲနီပြီး ပူဆွေးနေဖို့နဲ့
ဝမ်းခေါပြည့်ဝနေဖို့
လိုအပ်တယ်လေ။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း

# ၇



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၇)

အပေါ်ဆုံး ခေါင်မိုးလိုနေရာမျိုးကနေ အရာအားလုံးကို စီးမိုးပြီး လှမ်းကြည့်ရသော အရသာကို သူ အလွန်နှစ်ခြိုက်ပါသည်။ အဲဒီလို ကြည့်ခွင့်ရဖို့အတွက်တော့ သူ သည်အမြင့်ကိုတော့ အရင်တက်ခဲ့ရသည်လေ ...။ နှစ်ယောက်သားဆုံချိန်မှာ တစ်ယောက်ကိုတစ်ယောက်မကြည့်ဘဲ ရန်ကုန်မြို့လယ်၏ ရှုခင်းကိုသာ စိမ်ပြေနပြေ ငုံ့ကြည့်နေကြသည်။ ကားတွေ လူတွေ ရှုပ်ထွေးရွေ့လျားသွားနေကြသည်။

"မင်း ဘာဖြစ်လို့ သူ့ကို ရွေးချယ်ခဲ့တာလဲ ..."

သူ ပထမဆုံး စ,ပြောလိုက်သော စကားသံက အေးစက်စက်တော့ ဖြစ်နေခဲ့သည်။ သူက လှည့်မကြည့်ဘဲ ပခုံးတစ်ဖက်တွန့်ကာ ဖြေဟန်က ကြွပ်ဆတ်ဆတ်။



တံခွန်တိုင်စာပေ

www.burmeseclassic.com

www.burmeseclassic.com

"အရှင်းဆုံးပြောရရင် ကျွန်တော့်နှလုံးသားက သူ့ကို မြင်သွားခဲ့လို့ပေါ့၊ ဒီကမ္ဘာလောကကြီးမှာ မိန်းမတွေ အများကြီးရှိတာပဲ၊ အဲဒီအများကြီးထဲက သူ့တစ်ယောက်တည်းကို ကွက်ပြီး မီးမောင်းထိုးထားခဲ့သလို ကျွန်တော် မြင်သွားခဲ့တယ်"

"ကိုယ်ကတော့ သံသယဖြစ်မိတယ်၊ အဲဒါ သွေးရိုးသားရိုးမှ ဟုတ်ရဲ့လားလို့၊ မင်း ကိုယ့်ရဲ့ အခွင့်အရေးတချို့ကို ပေါ်တင်ကြီး လိုက်တိုက်ပြီး ယူသွားခဲ့တာ သုံးကြိမ်ရှိပြီလေ၊ ပန်းချီကား လေလံပွဲတုန်းကလည်း မင်းကြောင့် ကိုယ် အဲဒီကားကို မတန်တဆဈေးနဲ့ ပေးဝယ်လိုက်ရတာ၊ အခုတစ်ကြိမ်လည်း ဒီမိန်းကလေးကို ကိုယ် ရွေးချယ်ခဲ့ပြီးကာမှ မင်း မထင်မှတ်ဘဲ ပေါ်လာတယ်၊ ကိုယ်တစ်ခုမေးချင်တာက မင်း ကိုယ့်ကို လိုက်ဖိုက်နေတာလား၊ မင်း ဘာဖြစ်ချင်တာလဲ"

အခုမှ ရန်မခက သူနှင့် မျက်နှာချင်းဆိုင်ကာ သူ့မျက်ဝန်းတွေထဲသို့ တည့်တည့်စိုက်ကြည့်လာခဲ့၏။

"ကျွန်တော်ပြောမယ် . . . ပင်လယ်ဆိုတာ အကျယ်ကြီး လူတိုင်း ငါးမျှားခွင့်ရှိတယ်၊ ခင်ဗျား ကျွန်တော့်ကို ပြိုင်ဘက်အဖြစ် သတ်မှတ်ရမှာ ကြောက်နေရင်တော့ ကျွန်တော်



မသိဘူး၊ ကျွန်တော်ကတော့ ကျွန်တော်လိုချင်တဲ့ အခွင့်အရေးတစ်ခုခုပဲဖြစ်ဖြစ် . . . မိန်းကလေးတစ်ယောက်ကိုပဲဖြစ်ဖြစ် ဘယ်သူနဲ့မဆို ယှဉ်ပြိုင်ပြီး အရယူဖို့ ကြိုးစားမှာပဲ၊ ဒါ ကျွန်တော့် အခွင့်အရေးပဲ"

"မင်း ကိုယ့်ကို စိန်ခေါ်နေတာလား ရန်မခ"

"ဟုတ်ကဲ့ . . . ကျွန်တော် စိန်ခေါ်တယ်လို့ပဲ သတ်မှတ်လိုက်ပါ၊ အဲဒီမိန်းကလေးကို ကျွန်တော် ရွေးချယ်ခဲ့ပြီးပြီ၊ ကျွန်တော့်ဆုံးဖြတ်ချက်ကို ကျွန်တော် မပြောင်တော့ဘူး၊ ကျွန်တော် မရရအောင် လိုက်ယူမှာပဲ၊ ပြိုင်ဘက်တွေ ဘယ်နှစ်ယောက်ပဲရှိရှိ ကျွန်တော် ဂရုမစိုက်ဘူး၊ ခင်ဗျားလည်း သူ့ကို လိုက်ခွင့်ရှိတာပဲ ကျွန်တော် ကြိုဆိုပြီးသားပါ"

"ကြိုက်တယ် . . . မင်း အဲဒီလို ပွင့်ပွင့်လင်းလင်း စိန်ခေါ်လိုက်တော့ ကိုယ်ကလည်း နောက်ဆုတ်မယ့်လူ မဟုတ်ဘူးဆိုတာ မင်း သိထားစေချင်တယ်၊ တစ်ခုတော့ ကြိုပြောထားမယ် . . . ဒါ လေလံပွဲတစ်ခု မဟုတ်ဘူးနော်၊ မင်းဘက်က ရိုးသားဖို့တော့လိုလိမ့်မယ်"

"ကျွန်တော် လိုချင်တာရဖို့အတွက် ကျွန်တော့် ပင်ကိုယ် အရည်အသွေးနဲ့ပဲ ကြိုးစားပါတယ်၊ ကျွန်တော် မကောက်


www.burmeseclassic.com

www.burmeseclassic.com

ကျစ်တတ်ဘူး"

"အိုကေလေ . . . ဒါကို ပြိုင်ပွဲတစ်ခုအဖြစ် သတ်မှတ်လိုက်ပြီဆိုရင် ထုံးစံအတိုင်း အနိုင်အရှုံးတော့ရှိရမှာပေါ့၊ ပြောရမယ်ဆိုရင် ရွှေရေး ရွေးချယ်လိုက်တဲ့သူက နိုင်တယ်ဆိုပါတော့၊ အဲဒီအချိန်ကျရင် ကိုယ်တို့သုံးယောက် တစ်ခါပြန်ဆုံကြတာပေါ့၊ ရှုံးတဲ့သူက ပြိုင်ဘက်ကို နိုင်တဲ့အကြောင်း ဝန်ခံအသိအမှတ်ပြုပေးရမယ်၊ ဘယ်လိုလဲ . . ."

"စိန်လိုက်ပါ ကိုဇွဲကပင် . . . ကျွန်တော်က ပြိုင်ဘက် ရှိတာကို ကြိုက်ပြီးသား၊ ပြိုင်ဘက်ဆိုတာ ရန်သူမဟုတ်ပါဘူးဗျ၊ ကိုယ့်ကို ပိုတော်အောင် ထက်အောင် သွေးပေးတဲ့ ဓားတစ်လက်ပါ"

ရန်မခ စကားက သူ့ကို တကယ်အံ့ဩစေပါသည်၊ ထိုစကားကို သူ မကြာခဏ ရေရွတ်ခဲ့ဖူးသည်မဟုတ်လား။ သူ ရန်မခကို လက်ဆွဲနှုတ်ဆက်ပြီး အသိအမှတ်ပြုလိုက်သည်။ ဒီတစ်ကြိမ်တော့ ဒီပြိုင်ဘက်ကို သူ အနိုင်ရချင်ပါသည်။ ဘာဖြစ်လို့လဲဆိုတော့ သူ ရွှေရေးပန်းချီဆိုသော မိန်းမချောကလေးကို စိတ်ကူးထဲမှာတောင် အဆုံးရှုံးမခံနိုင်သောကြောင့် ဖြစ်ပါ၏။

■ ■ ■

ရွှေရေးသည် ကားကို ကားပါ့(ခ်)မှာ ထိုးလိုက်ပြီးချိန်တွင်မှ နံဘေးမှာ အသာအယာထိုးရပ်လာသော ကားကို သတိထားမိသွား၏။ ကိုဇွဲ၏ကားပဲ . . .။ ကားပေါ်ကနေ ဆင်းလာ သော ကိုဇွဲက ရွှေရေးကို ချိုမြစွာပြုံးပြနေသည်။

"ရွှေရေး ဘုရားလာတာကိုး . . . မီးပွိုင့်မှာ ရွှေရေး ကားကို တွေ့လိုက်လို့ ကျွန်တော်လိုက်လာခဲ့တာ၊ ရွှေရေး ဘုရားတက်မယ်ဆိုရင် ကျွန်တော်ပါ လိုက်ခဲ့လို့ရမလားဟင်"

"ဩော် . . . ရပါတယ် ကိုဇွဲရဲ့၊ ဘုရားတက်တာပဲ၊ ကျွန်မဆီမှာ ခွင့်တောင်းဖို့ မလိုပါဘူး၊ ဆုံနေပြီပဲ၊ အတူတူ တက်ကြတာပေါ့၊ ကျွန်မက ဓာတ်လှေကားစီးမှာ မဟုတ်ဘူးနော်၊ စောင်းတန်းလှေကားတွေကနေ တက်မှာ"

"ကောင်းတာပေါ့ . . . ကျန်းမာရေးနဲ့ ညီညွတ်တာပေါ့"

ရွှေရေးက ဗုဒ္ဓဟူးညနေတိုင်း ရွှေတိဂုံဘုရား တက်လေ့ရှိပါသည်။ များသောအားဖြင့် မေမေနှင့် တက်လေ့ရှိပေမယ့်


www.burmeseclassic.com

www.burmeseclassic.com

ဒီနေ့တော့ မေမေ သိပ်နေမကောင်းတာမို့ ကျန်ရစ်ခဲ့သည်။ စောင်းတန်း လှေကားထစ်တွေဆီအရောက်မှာ ရွှေရေးက ဖိနပ် ကလေးကို ချွတ်လိုက်ပြီး ကုန်းကောက်မည့်ဟန်ပြင်စဉ် သူက မထင်မှတ်ဘဲ ကောက်ယူလိုက်တာမို့ ရွှေရေးရင်ထဲ အားနာစိတ်ဖြင့် ရှိန်းမြလို့တိဖို့သွားပါ၏။

"ဟယ် ... ကျွန်မဖိနပ် ကျွန်မပဲ ကိုင်ပါရစေ၊ ငရဲတွေ ကြီးတော့မှာပဲ ကိုဇွဲရယ် ... အားနာစရာ"

ဟု ... ပျာပျာသလဲပြောသည့်တိုင် သူက ပြုံး၍ ခေါင်းခါကာ ရွှေရေးဖိနပ်ရော သူ့ဖိနပ်ပါ ပူးတွဲကိုင်လျက် လက်နှစ်ဖက်ကို နောက်ပစ်လျက် ဆက်တက်လာသည်။ ရွှေရေးရင်ထဲ တစ်မျိုးလေးတော့ ဖြစ်သွားရပါသည်။ ယောကျ်ားတစ်ယောက်နှင့် ဘုရားအတူတက်မိနေသောအဖြစ်ကို ဘယ်လိုခံစားရမှာပါလိမ့်။ ရင်ထဲမှာရှိနေတာ ကြည်နူးခြင်းလား ... သာယာကျေနပ်ခြင်းလား... သေချာမသိပါ။

သူက နှင်းဆီပန်းစည်းတွေ ခပ်များများဝယ်သည်။ ရွှေရေးလည်း နှင်းဆီပန်းတွေပဲ ဘုရားကပ်နေကျမို့ နှင်းဆီဝယ်ဖို့ ပြင်တော့ ...

"ရွှေရေးအတွက်ပါ ... ကိုယ်ဝယ်ခဲ့ပြီ ရွှေရေး"





ဟု ... သူကပြော၏။ ဘုရားပေါ်ရောက်လာတော့ သူက ရွှေရေးနှင့်အတူတူ ဗုဒ္ဓဟူးဂြိုဟ်ထောင့်အထိ လိုက်လာသည်။ ရွှေရေးက ဘုရားရှေ့မှာ ပုဆစ်တုပ်ကလေးထိုင်ကာ ဘုရားပန်းများ ကိုင်ထားပြီး ဘုရားရှိခိုးခြင်းကို စ,တင်ပါသည်။ ရွှေရေး ဘုရားရှိခိုးလျှင် အတော်ကြာတတ်၏။ သူက နံဘေးမှာ အတူလိုက်ထိုင်ပြီး ဘုရားရှိခိုးနေတာကို စိတ်ထဲ တစ်မျိုးလေးတော့ဖြစ်မိပါ၏။

ဘုရားရှိခိုးပြီးတော့ မြတ်စွာဘုရားထံမှာ ပန်းတွေ သွားကပ်လှူ၊ ရေသပ္ပါယ်တာတွေလုပ်ပြီး ရွှေရေးပြန်လျှောက်လာတာကို သူက အေးအေးဆေးဆေးထိုင်ကာ ငေးကြည့်နေခဲ့သည်။ ပြီးတော့ ဘုရားကို တစ်ပတ်ပတ်ကာ ဖူးကြပါသည်။ စကားတွေ အများကြီး မပြောဖြစ်ပေမယ့် စိတ်ထဲ ငြိမ်းချမ်းကြည်မွေ့မှုကလေးတွေနှင့် ငြိမ်သက်နေမိကြသည်။ ဘုရားပေါ်က ပြန်ဆင်းတော့ ညရှစ်နာရီထိုးတော့မည်။

"ခုလို ဘုရားအတူတက်ခွင့်ပေးတဲ့အတွက် ကျေးဇူးပါ ရွှေရေး၊ ဒီအခွင့်အရေးလေးမျိုး နောက်ထပ်လည်း မျှော်လင့်မိပါတယ်၊ ညစာ စားပြီးပြီလားဟင်"

"စားပြီးမှ ထွက်လာတာ ကိုဇွဲ၊ ကျွန်မ ပြန်တော့မယ်နော်"

"ကိုးနာရီကျရင် ထုံးစံအတိုင်း ကျွန်တော် ဆက်လိုက်ဦး




www.burmeseclassic.com

www.burmeseclassic.com

မယ်နော်"

"ဟုတ်ကဲ့ . . ."

ရွှေရေးရင်ထဲမှာ တသိမ့်သိမ့်ကလေး ခုန်နေပါ၏။ ဒီအစီအစဉ်ကလေးဟာ မတော်တဆပဲ တိုက်ဆိုင်ခဲ့တာလား။ တမင်တကာပဲ ကြံစည်စီစဉ်ခဲ့တာလားဆိုတာ ကိုဇွဲမှပဲ သိပါတော့မည်။ ရွှေရေးကတော့ မိန်းကလေးတစ်ယောက်၏ အထာရသင့်ဖြင့် ယောကျ်ားတစ်ယောက်၏ နှလုံးသားကို စတင်၍ ဖတ်မိနိုင်ခဲ့ပါပြီ။

ကိုးနာရီထိုးဖို့ ငါးမိနစ်အလိုမှာ ဖုန်းမြည်လာခဲ့ပါ၏။ ကိုဇွဲဆီက မဟုတ် . . .။ ရန်မခဆီက ဖြစ်ပါသည်။

"ပြော . . . ကိုရန်မခ"

"အန်တီရှိလား ရွှေရေး . . ."

"ရှိပါ့ရှင် . . ."

"ကိုယ် ဘန်ကောက်ကိုမှာထားတဲ့ သစ်ခွတွေ ဒီနေ့ပဲ ရောက်လာတယ်၊ အန်တီ့ကို ပေးချင်လို့ . . ."

"ဟုတ်လား . . . မေမေတော့ စိတ်ဆိုးဦးတော့မှာပဲ၊ အခု ဖုန်းပေးလိုက်ရမှာလား၊ မေမေနဲ့ ပြောမှာလား"

"ကိုယ် ခြံရှေ့ကဆက်နေတာ ရွှေရေး . . . ကောင်မလေးကို ခြံတံခါးဖွင့်ပေးခိုင်းလိုက်ရင် ရပါပြီ"



"ဟောတော် . . . ခဏလေး ကိုရန်မခ"

ရွှေရေး နည်းနည်း အလုပ်ရှုပ်သွားရသည်။ ကောင်မလေးကို ခြံတံခါးဖွင့်ခိုင်း၊ နေမကောင်း၍ ခပ်စောစော အိပ်ရာထဲ ဝင်နားနေသော မေမေ့ကို ပြောပြတော့ မေမေက ပြုံးသွားကာ ထွက်တွေ့မယ် ဖြစ်သွားပါလေရော။ ဖေဖေလည်း ရှိနေတာမို့ သူ့ကို ဖေဖေနှင့် မိတ်ဆက်ပေးလိုက်သည်။

"ဟောဗျာ . . . အန်တီနေမကောင်းဘူးလား၊ ဒါဆိုရင် ကျွန်တော် မနက်ဖြန် ကြက်မြေအိုးပေါင်းစွပ်ပြုတ် လာပို့ပေးဦးမယ်"

ဟု . . . သူက အလိုက်တသိ ပြောဖို့သတိတရရှိသည်။ ဖေဖေနှင့် သူ စကားတွေပြောကြသည်။ ဆောက်လုပ်ရေး လုပ်ငန်းတွေအကြောင်း အိမ်ခြံမြေဈေးကွက်တွေအကြောင်း ဖေဖေ့ ရုံးကို Renovate ပြန်လုပ်ချင်ကြောင်း ဖေဖေကပြောတော့ သူက မနက်ဖြန် ချက်ချင်းပဲ လူလွှတ်ပေးမည့်အကြောင်း ခပ်သွက်သွက် ပြောလေသည်။ သူ ပေါင်းတတ်သင်းတတ် ဆက်ဆံရေး ညက်ညော တတ်တာကို ရွှေရေးက သိပြီးသား။ ချက်ချင်းပဲ ဖေဖေနှင့် စကားတွေကောင်း လေပေးတွေဖြောင့်ကာ ဂေါ့ဖ်အကြောင်းပင် ရောက်သွားခဲ့ပြီ။ စနေတနင်္ဂနွေတိုင်း Pun Hlaing golf club မှာ ဖေဖေ



www.burmeseclassic.com

www.burmeseclassic.com

ကစားနေကျမို့ သူကပါ လာခဲ့မည့်အကြောင်း ချိန်းလို့။ ကော်ဖီတစ်အိုးချပြီး နှစ်ရှည်လများ ခင်မင်ရင်းနှီးခဲ့ဖူးသော မိတ်ဆွေတစ်ယောက် ရောက်လာခဲ့သလို တစ်အိမ်လုံး စည်စည်ဝေဝေဖြစ်သွားခဲ့ပါ၏။ သူ ပြန်သွားတော့ ဆယ်နာရီကျော်နေခဲ့ပြီ။ သူ့ကိုနှုတ်ဆက်ကာ ရွှေရေးအခန်းထဲ ပြန်ဝင်လာခဲ့တော့ ကိုငွေ့ဆီက missed calls တွေ သုံးခုတိတိ။ ကိုးနာရီတစ်ခါ ကိုးနာရီခွဲ တစ်ခါ . . . ဆယ်နာရီအတိမှာ တစ်ခါ။

ရွှေရေး အားနာသွားကာ ဖုန်းပြန်ခေါ်လိုက်မိသည်။

"ဆောရီးပဲ ကိုငွေ့ရယ် . . .၊ ဧည့်သည်ရောက်နေတာနဲ့ ဧည့်ခန်းမှာ စကားထိုင်ပြောနေကြတာ၊ ဖုန်းက အခန်းထဲမှာ ကျန်ခဲ့တော့ ကိုငွေ့ ဖုန်းသံကို မကြားမိတော့ဘူး"

"ခုလို ပြန်ဆက်ပေးတာပဲ ကျွန်တော် အရမ်း ဝမ်းသာသွားတာ ရွှေရေးရယ်၊ နို့မို့ဆို အိပ်လို့တောင် ရမှာမဟုတ်ဘူး၊ ဘာဖြစ်လို့များ ဖုန်းမကိုင်တာပါလိမ့်၊ စောစောက ကျွန်တော် ဘာများမှားသွားလို့ စိတ်ခုသွားတာများလားလို့ လျှောက်တွေးပြီး စိတ်ပူနေတာ"

"ဩော် . . . ဖြစ်ရမယ်၊ ကျွန်မ စိတ်မဆိုးတတ်ပါဘူး ကိုငွေ့ရယ်၊ စိတ်ခုစရာတွေ့ခဲ့ရင်တောင် ပွင့်ပွင့်လင်းလင်း ပြောမှာပါ"

"ဆယ်နာရီတောင်ကျော်ပြီဆိုတော့ ရွှေရေး ပင်ပန်းနေရောပေါ့၊ စောစောအနားယူပြီး . . . အိပ်လိုက်တော့နော်၊ ကျွန်တော် မနက်ဖြန်မှပဲ ဆက်လိုက်တော့မယ်"

"ဟုတ်ကဲ့ ကိုငွေ့ . . . ကောင်းသောညပါ"

ရွှေရေး သူ့ကို နှုတ်ဆက်ကာ မအိပ်ခင် စာအုပ်ကလေးတစ်အုပ်ဖတ်ရင်း အိပ်ရာဝင်ခဲ့သည်။ သူတို့နှစ်ယောက်သည် ရွှေရေး၏ ချိန်ခွင်ညှာနှစ်ဖက်ပေါ်မှာ ညီညီညာညာ ရပ်လို့။

■ ■ ■

www.burmeseclassic.com

တစ်ချိန်ချိန်မှာ သူတို့နှစ်ယောက်ဆီက ဒီလို စကားမျိုးတွေ ပြောလာကြလိမ့်မည် ဟု ရွှေရေး မျှော်လင့်ထားခဲ့ပြီးသားဖြစ်ပါ၏။ အဲဒီလောက် မြန်ဆန်လွန်းလိမ့်မယ်သာ မထင်တာပါ။ ပထမဆုံးဖွင့်ပြောသူက ရန်မခ ဖြစ်သည်။ သူ့ လက်ထဲမှာ အိမ်ပုံစံ model home ကလေးတစ်ခုပါလာသည်။ ရွှေရေး၏စားပွဲပေါ်မှာ တင်ပေးလိုက်ချိန်တွင် ရွှေရေးက ထိုအိမ်အသေးစားကလေးကို တအံ့တသြကြည့်ကာ . . .

"ဟယ် . . . အိမ်ပုံစံဒီဇိုင်းကလေးက ချစ်စရာလေးကွယ်၊ အရမ်းလှတာပဲ၊ ဒါ ကိုရန်မခရဲ့ လက်ရာလားဟင်"

ဟု မေးလိုက်မိသည်။ သူက ရွှေရေးကို ပြုံး၍ ကြည့်နေပါသည်။

"ဟုတ်တယ် ရွှေရေး၊ ကိုယ် အဲဒီလောက်ဖြစ်သွားလိမ့်မယ်လို့ ထင်မထားလိုက်မိအောင် အရမ်းလျင်မြန်တဲ့ အရှိန်အဟုန်ပြင်းဆ ခပ်များများနဲ့ မိန်းကလေးတစ်ယောက်ကို ဘဝတစ်သက်လုံးစာ မြတ်မြတ်နိုးနိုးချစ်မိသွားခဲ့တယ်၊ အဲဒီမိန်းကလေးဆီက အချစ်တွေပြန်ရတဲ့တစ်နေ့မှာ ကိုယ်သူ့အတွက်ရည်ရွယ်ပြီး ချစ်မြတ်နိုးခြင်းအထိမ်းအမှတ်နဲ့ ဒီအိမ်ကလေးကို ဆောက်မှာလေ၊ လက်ထပ်ပြီးတဲ့တစ်ချိန်မှာ ကိုယ်တို့နှစ်ယောက်ရဲ့ ချစ်ဗိဗ္ဗာန် စံပြနိဗ္ဗာန်ဘုံကလေးပေါ့"

"အံမယ် . . . တယ်ဆိုတဲ့စာပါလားရှင်၊ ကိုရန်မခက သိပ် artistic ဖြစ်တာပဲနော်"

"အဲဒီမိန်းကလေးကို မမြင်ဖူးချင်ဘူးလားဟင် ရွှေရေး"

ရွှေရေးရင်ထဲ သိမ့်ခနဲ တစ်ချက်ဖြစ်ကာ ရှောင်တွင်းကြည့်ဖို့ပြင်ဆဲ သူက မှန်ဝိုင်းကလေးတစ်ချပ်ကို ရွှေရေး မျက်နှာရှေ့မှာ ဖြုန်းခနဲထောင်ပြလိုက်ပါ၏။ ရွှေရေး၏ ပါးပြင်ကလေးနှစ်ဖက် နွေးခနဲဖြစ်သွားပါသည်။ ယောကျ်ားလေးတွေဆီက ချစ်စကားတချို့ကို ရွှေရေး ကြားခဲ့ဖူးပါ၏။ ရွှေရေးအတွက် အသစ်အဆန်းကြီးလည်း မဟုတ်ခဲ့။ အတွေ့အကြုံ လုံးဝမရှိခဲ့သော ရင်ခုန်သံသစ်စ,အရွယ် . . . အစိမ်းအရိုင်း ရွှေရင်သိမ်းသစ်ကလေး လည်းမဟုတ်ပါ။

သို့ပေမယ့် သူ ချစ်စကားဆိုပုံကတော့ ရွှေရေးကို ထူးထူးခြားခြား ဆွဲဆောင်နိုင်စွမ်းရှိလွန်းလှပါသည်။ ရွှေရေးရင်ထဲမှာ ငှက်လျောင်အသေးစားကလေးတစ်ခု အချိန်ကြာကြာလှုပ်ခတ်ခဲ့သလို တဆတ်ဆတ်ခုန်နေခဲ့ပါသည်။





www.burmeseclassic.com

www.burmeseclassic.com

"ဘယ်လိုလဲဟင် . . . ရွှေရေး ကိုယ့်ကို ယုံကြည်စွာ ခံစားပေးစေချင်ပါတယ်၊ အချိန်ယူပြီး စဉ်းစားပေးပါနော်၊ ကိုယ်စောင့်ပါ့မယ်၊ အဖြေတစ်ခု သေချာလာတဲ့ အခါမှာသာ ကိုယ့်ကို Surprise လုပ်ဖို့ မမေ့ပါနဲ့၊ ကိုယ်က Surprise တွေကို နှစ်သက်တတ်ပြီးသားပါ"

ရွှေရေးက စိတ်လှုပ်ရှားမှုတချို့ကို သေသပ်စွာ သိမ်းဆည်းရင်း ဣန္ဒြေရရအပြုံးကလေးကို ဖန်ဆင်းမိပါသည်။

"ကောင်းပြီလေ ကိုရန်မခ၊ Surprise တွေရဲ့ သဘာဝအတိုင်း ဘယ်အချိန်ဆိုတာကို ကြိုပြောမထားဘူး၊ အရိပ်အမြွက်ကလေးတွေနဲ့လည်း hint ပေးမှာမဟုတ်ဘူး၊ လုံးဝ မျှော်လင့်မထားတဲ့အချိန်မျိုးမှာ ကျွန်မ Surprise လုပ်ပါ့မယ်၊ ဒါပေမယ့် တစ်ခုတော့ ကြိုပြောထားမယ်နော်၊ Surprises တိုင်းဟာ ဝမ်းသာစရာလည်း ဖြစ်နိုင်သလို ကြေကွဲစရာလည်း ဖြစ်နိုင်တယ်လို့ တွေးထားပေးပါ၊ ကျိန်းသေပေါက် အပိုင်ကြီး မျှော်လင့်ထားမိမှာစိုးလို့ ကျွန်မ သတိပေးထားတာပါနော်"

ရွှေရေးက ချင့်ချင့်ချိန်ချိန် ခပ်ဆဆကလေး ပြောလိုက်ခြင်းဖြစ်သည်။ သူ့ကို မျှော်လင့်ချက်တစ်ခု ကြိုပေးမထားချင်ခဲ့ပါ။

■ ■ ■



ကိုဇွဲကျတော့ တစ်မျိုးတစ်ဘာသာဆန်းသစ်ခဲ့ပြန်ပါသည်။ သေချာတာကတော့ သူတို့နှစ်ယောက်သည် တစ်ယောက်ခြေလှမ်းကို ကျန်တစ်ယောက်က အလစ်မပေးဘဲ မျက်ခြည်မပြတ်စောင့်ကြည့်နေခဲ့ကြသော ပြိုင်ဘက်နှစ်ယောက်လိုပင်။ မနက်က ရွှေရေးစာရေးသော ဆိုင်ကလေးဆီမှာ ကိုရန်မခက ချစ်စကားဆိုသွားခဲ့ပြီး သိပ်မကြာခင်မှာ ကိုဇွဲဆီက ထူးထူးဆန်းဆန်း ဖုန်းဝင်လာခဲ့ပါ၏။

"ရွှေရေး စာရေးနေတာလားဟင်"

တဲ့။ ဒီအချိန်ဆို ဒီနေရာမှာ ပုံမှန်စာရေးနေကျမှန်း သူသိပြီးသားပါ။

"ဟုတ်ကဲ့ . . . ကိုဇွဲ"

"ရွှေရေး ဘုတ်ကလပ်မှာ လှေစီးဖူးလားဟင်"

"မစီးဖူးဘူး ကိုဇွဲ"

"မစီးချင်ဘူးလားဟင်၊ ကျွန်တော် boat club မှာ အသင်းဝင်ထားပါတယ်၊ ညနေဘက် လှေသွားစီးရအောင်၊ ကျွန်တော်


www.burmeseclassic.com

www.burmeseclassic.com

လာခေါ်မယ်လေ၊ လှေစီးရတဲ့ဖီလင်က အရမ်း Romantic ဖြစ်တယ်ရွှေရေး၊ ကျွန်တော် ကျောင်းမှာ ကတည်းက တက္ကသိုလ်များလှေလှော်ပြိုင်ပွဲမှာ တိုက်ချန်ပီယံဆု ရထားခဲ့ဖူးတဲ့သူပါ၊ ကျွန်တော့်ကို ယုံယုံကြည်ကြည်နဲ့ လှေလိုက်စီးရအောင်လို့ပါ"

"အိုကေလေ . . . ကျွန်မလည်း အင်းလျားကန်ဘက်ရောက်တိုင်း ရွက်လွှင့်လှေကလေးတွေတချို့ အင်းလျားရေပြင်မှာစီးနေကြတာမြင်ရင် သိပ်သဘောကျတာပဲ၊ ကျွန်မ boat club ကိုပဲ လာခဲ့လိုက်မယ်လေ . . . ဘယ်အချိန်လောက်လာခဲ့ရမလဲ"

ရွှေရေးလည်း လှေစီးချင်တာမို့ မငြင်းတော့ပါ။

"ဒါဆို သုံးနာရီလောက် ကျွန်တော် boat club ကပဲ စောင့်နေမယ်လေ"

ဆိုပြီး သူ ဖုန်းချသွားခဲ့သည်။ ရွှေရေးလည်း စာဆက်ရေးပြီးမှ အိမ်ပြန်ထမင်းစားသောက် စာလေးဘာလေး ဖတ်ပြီးလောက်ချိန်မှ မေမေ့ကို ခွင့်တောင်းကာ ကားမောင်းပြီး boat club ဘက် ပြန်ထွက်လာခဲ့သည်။ ဘယ်ထင်ပါ့မလဲလေ ရွှေရေးကို ရွက်တိုက်လှေကလေးကပေါ် ခေါ်တင်ကာ ရေလယ်ရောက်မှ Romantic ဆန်ဆန် ချစ်စကားဆိုရလောက်အောင် သူ့နှလုံးသားက နုသစ်လန်းဆန်း လွှန်းလိမ့်မယ်လို့လေ။

သူပြောသည့်အတိုင်းပင် ညနေစောင်းစ အချိန်ကလေးမှာ အင်းလျားရေပြင်ကျယ်မှာ လှေကလေးစီးရသော အရသာဟာ ဘာနှင့်မှတော့မတူပါ။ ရိုးရိုးကလေးပြောရလျှင် ငြိမ့်ငြိမ့်ညောင်းညောင်း၊ သာသာယာယာရှိလှပါ၏။

"ကျွန်တော့်ကို ရွှေရေးဘယ်လိုမြင်လဲဟင်"

ဟု သူက စကားစသည်။ ရွှေရေးက စိတ်ကူး တစ်ခုရကာ အိတ်ထဲမှာဆောင်ထားတတ်သော မှန်ဝိုင်းကလေးကို သူ့မျက်နှာရှေ့ထိုးပေးလိုက်တော့ သူက သဘောကျစွာ ပြုံးပါသည်။ ပြီးနောက် ရွှန်းစိုလက်ဖြာသော မျက်ဝန်းနက်နက်တို့ဖြင့် ရွှေရေးကို အနေခက်စေအောင် စိုက်ငေးကြည့်နေတော့၏။ သူက မချောပါ။ အသားညိုသော လူရည်သန့်တစ်ယောက်သာဖြစ်ပါသည်။ သူဝတ်ထားသည်က အဖြူရောင် Lacoste စပို့ရှပ်လက်တိုနှင့် ဘောင်းဘီတိုအဖြူကလေးဖြစ်သည်။ လူကြီးတစ်ယောက်ဟန်မပေါက်ဘဲ လူငယ်ကလေးလို နုပျိုလတ်ဆတ်နေပါသည်။

"ကျွန်မ နောက်တာပါ၊ ကျွန်မ အမြင်ပြောရရင်တော့ ကိုဇွဲက အလိုက်သိတတ်လွန်းတယ်၊ လူတစ်ဘက်သားကို


www.burmeseclassic.com

www.burmeseclassic.com

လေးစားမှုနဲ့ ဂရုတစိုက်ရှိတတ်တယ်၊ လူတစ်ယောက် ဘာလိုအပ် သလဲဆိုတာကို ချက်ချင်းနားလည် ရိပ်မိနိုင်စွမ်းလည်းရှိတယ်၊ စကားပြောကောင်းတယ်၊ ဗဟုသုတကြွယ်တယ်၊ မျှဝေခံစားတတ်တယ်၊ ကျွန်မ တမင်မြှောက်ပင့်ပြောနေတာ မဟုတ်ဘူးနော်"

"ကျွန်တော်ကတော့ တော်တော်မြှောက်နေခဲ့ပါပြီ၊ ခုလို ပွင့်ပွင့်လင်းလင်း ပြောပြတဲ့အတွက် ကျေးဇူးတင်ပါတယ်ဗျာ"

သူ့မျက်နှာက နူးညံ့သိမ်မွေ့သော အပြုံးတို့နှင့် လင်းဖြာနေပါသည်။

"ကျွန်တော့်ဘက်ကလည်း ရွှေရေးကို ဘယ်လိုမြင်သလဲဆိုတာ ပြန်ပြောပြသင့်တာပေါ့နော်၊ ရွှေရေးက မြန်မာဆန်တယ်၊ ဉာဏ်ရည်ဉာဏ်သွေးထက်မြက်တယ်၊ ရုပ်ရည်ချောမောလှပတယ်၊ လိမ္မာပါးနပ်တယ်၊ ကြင်နာနွေးထွေးလည်းရှိတယ်၊ နားလည်မှုလည်းရှိတယ်၊ အနုပညာနှလုံးသားရှိတဲ့သူပီသတယ်၊ ဖန်တီးတီထွင်နိုင်စွမ်းသာ မက,ပါဘူး၊ ခံစားနိုင်စွမ်းလည်းရှိတယ်၊ အဲဒီလောက် အပြစ်ရှာမတွေ့တဲ့ မိန်းကလေးမျိုး ကျွန်တော် တကယ် မကြုံခဲ့ဖူးသေးတာပါ၊ လူတိုင်းကတော့ အလုံးစုံ ပြည့်စုံတယ်ဆိုတာ မရှိပါဘူး၊ ဒါပေမယ့် ရွှေရေးက ၁၀၀% မဟုတ်တောင် ၉၀% လောက်တော့ စံပြုထိုက်တဲ့မိန်းကလေးတစ်ယောက်ပါ၊ အဲဒီမိန်းကလေးကိုမှ ကျွန်တော့်ဘဝတစ်သက်လုံးစာ စွဲစွဲလန်းလန်းမက်မောခဲ့မိတာ . . . ကျွန်တော့်အလွန်တော့ မဖြစ်နိုင်ပါဘူးနော်၊ ကျွန်တော် ရွှေရေးရှေ့မှာ ရိုးသားစွာဝန်ခံချင်ပါတယ်၊ ကျွန်တော့် နှလုံးသားထဲက လှိုက်လှိုက်လှဲလှဲနဲ့ ပြင်းပြင်းပြပြတောင်းဆိုနေတဲ့ ဆန္ဒတစ်ခုပါ၊ ကျွန်တော် ရွှေရေးကို အရမ်းမြတ်နိုးနေမိပါတယ်၊ 'ချစ်တယ်'ဆိုတဲ့ စကားထက် ပိုလေးနက် နက်ရှိုင်းတဲ့ အဓိပ္ပါယ်တွေနဲ့ ကျွန်တော့်အချစ်ကို ဖော်ပြချင်ပါတယ်ဗျာ၊ တကယ်ကို ရှာလို့မတွေ့လိုပါ၊ ကျွန်တော့်နံဘေးမှာ သက်တမ်းတစ်ခုလုံးစာ အချစ်တွေနဲ့ နေပေးပါ ရွှေရေးရယ်၊ ကျွန်တော် တောင်းဆိုချင်ပါတယ်"

အင်းလျား လေနုအေးကလေးက ခပ်နှေးနှေး သိမ်မွေ့စွာ ကျီစယ်လို့ကောင်းဆဲ။ ရွှေရေး၏ ဆံနွယ်မျှင်စတွေ လှုပ်လှုပ် လွင့်ဝဲဆော့ကစားလျက်ရှိသလို ရင်ထဲက နှလုံးသားသည်လည်း ငြိမ့်ညောင်းသော တေးသွားတစ်ခု၏ ဆွဲဆောင်မှုံ့ငင်ရာနောက်မှာ တိမ်းညွှတ်ယိမ်းနွဲ့စွာ ကခုန်လျက်ရှိပြီ။ ရွှေရေး



www.burmeseclassic.com


www.burmeseclassic.com

နှလုံးသားကပဲ တိမ်းညွတ်လွယ်လွန်းခဲ့တာလား။ သူတို့ကပဲ ညို့ငင်ဆွဲဆောင်အားကောင်းလွန်းတာလား . . . ရွှေရေး မပြောတတ်တော့ပါ။ ရွှေရေးကိုယ်ရွှေရေးလည်း အပြစ်တင်ချင်ပါရဲ့။ ဘာကြောင့်များ သူတို့နှစ်ယောက်စလုံးဆီမှာ တိမ်းညွတ်သာယာနေခဲ့မိပါလိမ့်။ တစ်ယောက်ယောက်ကို ပို၍ သိသာထင်ရှားစွာ တိကျသေချာစွာ ရွေးထုတ်နိုင်စွမ်းမရှိရတာပါလိမ့်။ ဘာဖြစ်လို့များ ပြတ်ပြတ်သားသားမရှိရတာပါလိမ့်။

■ ■ ■








ဘဝမှာ ရွေးချယ်စရာနှစ်ခုထဲက တစ်ခုခုကို ရွေးထုတ်ဖို့
သိပ် ခက်နေပြီဆိုပါတော့။
အကောင်းဆုံးနည်းက နှစ်ခုစလုံးဆီကနေ
ခဏပြန်ပြန် ရှောင်ပြေးထွက်ကြည့်လိုက်။
ပြီး မက်မောတမ်းတစရာဆီ ကိုယ့်ကိုယ်ကိုယ်တောင်
သတိမထားမိလိုက်နိုင်ခင်မှာ
အလိုလို ရောက်သွားနှင့်ပြီး ဖြစ်နေလိမ့်မယ်။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း
# ၈



www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၈)

ရွှေရေးအခန်းထဲမှာ သူငယ်ချင်းတွေ စုံစုံညီညီ . . .။ ခေါင်းချင်းဆိုင်ပြီး မွေ့ရာပေါ်မှာချထားသော ဓာတ်ပုံနှစ်ပုံကို တစ်လှည့်စီကောက်ကြည့်လိုက်၊ ပြန်ချထားလိုက်နှင့် သူတို့ပါ ဝေခွဲမရနိုင်။

"ရွှေရေး . . . နင် မပြောနဲ့ ငါတို့တောင် ရွေးရခက်တယ်ဟယ်၊ အုံးစားလိုက်ပါဘိ"

"ရုပ်ချောချော အပြောကောင်းကောင်း အမိုက်စားလေးကိုသာ ရွေးကြေးဆိုရင်တော့ သူ့ပဲရွေးမယ်၊ ဒါပေမယ့် ဟိုတစ်ယောက်က ရုပ်မချောသော်ငြား အရမ်း အံလိုက်သိတတ်၊ ဝဟုသုတကြွယ်တဲ့ MR. ROMANTIC ဆိုတော့လည်း ချန်ထားရစ်ခဲ့ရမှာ အားနာစရာကြီး . . . အဟီး"





www.burmeseclassic.com

www.burmeseclassic.com

"ရွှေရေး၊ ငါတစ်ခု စဉ်းစားမိတယ်၊ သူတို့နှစ်ယောက်က စီးပွားရေးလောကမှာ ပြိုင်ဘက်တွေနော်၊ အဲဒါကို နင် သိတယ်ဟုတ်၊ ငါတွေးမိတာက နင့်ကိုလည်း သူတို့နှစ်ယောက် မရ,ရအောင် သူ့နည်းသူ့ဟန်နဲ့ အပြိုင်လိုက်နေတာဟာ . . . သူတို့ အတ္တအတွက် ဂုဏ်သိက္ခာအတွက်လည်း 50 % ယောက်ပါတယ်၊ အဲဒါကို နင်လက်ခံလား"

ထုံးစံအတိုင်း ခေးခေးက အလေးအနက် မျက်နှာထားဖြင့် ပြောလာသဖြင့် ရွှေရေးတို့အားလုံး ခေးကို ဝိုင်း အာရုံစိုက်လိုက်မိကြသည်။

"လက်ခံတယ် ခေး၊ အဲဒီ ခံစားချက်ကြီးလည်း ငါ့ရင်ထဲမှာ ရှိနေတယ်၊ သူတို့ရဲ့ အပြုအမူတွေ လှုပ်ရှားမှုတွေ မျက်နှာထားတွေဆီမှာ သိသာလွန်းနေတယ် . . . ဟုတ်တယ်၊ သူတို့ ငါ့ကို အပြိုင်လိုက်နေတာ"

"ပထမဆုံး နင် သူတို့ကို ရွေးချယ်ခွင့်ပေးလိုက်တယ်ဟာ သူတို့နှစ်ယောက်ကို ဆုံပေးလိုက်ခြင်းအားဖြင့် နင့်ဘက်က အခြေအနေကို ရိုးရိုးသားသား နှစ်ယောက်စလုံးသိအောင် ပြထားလိုက်တဲ့ သဘောပေါ့၊ ဆိုလိုတာက နင် သူတို့နှစ်ယောက်လုံးကို လျှို့ဝှက်စွာ ကျိတ်ပုန်းခုတ်ပြီး လှည့်စားနေ



တာမဟုတ်ဘူး၊ သူတို့နှစ်ယောက်စလုံးက နင့်ကို လာပတ်သက်နေတယ် . . . နင့်ဘက်က တစ်ချိန်ချိန်မှာ . . . တစ်ယောက်ယောက်ကိုပဲ ရွေးမယ်ဆိုတဲ့သဘော၊ ခက်တာက သူတို့နှစ်ယောက်ထဲက တစ်ယောက်မှ နောက်ဆုတ်မသွားဘဲ ပိုလို့တောင် ရှေ့ဆက်တိုးလာတယ်၊ အခုနှစ်ယောက်စလုံးက တရားဝင် propose လုပ်လာပြီဆိုတော့ နင် ဆုံးဖြတ်ရွေးချယ်ရတော့မယ်လေ၊ ငါ့မှာ ဒုတိယနည်းလမ်းတစ်ခုတော့ရှိတယ်"

"အေး . . . နွေးရယ် လုပ်ပါဦး"

ရွှေရေး ခေးကို တော်တော်စိတ်ဝင်စားသွားပါသည်။ ဒီကောင်က ရွှေရေးထက်တောင် IQ ပိုမြင့်သူ၊ စာဖတ်နာသူတစ်ယောက်မို့ ခေး၏အတွေးအခေါ်က တစ်ခါတစ်ခါ စိတ်ဝင်စားဖို့ကောင်းတတ်ပါ၏။

"ဒီနည်းက စမ်းသပ်နည်းလည်း ဖြစ်သလို . . . ကစားပွဲတစ်ခုလိုလည်း သတ်မှတ်လို့ရတယ်ဟာ၊ Experiment or Game ပေါ့၊ ဘယ်သူက နင့်အပေါ်မှာ ပိုပြီး အလေးအနက်ထားနိုင်သလဲ . . . စွန့်လွှတ်သည်းခံနိုင်မလဲ . . . စိတ်ရှည်ပေးနိုင်မလဲဆိုတာကို စမ်းသပ်ကြည့်တာပေါ့၊ အဲဒီ ကစားပွဲ


www.burmeseclassic.com

www.burmeseclassic.com

အတွင်းမှာပဲ နင် ဘယ်သူ့ကို ပိုပြီး မက်မောတွယ်တာနေသလဲ ဆိုတာပါ အလိုလို ထင်ရှားလာလိမ့်မယ်"

"တယ်ဆိုတဲ့စာပါလား ခေးရယ်၊ ကြော်ငြာနဲ့တင် အပြတ်လေးစားနေပြီ . . . လုပ်ပါဦး နင့်ရဲ့ Game က ဘာလဲ"

"ရိုးရိုးလေးပါ . . . hide and seek ပေါ့"

"အာ . . . နင့်ဂိမ်းကြီးကလည်း"

"ဟဲ့ . . .၊ ပြောတာလည်း သေချာဆုံးအောင်နားထောင်ဦး၊ တူတူပုန်းတမ်းဆိုတာ အလွယ်ကလေးပြောလိုက်တာလေ၊ အကွန့်တွေ အညွန့်တွေက လာမှာပေါ့ဟဲ့၊ ဘဝမှာ ရွေးချယ်စရာနှစ်ခုထဲက တစ်ခုခုကို ရွေးထုတ်ဖို့ သိပ်ခက်နေပြီဆိုပါတော့၊ အကောင်းဆုံးနည်းက နှစ်ခုစလုံးဆီကနေ ခဏဖြစ်ဖြစ် ရှောင်ပြေးထွက်ကြည့်လိုက်၊ ပိုပြီး မက်မောတမ်းတ,ရာဆီ ကိုယ့်ကိုယ်ကိုယ်တောင် သတိမထားမိလိုက်နိုင်ခင်မှာ အလိုလို ရောက်သွားနှင့်ပြီး ဖြစ်နေလိမ့်မယ်"

"Wow! ခေးမ တယ်တော်ပါလား၊ နင့်(ဒိုင်)က မြင့်လှချည်လား . . . လုပ်စမ်းပါဦး"

"မြင့်သလားတော့ မမေးနဲ့၊ သူ့ကို ဘယ်သူမှ လိုက်လို့မမီနိုင်ဘူး၊ ကုလားမ,ခြေထောက် တပ်ထားတာကိုး"

"ဒါကြောင့် . . . ဒီမိန်းမ အပျိုကြီးဖြစ်နေဟာ၊ မိန်းမတွေ IQ မြင့်ရင် တော်ရုံယောကျာ်း လိုက်မမီဘူးလေဟယ်၊ အဲဒီတော့ တစ်ကိုယ်တော် သူ့ဒိုင်တွေ သူ့ဒဿနတွေနဲ့ သူ့ဘာသာသူတော့ ဟုတ်နေတာ"

"နင်တို့နော်၊ စကားအကောင်းပြောနေရင် ငါ့ကို ဝိုင်းပြီး သမ,မနေနဲ့၊ အသက်အစိတ်ကို အပျိုကြီးစာရင်းသွင်းတာလောက် ငါ မုန်းတာမရှိတော့ဘူး၊ အသက်အစိတ် ဆိုတာ မိန်းမတစ်ယောက်အတွက် အရည်အသွေးတွေ ဖန်တီးနိုင်စွမ်းတွေ . . . အကောင်းဆုံးအချိန်ဟဲ့၊ ရွှေရေးကြည့်ပါလား၊ နောက် အနှစ်နှစ်ဆယ်မှာ ဒီလောက်လွတ်လပ်ပေါ့ပါးတဲ့စာမျိုး သူ ဖန်တီးနိုင်စွမ်းရှိချင်မှရှိလာတော့မယ်၊ အသက်ကြီးလာလေလေ ပိုပြီးတွေးလာလေလေ တွေဝေလာလေ ဆင်ခြင်စောင့်စည်းစရာတွေများလာလေလေ . . . ကိုယ်ရေးချင်တာကို ရဲရဲရင့်ရင့် ပြောင်ပြောင်မြောက်မြောက် ရေးချဖို့ သူ့ရဲဘောကြောင်လာလေပဲ၊ မယုံရင် စောင့်ကြည့်လိုက်၊ အခု ရွှေရေး ရေးနေတဲ့ ခပ်ပြင်းပြင်းရှရှ စူးရဲရဲ အတွေးအခေါ်တွေ အရေးအသားတွေ သူ့ အသက်လေးဆယ်ကျရင် အဲဒီလောက် ပြင်းထန်နိုင်တော့မယ်မထင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com

"ဟယ် . . .၊ လမ်းတွေချော်နေပြီ ခေးရဲ့၊ ဘယ်လိုလုပ် ပြီး ငါ့ရဲ့ စာရေးခြင်းဆီ ရောက်သွားရတာတုံး"

"ဒီမှာလေ . . . ဒီဟာမတွေ့ ငါ့ကို ဝိုင်းသမ နေကြတာ မတွေ့ဘူးလား၊ ငါ့မှာ ခုမှ နှစ်ဆယ့်ငါးပြည့်ရုံလေး ရှိသေး၊ အပျိုကြီးစာရင်းသွင်းလိုက်ပြီ၊ သူတို့ကျတော့ အပျိုလေးတွေကိုး . . . ငါ့နှယ်၊ မပြောလိုက်ချင်ဘူး"

ခေးဆံပင်တွေကို ဝိုင်းဖွရင်း ရယ်မောမိကြသည်။

"ဆိုပါဦး ခေးရယ်၊ နင့်ရဲ့ game ကို"

"အနည်းဆုံး နှစ်ပတ်လောက် နင် သူတို့နှစ်ယောက်စလုံး ဆီကနေ ရှောင်ပြေးရမယ် ရွှေရေး၊ အခုဟာက နင့်ကို စာရေးတဲ့နေရာမှာ သူတို့ အလွယ်တကူ လာရှာနိုင်တယ်၊ ဟိုတစ်ယောက် ရန်မခဆို အန်တီ့ကို ပန်းတွေနဲ့ အပိုင်ပစ် ပေါင်းပြီး . . . အိမ်ကိုတောင် အဝင်အထွက် လုပ်နေတာမှ လား၊ အဲဒီတော့ စာလည်း သွားမရေးနဲ့၊ နင့်အိမ်မှာလည်း မနေနဲ့၊ ငါနဲ့အတူ ငါ့အိမ်မှာ လာနေလိုက်၊ နင့်ဖေဖေနဲ့ မေမေကိုတော့ ချောင်းသာမှာ နှစ်ပတ်လောက် စာသွားရေး မလို့ သူငယ်ချင်းတွေလည်း အားလုံးပါမယ်လို့ လွှင့်ထား လိုက်ပေါ့၊ ခါတိုင်းလည်း သွားနေကျပဲဥစ္စာ . . . ပြဿနာ





မရှိဘူးဟုတ် . . ."

"မရှိပါဘူး . . ."

"အဲဒီနှစ်ပတ်အတွင်းမှာ နင့်ဘက်က သူတို့နှစ်ယောက်ကို စမ်းသပ်မှုကလေးတွေလုပ်ကြည့်ရမှာ၊ ယောကျ်ားတွေက သူတို့ကသာ မိန်းကလေးတွေလို ကစားချင် ကစားမှာဟ၊ မိန်းကလေးတစ်ယောက်က သူတို့ကို ကစားနေတာမျိုးကို တော့ ဘယ်သူမှ သည်းမခံနိုင်ဘူး၊ အဲဒီမှာ သူတို့ရဲ့ မာန် ကလေးတွေက တက်လာမှာ၊ အဲဒီတော့မှ ဘယ်သူက နင့် အတွက် သူ့ရဲ့မာနကိုတောင် ချိုးနှိမ်စတေးပြီး စိတ်ရှည် သည်းခံပေးနိုင်မလဲဆိုတာ ပေါ်လွင်လာလိမ့်မယ်၊ နှစ် ယောက်စလုံးနဲ့ နေ့စဉ်ပုံမှန် တွေ့နေကျကနေ နှစ်ပတ် လောက် မတွေ့ရတဲ့အခါ နင် ဘယ်သူ့ကို ပိုသတိရတွေ့ချင် လာမလဲဆိုတာ အဖြေတစ်ခုတော့ ပေါ်လာလိမ့်မယ်၊ ဒီကစားပွဲမှာ ငါတို့အားလုံးလည်း ဝင်လှုပ်ရှားပေးရမယ့် ကဏ္ဍတွေ ရှိလိမ့်မယ်၊ ငါ သေချာ အစီအစဉ်ဆွဲလိုက်မယ်၊ အားလုံး ဝိုင်းစားကြတာပေါ့ဟာ"

ရွှေရေး ခေးကို အားပါးတရ ခပ်တင်းတင်း ဖက် ထားလိုက်မိသည်။




www.burmeseclassic.com

www.burmeseclassic.com

"နင် အဆင်သင့်ဖြစ်တာနဲ့ ကစားပွဲ စ,လို့ရပြီ၊ Game စပြီဆိုတာနဲ့ . . .

FIND ME ... ဆိုတဲ့ message တစ်ခုစီ သူတို့ဖုန်းဆီ ပို့လိုက်တော့၊ သူတို့က နင့်ကိုမမြင်ရဘဲ နင်ကတော့ သူတို့ကိုမြင်နေရမယ်"

"အိုကေ . . ."

ရွှေရေး ရင်ခုန်စွာပင် ပြုံးလိုက်မိတော့၏။ ကစားပွဲကလေးတစ်ခုနှင့် ရွေးချယ်ရတာက ပိုပြီးတော့ စိတ်လှုပ်ရှားဖွယ်ကောင်းသည်ပေါ့လေ။

■■■



ပထမတော့ သူ နားမလည်ပါ။ FIND ME ဆိုသော message ကလေးတစ်ခုကလွဲလို့ သူမ လုံးဝခြေရာ ဖျောက်သွားခြင်းကို သူ နားမလည်နိုင်။ အဲဒါ ဘာအဓိပ္ပါယ်ပါလိမ့်။ မနေ့ကမှ သူမကို သူ propose လုပ်ခဲ့သည်။ သူ ကိုယ်တိုင်လည်း ရင်ခုန်တိမ်းမူးလွန်းခဲ့သော အချိန်ကလေးဖြစ်ခဲ့သည်။ သူမကလည်း စိတ်လှုပ်ရှား သာယာလှိုက်မောသော မျက်နှာထားကလေးနှင့် ငြိမ်ငြိမ်သက်သက် နားထောင်နေပေးခဲ့သည်။ တရားဝင်ဖွင့်ပြောပြီးသည့်နောက်တွင် သူ့ဘက်က မျှော်လင့်စောင့်စားဖို့ပဲရှိတော့သည်မဟုတ်လား။ သူမကလည်း အချိန်ပေးဖို့ တောင်းဆိုခဲ့သည်မို့ သူ နားလည်စွာ လိုက်လျောပေးခဲ့ပြီးသား။ သေချာတာက သူမ စိတ်ဆိုးခြင်းမဟုတ်။ ခါတိုင်းလို ည ကိုးနာရီအတိမှာ သူ ဖုန်းဆက်တော့ ဖုန်းပိတ်ထားခဲ့သည်မို့ သူ နည်းနည်းတော့ ထူးဆန်းသွားခဲ့ပါ၏။ ဒါဟာ မိန်းကလေးတစ်ယောက်၏ အထာလားတော့ သူ မပြောတတ်ပါ။ လှည့်ကွက်ကလေးတစ်ခုတော့ ရှိခဲ့ပြီဟု သူ တွေးထားမိ


www.burmeseclassic.com

www.burmeseclassic.com

သည့်အတိုင်း မနက်စောစောမှာ သူမဆီက message ကလေး ဝင်လာခြင်းဖြစ်သည်။ သူမကို ရှာခိုင်းခြင်းမို့ သူ အံ့ဩသွားမိသည်၊ သူမ ဘယ်ရောက်နေလို့လဲ။ သူမ ဖုန်းကို ချက်ချင်းခေါ်ကြည့်တော့ ဖုန်းပိတ်သွားခဲ့ပြီ။

သူ ရိုးရိုးကလေးပဲတွေးကာ သူမ စာရေးတဲ့နေရာကလေးဆီ လိုက်လာခဲ့မိသည်။ မြင်တွေ့နေကျ ဣန္ဒြေရရ စာထိုင်ရေးနေသော ဂန္ထဝင်မြောက် ရှုခင်းကလေးကို မမြင်ရသောအခါ သူ့ရင်ထဲ ဗလာဖြစ်သွားခဲ့၏။ သေချာတာကတော့ သူမ ရှောင်ပုန်းခဲ့ပြီ။ ဘာဖြစ်လို့ပါလိမ့် . . . သူ နားမလည်ပါ။

သို့သော် မကြာခင်မှာပဲ အဖြေတစ်ခု သူတွေ့ပါ၏၊ သူ့လိုပဲ ရွှေရေးဆီလာဟန်ရှိသော သူ့ပြိုင်ဘက်နှင့် ဆုံမိခြင်းဖြစ်သည်။ ရန်မခက ထုံးစံအတိုင်း မျက်နှာဖုံးပေါ်က အပြုံးနှင့် ကြိုဆိုပါသည်။

"တစ်ခုခုသောက်ရင်း စကားပြောကြမလား ကိုဇွဲ"

ဟု ရန်မခက စတင်ပြီး ကမ်းလှမ်းလာသည်မို့ သူ မငြင်းဖြစ်တော့ပါ။ ရွှေရေး စာထိုင်ရေးနေကျ စားပွဲကလေးမှာပဲ သူတို့ ထိုင်ဖြစ်ကြသည်။

"ကျွန်တော် သူ့ကို မနေ့ကပဲ propose လုပ်လိုက်တယ်

ကိုဇွဲ"

သူ့မျက်ခုံးတွေ ပင့်တက်သွားကာ ရန်မခကို သွက်လှချည်လားဟု တအံ့တဩကြည့်မိရင်း ပခုံးတစ်ချက် တွန့်မိသွားသည်။

"မင်းနဲ့ကိုယ်က ဘာဖြစ်လို့ အဲဒီလောက် စိတ်ချင်း တိုက်ဆိုင်နေကြတာလဲ၊ ကိုယ်တောင် နားမလည်နိုင်တော့ဘူး၊ မနေ့ကပဲ ကိုယ်လည်း သူ့ကို propose လုပ်လိုက်ပြီ ရန်မခ"

"သွားပြီ . . . ၊ အဲဒါကို သူ ရိုပ်မိသွားတာဖြစ်မယ်၊ ဒီ မနက်ပဲ ကျွန်တော့်ဖုန်းကို message ဝင်လာတယ်၊ ညက တစ်ညလုံး ဖုန်းဆက်လို့မရဘူး"

သူက ရန်မခ ထိုးပြသော ဖုန်းဆီ လှမ်းကြည့်လိုက်သည်။ FIND ME ဆိုသော စာသားကလေးက သူ့ကို ကျီစယ်နေသည့်အတိုင်း . . . ။

"မင်း ဘယ်လိုထင်လဲ၊ သူ ရှောင်ပြေးတဲ့ သဘောလား"

"ကျွန်တော် သူ့အိမ်လိုက်သွားမယ်၊ ကိုဇွဲ ဘာမှာဦးမလဲ"

ရန်မခ၏ သဘောထားပြည့်ဝသယောင်နှင့် တင်စီးသောအပြောကြောင့် သူ ပြုံးပြလိုက်သည်။

"မှာဖို့ မလိုပါဘူး ရန်မခ၊ ကိုယ့်ကိုလည်း သူ message



www.burmeseclassic.com

www.burmeseclassic.com

ပို့ထားပါတယ်၊ မင်းနဲ့ ဆင်တူပဲ၊ ကိုယ်တွေးမိတာက သူ့ဘက်က လှည့်ကွက်ကလေးတစ်ခုတော့ ရှိလာပြီဆိုရမှာပေါ့ . . . သူက ထွက်ပြေးတဲ့ သဘောမဟုတ်ဘူး၊ သူ့ကို ရှာနိုင်းတဲ့ သဘောဆိုတော့ တို့ဘက်က သူ့ကို ရှာရမှာပေါ့"

"ကျွန်တော်လည်း သဘောပေါက်သလိုလိုတော့ ရှိပါတယ်၊ ကိုဝွဲ့ ကံကောင်းပါစေဗျာ . . ."

ရန်မခကိုကြည့်ကာ သူ ဟက်ဟက်ပက်ပက် ပြုံးမိသည်။ ခေတ်လူငယ်တွေ တော်တော်ချီးကျူးဖို့ကောင်းပါလား။ ပြိုင်ဘက်တစ်ယောက်ကို နိုင်စေလိုစိတ် အလျဉ်းမရှိသော်ငြား ကံကောင်းပါစေ . . . ဟု ဆုတောင်းပေးနိုင်စွမ်းရှိတာ နည်းတဲ့ အရည်အချင်းမဟုတ်။ တကယ်တော့လည်း သူ့ထက် အလွန်ဆုံး ငယ်လှ ငါးနှစ်ခြောက်နှစ်ပါလေ။ သူကျေနပ်သည်မှာ အကယ် ၍ ရွှေရေး ရန်မခကို ရွေးချယ်ခဲ့လျှင်တောင် သူ ချစ်မြတ်နိုးသော မိန်းကလေးတစ်ယောက် လူရွေးမမှားဘူးဆိုသော အသိဖြင့် သူ ဖြေသာနိုင်ပါလိမ့်မည်။

■ ■ ■






ရှောင်ပုန်းနေတဲ့သူတစ်ယောက်ကို
ရှာတွေ့ဖို့မလွယ်ကူနိုင်ပေမယ့်
သူ့ကို အမိဖမ်းနိုင်မယ့် နည်းလမ်းတစ်ခုတော့
ရှိရလိမ့်မယ်။



www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

Junction Centre Maw Tin

ဆိုသော message ကလေးကို ပထမဆုံးအနေနှင့် သူတို့ နှစ်ယောက်စလုံးကို ရွှေရေးပို့လိုက်သည်။ လှပသော ကစားပွဲကလေး စတင်ပြီဆိုပါစို့။ အဲဒီကို ရွှေရေးကိုယ်တိုင် သွားစရာမလိုပါ။ ခေးခေးတစ်ယောက်တည်း လှုပ်ရှားပေးလိမ့်မည်။ ရွှေရေးကံကောင်းသည်မှာ ရွှေရေး၏ သူငယ်ချင်းသုံးယောက်စလုံးကို သူတို့နှစ်ယောက်စလုံး မမြင်ဖူးသေးပါ။ ရွှေရေးကလည်း မိတ်ဆက်ပေးခြင်းမရှိခဲ့။ Junction Centre Maw Tin ကို ခေးတစ်ယောက်တည်းသွားပြီး ကော်ဖီဆိုင်တစ်ဆိုင်မှာ စိမ်ပြေနပြေ ထိုင်စောင့်ပြီး သူတို့နှစ်ယောက် ရောက်လာမလာ ရွှေရေးကို လာရှာမရှာ အဖြေ





www.burmeseclassic.com

www.burmeseclassic.com

ထုတ်ပေးလိမ့်မည်။ ဝတ္ထုဖြတ်လျှင် စုံထောက်ဇာတ်လမ်းတွေဆို သည်းသည်းမည်းမည်း နှစ်ခြိုက်စွဲလန်းတတ်သော ခေးခေးအတွက် အခုပွဲကလေးက စိတ်ဝင်စားစရာပါ။ ရွှေရှေ့လည်း စိတ်ဝင်စားပါသည်။

ခေး ပြင်ဆင်ပေးထားသော ခေးရဲ့ ခြံနောက်ဖက်ဝရန်တာကလေးထဲရှိ သဇင်နှင့်သစ်ခွရဲ့ တောအုပ်ကလေးထဲမှာ စားပွဲနှင့်ကုလားထိုင်ကလေးချခင်းထားပြီး ရေးလက်စ,စာကို ဆက်ရေးနေပေမယ့် ရွှေရေးစိတ်အာရုံတစ်ခုလုံးကို လွှမ်းမိုးအုပ်စိုးထားသည်က Junction Centre Maw Tin ထဲရှိ မြင်ကွင်းတစ်ခုဖြစ်သည်။ သူတို့နှစ်ယောက် တကယ်ပဲ ရွှေရေးကို စိတ်ရှည်လက်ရှည် လာရှာပါ့မလား။ Junction Centre Maw Tin က အကြီးကြီးရယ်။ ဒီလိုနေရာမျိုးဆီ တမင်သက်သက်ရွေးချိန်းပြီး ရွှေရေးကို ရှာနိုင်းပြီဆိုကတည်းက သူတို့ကို ရွှေရေးပညာပြပြီမှန်း သူတို့ရိပ်မိမှာပဲ။ ကဲ ... ဘယ်သူက ပိုပြီး စိတ်ရှည် သည်းခံနိုင်စွမ်းရှိမလဲဆိုတာ စောင့်ကြည့်ရတာပေါ့လေ။

■ ■ ■



Junction Centre Maw Tin ကြီးထဲမှာ ထုံးစံအတိုင်း အရောင်အသွေးစုံ အရွယ်စုံ လူတွေ လူတွေ စည်ကားရှုပ်ထွေးနေပါ၏။ ဒီလိုနေရာမျိုးကိုမှ ရွေးချိန်းလိုက်သော ရွှေရေးကို ရက်စက်ပါဘိ ဟု ညည်းချင်သည်။ အချိန်လည်း သတ်မှတ်ပေးထားခြင်းမရှိ။ သူမှာ အလုပ်တွေက တစ်ဖက်နှင့် ရွှေရေးဆီ ဖုန်းလည်းဆက်လို့မရ။ messages တွေလည်း ပို့သမျှ အရာမထင်။ အဲဒီမိန်းကလေး သိပ်လှသလောက် တော်တော်ရက်စက်လွန်းပါသည်။ သို့သော် ဘာတတ်နိုင်မလဲ။ သူမှ နောက်မဆုတ်နိုင်တော့တာ။ သူနှင့်အတူ လူငယ်လေး လေးယောက်ပါ သူခေါ်လာခဲ့သည်။ mobile ဖုန်း ကိုယ်စီပေးထားသည်။ ရွှေရေး၏ ဆည်းဆာ (သူ့ secretary) နှင့်အတူ တွဲရိုက်ထားသော ဓာတ်ပုံကလေးကို ဖုန်း၏ Wallpaper ထဲမှာ ထည့်ပေးထားခဲ့သည်။ အဲဒီ မိန်းကလေးကိုတွေ့တာနှင့် သူ့ဆီ ချက်ချင်း ဖုန်းဆက်ရင်ဆက်၊ မရရင် text message လှမ်း


www.burmeseclassic.com

www.burmeseclassic.com

လုပ်ဖို့ မှာထားခဲ့သည်။

သူ့အဖြစ်က ရယ်စရာတော့ တော်တော်ကောင်းသား။ တူတူပုန်းတမ်းကစားနေသော မိန်းမချောကလေးကို ကိုယ့်အရှိန်အဝါ ဟိတ်ဟန်ကြီးတွေကို ခဏဘေးဖယ်ပြီး ကလေးကလားဆန်ဆန် လိုက်ရှာနေရသောအဖြစ်။ သူမကရော . . . ကွယ်ရာကနေ လှောင်ရယ်နေမလား မသိ။ သူ လူကဲခတ်မည့်ဘူးဆိုလျှင်တော့ ရွှေရေးပန်းချီသည် အဲဒီလို ရယ်မောတတ်မည့် မိန်းကလေးမျိုး မဟုတ်ပါ။ ဒါကြောင့်လည်း သူ လိုက်ရှာဖို့ ကြိုးစားခဲ့တာပေါ့။ လူတွေဖြန့်ကျက်ပြီး နေရာတွေခွဲကာ ရှာဖွေကြည့်မိသည့်တိုင် ထူးခြားမှုမရှိသည်မို့ သူ ခေါင်းတွေတောင် မူးနောက်လာသည်။ တစ်နာရီကျော်ကျော်လောက် သူ ရှာခဲ့ပြီးပြီ။ ဆံပင်ရှည်ရှည်နှင့် သွယ်လျလျ မြန်မာဆန်ဆန် မိန်းကလေးမျိုးဆိုတာ ဒီခေတ်ထဲမှာ သိပ်ရှားသွားပြီမို့ ရှာမည်ဆိုလျှင် ခက်ခဲလိမ့်မည် မထင်ခဲ့။ လူတွေအများကြီးကြားထဲမှာ ထင်ရှားပေါ်လွင်လွန်းနေမည့် အလှမျိုး ရွှေရေးမှာရှိသည်မဟုတ်လား။ ခက်သည်က သူမနှင့် ဆင်ဆင်ကလေးတူသည့် မိန်းကလေးမျိုးတောင် ယောင်၍မတွေ့ခဲ့။

မောလာတော့ သူ Food Court ဖက်ထွက်ခဲ့သည်။ လူရှင်းသည့် ကော်ဖီဆိုင်ကလေးထဲဝင်လာခဲ့ပြီး ကော်ဖီမှာသောက်သည်။ ဒီအဖြစ်က အဓိပ္ပါယ်ရှိပါရဲ့လားဟု သူ တွေးနေမိပါ၏။ မိန်းကလေးတစ်ယောက်ရဲ့ လှပသော လှည့်စားမှုလား . . . အထာလား . . . မာယာလား . . . ကစားနေတာလား . . . သူ မသိပါ။ ခေတ်၏ပရိယာယ်တွေကို သူ သိပ်အကျွမ်းတဝင်မရှိပါ။ သူ့ဘက်က ရိုးရိုးကလေးသာ ချစ်ခဲ့ခြင်းဖြစ်ပြီး ရိုးရှင်းသောတုံ့ပြန်မှုကိုပဲ သူ မျှော်လင့်ခဲ့သည်။ သူ ကလေးမဆန်ချင်ပါ။ ပြိုင်ဘက်ကလည်းရှိနေတော့ သူ နောက်ဆုတ်လိုက်ရမှာကိုလည်း ရှက်နေသည်။

"ဟိုင်း . . . ကိုဇွဲ"

သူ အကြောင်းတွေးနေဆဲ . . . စားပွဲရှေ့မှာ ပြုန်းခနဲ လာရပ်နှုတ်ဆက်လိုက်သော ရန်မခကိုမြင်တော့ သူ မျက်နှာတစ်ခုလုံး ထူပူယောင်အမ်းသွားသလို ခံစားလိုက်ရသည်။ သူ ရှက်သွားခြင်းဖြစ်ပါ၏။

"ဟော . . . ရန်မခ . . . လာလေ . . . ထိုင်"

"ရွှေရေးကို လာရှာတာလား"

"ဆိုပါတော့ကွာ . . . မတွေ့ပါဘူး၊ တစ်နေရာရာကနေများ စောင့်ကြည့်နေသလား . . . မပြောတတ်ဘူး"

"ကျွန်တော်လည်း ဘယ်လိုမှ မတွေ့နိုင်ဘူးဆိုတာ မျှော်လင့်


www.burmeseclassic.com

www.burmeseclassic.com

ပြီးသွားပါ၊ မနေ့ညက သူ့အိမ်ရောက်သွားတယ်၊ သူ့မိဘတွေနဲ့ပဲ တွေ့တယ်၊ ရွှေရေး အိမ်မှာ မရှိဘူးတဲ့၊ ချောင်းသာကို စာသွားရေးမလို့တဲ့ . . . သူ့ သူငယ်ချင်းတွေနဲ့သွားတာ နှစ်ပတ်လောက်ကြာမှာတဲ့၊ ကျွန်တော်တောင် ချောင်းသာ လိုက်သွားမလို့ ပြင်ဆင်နေတုန်း . . . သူ့ဆီက "Junction Centre Maw Tin" ဆိုပြီး message ဝင်လာတာ ကိုဇွဲ ဘယ်လို ထင်သလဲ၊ သူ ကျွန်တော်တို့နှစ်ယောက်စလုံးကို ပညာပေးနေတာလား"

"ကိုယ် တကယ်မသိဘူး ရန်မခ၊ စောင့်ကြည့်ရမှာပဲ၊ သူ ဘယ်အတိုင်းအတာထိ ကစားမလဲဆိုတာ စောင့်ကြည့်မယ်၊ ကိုယ်တို့ အရှုံးတွေမှ မဟုတ်တာ"

"ကျွန်တော်ရောပဲ . . . အတိုင်းအတာ တစ်ခုထိပါပဲ"

"ရန်မခ ဘာသောက်ဦးမလဲ . . . ကိုယ်ရှင်းခဲ့မယ်၊ ကိုယ် ပြန်တော့မယ်၊ အလုပ်ကိစ္စတွေရှိသေးတယ်လေ"

"ကျေးဇူးပါပဲ ကိုဇွဲ၊ ကျွန်တော့်အတွက် ရှင်းပြီးသွားပါဘိုင်"

သူက စားပွဲထိုးကလေးကိုခေါ်ပြီး ပိုက်ဆံရှင်းလိုက်သည်။ မကြာပါ။ မိန်းကလေးတစ်ယောက်ရောက်လာပြီး ပိုက်ဆံပြန်အမ်းသော ဗန်းသေးသေးကလေး ကမ်းပေးသည်။ ပထမတော့ "ယူထားလိုက်တော့" ဟု သူ tip ပေးခဲ့မလို့ပါပဲ။ အသစ်ကျပ်ချွတ်ထောင်တန်ရွက်ကလေးတစ်ရွက်တည်းမို့ သူ လှမ်းယူလာခဲ့သည်။ ကောင်မလေးက လှစ်ခနဲ ပျောက်ကွယ်သွားတော့သည်။

"ကဲ . . . သွားပြီ . . . ရန်မခ"

ဟု ရန်မခကိုနှုတ်ဆက်ပြီး ထောင်တန်ရွက်ကလေးကို သူ့ဝေါလက်ထဲ ထည့်နေဆဲ ထောင့်စွန်းမှာ ထင်းခနဲဖြစ်သွားသော FIND ME ဆိုသော စာတန်းကလေးကြောင့် သူ့မျက်ခုံးတွေ ပင့်တက်သွားကာ စောစောက ကောင်မလေးကို သူ ကမန်းကတန်း ပြန်လိုက်ရှာသည်။ အစအနကလေးတောင် မတွေ့တော့။ စားပွဲထိုးလေးတွေထဲမှာ ရှာကြည့်တော့လည်း စောစောကကောင်မလေး မရှိတော့။ ဘယ်အချိန်ကတည်းက သူ့ကို စောင့်ကြည့်နေခဲ့ပြီး အလစ်မှာဝင်ပြီး အကြောင်ရိုက်သွားခဲ့မှန်း သူ မသိလိုက်။ အငိုက်မိသွားခဲ့ခြင်းဖြစ်သည်။ သေချာတာက အဲဒီမိန်းကလေးဟာ ရွှေရေးတော့ မဟုတ်ခဲ့။ ဒါပေမယ့် ရွှေရေးက လွှတ်လိုက်သော သံတမန်ဖြစ်မည်။ အဲဒီတော့ ဒီဆိုင်ကလေးထဲမှာ ရွှေရေး ရှိချင်ရှိခဲ့လိမ့်မည်။

သူ ရန်မခဘက်လှည့်ကာ ထောင်တန်ရွက်ကလေးကို ဖြန့်ပြလိုက်တော့ ရန်မခလည်း သူ့ဝေါလက်ထဲ ပြန်ရှာသည်။


www.burmeseclassic.com

www.burmeseclassic.com

တကယ်ပဲတွေ့ပါသည်။ FIND ME ပါသော ထောင်တန်ရွက်ကလေး။ သူတို့နှစ်ယောက်စလုံး ပြိုင်ဘက်တွေအဖြစ်ကို တဒင်္ဂမေ့လျော့သွားကာ အချင်းချင်း ခဲ့လိုက်ရပြီ . . . ဆိုသော အပြုံးကိုယ်စီ ပြုံးလိုက်မိကြလေသည်။

■ ■ ■

"အင်းလျားကန် ညနေခင်း" တဲ့။ message ကလေးပို့လိုက်ပြီး ရွှေရေးဇက်ကလေးပုကာ ပြုံးလိုက်မိသည်။ ငယ်ငယ်တုန်းက ကစားခဲ့သော တူတူပုန်းတမ်းတွေသည် ကိုယ့်ကိုမိသွားမှာစိုးရိမ်သော စိတ်လှုပ်ရှားမှုသာရှိခဲ့သည်။ အခုကစားပွဲကတော့ ရင်ခုန်စိတ်လှုပ်ရှားမှုနှင့်အတူ အားနာသော စိုးရွံ့စိတ်ကလေးပါရှိသည်။ မိန်းကလေးတစ်ယောက်ကို ဘယ်သူက ဘယ်လောက်ထိ ဖွဲ့ကောင်းစိတ်ရှည်စွာနဲ့ ရှာဖွေမှာလဲ။ "ကစားနေတာ" ဟူသော ခံစားချက်ကြီးကို သူတို့ ခံစားမိသွားလျှင် နောက်ဆုတ်သွားမည့်တစ်ယောက်ဟာ ဘယ်သူမဖြစ်ပါစေနဲ့ဟူသော စိတ်ကလေးတစ်ခု. . . ရွှေရေးဆီမှာ မသိမသာပေါ်လာခဲ့ပြီ။ ခုရက်ပိုင်းအတွင်း တစ်ယောက်ယောက်ကို မသိမသာကလေး လွမ်းနေတတ်ခဲ့ပြီ။ သူ မပါလျှင် တစ်ခုခု လိုအပ်နေသလိုလည်း ခံစားမိပြီ။

နေ့စဉ် အမြဲတမ်း မြင်တွေ့နေရလျှင်သာ မသိသာခဲ့ပေမယ့် လုံးဝ တိခနဲ အဆက်အသွယ်ဖြတ်ချလိုက်သောအခါ ကိုယ်


www.burmeseclassic.com

www.burmeseclassic.com

ပိုတမ်းတ,မိသောအရာသည် ထင်းခနဲ ပေါ်လာခဲ့သည်။

အင်းလျားကိုတော့ ရွှေရေးပါ လိုက်ကြည့်ချင်သည် ဆို၍ ခေးခေးက ခွင့်ပြုလိုက်ကာ ရွှေရေးကို ဝိုင်းပြီး ရုပ်ဖျက်ပေးကြသည်။ ဆံပင်အရှည်ကြီးကို ထုံးလိပ်တင်ကာ အပေါ်က ဆံပင်အတုလှလှကလေးစွပ်သည်။ Ray Ban aviator မျက်မှန်အမည်းတပ်ကာ ရုပ်အကျီအကွက်နှင့် ဂျင်းပဲန်ပြောင်းဝတ်လိုက်သော ရွှေရေးကို သူတို့ဘေးကနေ ဖြတ်လျှောက်သွားလျှင်တောင် သူတို့ ရုတ်တရက်တော့ မမှတ်မိနိုင်ပါ။

အင်းလျားရောက်တော့ ကားပါ့ခ်မှာ ကားရပ်ပြီး ဝင်လာသည့်ကားတွေရော ရှိပြီးသားကားတွေထဲမှာပါ သူတို့ ကားတွေကို လိုက်ရှာဖွေကြသည်။ ပထမဆုံး ရန်မခ၏ BMW ကားအဖြူကလေးကို အရင်မှတ်မိသည်။ ကားပေါ်မှာ သူ ရှိမနေပါ။ ဒါဆို ကန်ဘောင်ရိုးပေါ်မှာ ရွှေရေးကို တွေ့နိုးနိုးနှင့် လိုက်ရှာနေလောက်ရောပေါ့။ ရွှေရေးက အဆင်သင့်ယူလာသော dalmation ခွေးရုပ်ကလေး၏လည်ပင်းမှာ "FIND ME" ဆိုသော စာတန်းကလေး ချိတ်ဆွဲပေးထားပြီး သူ့ ကားတံခါး လက်ကိုင်မှာ ခွေးရုပ်ကလေးကို တွဲလောင်းချိတ်ဆွဲပေးထားခဲ့ပါ၏။ ရင်ခုန်စရာတော့ အကောင်းသားပါ။ ကိုဇွဲကိုတော့ နည်းနည်းစောင့်လိုက်ရပြီးမှ ဖျာယာပျာယာနှင့် ရောက်လာတာကို တွေ့ရသည်။ အလုပ်တစ်ခုခုကနေ တန်းလာခဲ့ဟန်ရှိကာ နာရီကို တကြည့်ကြည့် သုတ်သီးသုတ်ပျာနှင့် ကားတံခါးပိတ်ကာ ကန်ဘောင်ဘက်ထွက်သွားသော ကိုဇွဲကို သူငယ်ချင်းတွေ အကာအကွယ်ကြားကနေ လှမ်းကြည့်ရင်းပြုံးမိသေးသည်။ လူကြီးတစ်ယောက်ကို သက်သက်လိုက်စ,နေမိသော ကလေးမတစ်ယောက်လို ကိုယ့်ကိုယ်ကို ခံစားမိပါ၏။ သူထွက်သွားပြီး တော်တော်တော့်လှမ်းလှမ်းကို ရောက်သွားမှ ရွှေရေးကိုယ်တိုင်ပဲ သူ့ ကားလက်ကိုင်ကလေးမှာ dalmation ခွေးရုပ်ကလေး ချိတ်ဆွဲမိသည်။ ရင်ခုန်ဖွယ်ကောင်းပါဘိ။ တစ်မျိုးလည်း ပျော်စရာကောင်းလာကာ အဖြေနှင့်ပိုပိုနီးလာသော ပုစ္ဆာတစ်ပုဒ်ကို အဖြေရှာနေမိသူတစ်ယောက်၏ အပျော်မျိုးပါ။

ကားထဲကနေ ထိုင်စောင့်ကြကာ သူတို့ ဘယ်အချိန်ထိ စိတ်ရှည်လက်ရှည် ရှာဖွေစောင့်ဆိုင်းခဲ့ကြသလဲဆိုတာကို အရေးထဲ ငြင်းခုန်နေကြသေးသည်။ တော်တော်လေးကြာမှ သူတို့နှစ်ယောက်စလုံး ရှေ့ဆင့်နောက်ဆင့်ဆိုသလို ပြန်လာကြသည်။ မျက်ဝန်းတွေက ဟိုဟိုဒီဒီရှာဖွေဆဲ။ ကားတံခါးကို ဆွဲဖွင့်ခါနီးကျမှ ခွေးရုပ်ကလေးတွေကို မြင်သွားကြပြီး ဟိုဟိုဒီဒီ လိုက်ကြည့်ကြသေးသဖြင့် ရွှေရေးတို့မှာ ကားထဲ ခေါင်းတွေဝှက်လျက် ပုန်းကြရသေး



www.burmeseclassic.com

www.burmeseclassic.com

သည်။ သူတို့အချင်းချင်း ခွေးရုပ်ကလေးတွေ ထောင်ပြရင်း ကား ပေါ်တက်ထိုင်လိုက်ကြသည်အထိ ရွှေရေးတို့ စောင့်ကြည့်ခဲ့ကြပါ သည်။ ရန်မခက အဲဒီခွေးရုပ်ကလေးကို ချက်ချင်းပဲ ကားမှန်မှာ ချိတ်ဆွဲထားလိုက်တာကို သူကားထွက်သွားချိန်မှာ ရွှေရေး လှမ်း မြင်လိုက်ရသည်။ ကိုဖွဲ့ကတော့ သာမန်ထက်ပိုတည်နေသော မျက်နှာထားနှင့် ကားမောင်းထွက်သွား၏။ ရွှေရေး သက်ပြင်းငွေ့ ငွေ့ ချမိပါသည်။ ပုန်းနေတဲ့သူတစ်ယောက်ကို သူတို့ ဘယ်လိုလုပ် ပြီး တွေ့အောင်ရှာနိုင်ပါ့မလဲ။ ရွှေရေး နည်းနည်းတော့ ရတ်စက်ရာ ကျနေပါပြီ။

■ ■ ■










www.burmeseclassic.com

www.burmeseclassic.com



# အခန်း

# ၁၀



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၀)

"မော့ဘီ၊ ခြေအမှတ် ( )၊ . . . . လမ်း၊ နာရီလက်တံနှစ်ခု တစ်ထပ်တည်းကျတဲ့အချိန်"

အဲဒီ message ကလေး ဝင်လာချိန်မှာ သူ နည်းနည်းတော့ တင်းစ,ပြုလာပြီ။ ~ဒါ တမင်သက်သက် လှည့်စားနေတာနှင့် မတူဘူးလား။ သူမ ရှာခိုင်းတဲ့နေရာတိုင်းဆီ သွားရှာပြီး မတွေ့ရသည့်အခါ သူ့ရင်ထဲ စကားလုံးရှာ မတွေ့အောင်ပင် အခံရခက်ပါ၏။ အထူးသဖြင့် ပြိုင်ဘက်ဖြစ်သော ရန်မခနှင့် ထိပ်တိုက်ဆုံချည်းနေကာ မျက်နှာအထားရ ခက်လောက်အောင် အကစားခံနေရတာကို သူ စိတ်ပျက်မိပြီ။ ရွှေရေး ဘာကို လိုချင်တာမှန်း သူ မသိ။ တမင်သက်သက် ကလေးဆန်ဆန် ကစားနေရအောင်လည်း ရွှေရေးဟာ မနူးမနပ် မရင့်ကျက်သော ဆယ်ကျော်သက် အရွယ်



www.burmeseclassic.com

www.burmeseclassic.com

အနမ်း မြီးကောင်ပေါက်ကလေးမဟုတ်။ ကြွေ့အပြည့်နှင့် ရင့်ကျက်တည်ငြိမ်သော အရာရာကို ချင့်ချိန်စဉ်းစားတတ်သော မိန်းမပျိုကလေးတစ်ယောက်ပါ။ ခက်တာက ရွှေရေးဆီက message ရောက်လာတိုင်းလည်း သူ မသွားဘဲ မနေနိုင်ခဲ့။ ရင်ထဲမှာ တစ်ခုခုက လှုံ့ဆော်တိုက်တွန်းနေခဲ့မြဲဖြစ်သည်။ ယုတ်စွအဆုံး သူမ အရှုံးလုပ်နေတယ်ဆိုရင်တောင် ခံယူဖို့ အဆင်သင့် ပြင်နေမိသလိုလို၊ သူ့လိုပဲ ဇွဲကောင်းကောင်းနှင့် နောက်မဆုတ်သူက ရန်မခဖြစ်သည်။ အဲဒီပြိုင်ဘက်ကိုလည်း သူ နောက်ကောက်မကျချင်ပါ။

တကယ်တော့ မှော်ဘီဆိုသောခရီးက နည်းနည်းတော့လှမ်းပါသည်။ အစီပွါယ်တစ်ခုခုမပါဝင်ဘဲ မျှော်လင့်ချက်တစ်ခုခုမရှိဘဲ သူ့ရဲ့အချိန်တွေကို သုံးလိုက်ရမှာ သူ့စိတ်ထဲ နည်းနည်းတော့ နှမြောမိပါသည်။ သို့ပေမယ့်လည်း မသွားတော့ဘူးရယ်လို့ ယတိပြတ်မဆုံးဖြတ်နိုင်။ အချိန်ကို သူတွက်ကြည့်ပါသည်။ နာရီလက်တံနှစ်ခု တစ်ထပ်တည်းကျသော အချိန်တွေဆိုတာ အများကြီးပဲ ဖြစ်နိုင်ပါသည်။ ဒါပေမယ့် အဖြစ်နိုင်ဆုံးကို သူ ချရေးကြည့်သည်။ ခြောက်နာရီ . . . ကိုးနာရီ . . . ဆယ့်နှစ်နာရီနှင့် သုံးနာရီပြီးတော့ . . . ခြောက်နာရီခွဲ ကိုးနာရီထိုးဖို့ဆယ့်ငါး၊ ဆယ့်နှစ်နာရီဆယ့်ငါး . . . အဲဒါတောင် ငါးမိနစ် ဆယ်မိနစ် စွန်းတာတွေလိုတာတွေမပါသေး။ မနက်ပိုင်း နေ့လည်ပိုင်း ညနေပိုင်း အချိန်တွေကလည်း အများကြီးပဲ ဖြစ်နိုင်ပါသေးသည်။ အဲဒီအချိန်တွေထဲက သူ အဆင်အပြေဆုံးအချိန်တစ်ခုကို ရွေးချယ်လိုက်ပါ၏။ နောက်ပြီးတော့ သူ တစ်ခု စဉ်းစားမိသည်မှာ "FIND ME" ဆိုသော စာတန်းကလေးထဲမှာ အဖြေတစ်ခုခုရှိနေတယ်ဆိုသော အတွေးကလေးဝင်လာသည်။ ရွှေရေးပန်းချီလို မိန်းကလေးတစ်ယောက်က အရည်မရအဖတ်မရ . . . အဓိပ္ပါယ်မရှိ ကစားနည်းမျိုးကိုတော့ ဖန်တီးမည်မထင်ပါ။ ဒါဟာ ပဟေဠိကလေးတစ်ခုလည်း ဖြစ်နိုင်ပါသည်၊ အဲဒီလိုတွေးမိတော့ သူ သိပ်ပြီး စိတ်အနှောင့်အယှက်မဖြစ်တော့၊ သူက အလုပ်မသွားခင် အစောဆုံး မနက်ခြောက်နာရီကို ရွေးချယ်လိုက်ပါ၏။

■ ■ ■


www.burmeseclassic.com

www.burmeseclassic.com

ခေး၏မျက်နှာပေါ်မှာ ပဟေဋ္ဌိအပြုံးကလေး ပေါ်နေတာကို ရွှေရေးငေးကြည့်နေမိပါ၏။

"ဒီတစ်ခါ HIDE AND SEEK သက်သက်တစ်ခုတည်း မဟုတ်ဘူး . . . ရွှေရေးသိလား၊ ပိုလျှင်တဲ့သူ . . . ပါးနပ်တဲ့သူက နင့်ကို တကယ်ရှာတွေ့သွားအောင် ငါ ကြံစည်ထားတာ၊ ဟားဟား"

"လုပ်စမ်းပါဦး . . . ဉာဏ်ကြီးရှင်မရယ်၊ ငါက မှော်ဘီ ခြံကိုမသွားဘဲ ငါ့ကို သူတို့က ဘယ်လိုလုပ်ပြီး ရှာတွေ့မှာတုံး"

"ဒီပဟေဋ္ဌိက တည့်ကြီး အဖြေမထွက်နိုင်ဘူးလေ၊ ကျိုးကြောင်းဆက်စပ်ပြီး တွေးခေါ်မျှော်မြင်နိုင်စွမ်းရှိသူမှ သူဘာလုပ်ရမလဲဆိုတာ အဖြေပေါ်မှာ"

"မှော်ဘီခြံထဲအထိတောင် သူတို့ လိုက်ရှာပါ့မလားဟင်"

"ရော် . . .၊ နင့်ကို တကယ်ချစ်တဲ့သူ . . . တကယ် အလေးအနက်ထား တန်ဖိုးထားတဲ့သူဆို နင် ဘယ်လိုပဲချိန်းချိန်း လာရမှာပေါ့ဟဲ့၊ မှော်ဘီလောက် ခရီးလေးကိုမှ မလာနိုင်ရင် ဘဝတစ်သက်တာဆိုတဲ့ ခရီးရှည်အတွက် ဘယ်လိုလုပ်ပြီး စိတ်ချရမှာတုံး . . . ရွှေရေးမလေးရဲ့၊ ငါ သိတယ်နော်၊ နင့်




မျက်လုံးတွေထဲမှာ စိုးရိမ်ပူပန်မှုကလေးတစ်ခုရှိနေတယ်၊ သူတို့နှစ်ယောက်ထဲက တစ်စုံတစ်ယောက် ရောက်မလာမှာကို နင် ကျိတ်ပြီး စိုးရိမ်နေတယ် . . .၊ ဟုတ်တယ်ဟုတ်"

ရွှေရေးက မျက်ဝန်းနက်ကြီးနှင့် တမင်စိုက်ကြည့်ပြနေသော ခေးခေးကို မျက်စောင်းချီမိပါသည်။ မှော်ဘီခြံက ခေးခေးတို့ မိသားစုပိုင် နှင်းဆီခြံကြီး တစ်ခြံဖြစ်ပါသည်။ ရွှေရေးတို့ မကြာ
ကာ ပျော်ပွဲစားထွက်ဖြစ်သော နေရာကလေးလည်း ဖြစ်သည်။ တစ်ခြံလုံး နှင်းဆီခင်းတွေအပြည့် နှင်းဆီရောင်စုံခင်းကြီးနှင့် အလွန်စိတ်ချမ်းမြေ့ကြည်နူးစရာ နေရာကလေးလည်း ဖြစ်သည်။ ခြံစောင့်နှင့်အတူ အလုပ်သမားကလေးတွေ ရှိသည်။ ပန်းစိုက်တာ ပန်းခူးပြီး ဗိုင်တွေဆီ သွင်းပေးတာ ပန်းစည်းတွေ၊ ပန်းခြင်းတွေ လုပ်ပေးတာအားလုံး စိတ်ချကျွမ်းကျင်ပြီးသား အလုပ်သမားတွေ တပဲ လုပ်သွားသည်။ ငွေရေးကြေးရေးအတွက်လည်း စာရင်းကိုင် သတ်သတ်ရှိပြီးသားမို့ ခေးတို့က အချိန်တန်လျှင် ပိုက်ဆံလက်ခံရုံ သာရှိသည်။ 'ဒီပန်းခင်းကြီးတစ်ခုလုံး သူ့ဘာသာသူ စနစ်တကျ လည်ပတ်နေပြီးသား . . .'။ မနေ့ကတော့ ခေးခေးက ခြံထဲကို နှင်းလှမ်းဆက်သွယ်ကာ မန်နေဂျာကလေးကို သူမ လိုချင်သည့် ခံရအောင် စီစဉ်ညွှန်ကြားခဲ့ပြီးသားဖြစ်သည်မို့ အချိန်တန်လျှင်



www.burmeseclassic.com

www.burmeseclassic.com

ဘယ်သူရောက်လာသွားတယ်ဆိုတာကို မန်နေဂျာကလေးက ဆက်သွယ်အကြောင်းကြားပါလိမ့်မည်။ ရွှေရေးက အေးအေးဆေးဆေး စာဆက်ရေးနေရုံ။ ခက်တာက ဘယ်လိုမှ အာရုံဝင်စားလို့ မရနိုင်ခြင်းပဲဖြစ်ပါ၏။

■ ■ ■



မနက်ခြောက်နာရီအတိမှာ ရွှေရေးပေးထားသည့် လိပ်စာထဲကခြံရှေ့ကို သူ ရောက်သွားခဲ့၏။ ခြံဝက ဆိုင်းဘုတ်ကလေးက ချစ်စရာ။ ပန်းနုရောင် ဘုတ်ကလေးပေါ်မှာ အဖြူရောင်လက်ရေးလှလှဝိုင်းဝိုင်းကလေးတွေနှင့် ရေးထားတာက "အမြတ်တနိုး နှင်းဆီခြံ"တဲ့။ သူ မပြုံးမိဘဲ မနေနိုင်ပါ။ ခြံတံခါးက ဖွင့်ထားပြီးသားမို့ သူ ကားကို ခြံဝမှာပဲ ရပ်ထားခဲ့ကာ ခြံတွင်းသို့ လျှောက်ဝင်သွားလိုက်သည်။ နှင်းဆီရနံ့တွေက သူ့ရင်တစ်ခုလုံးကို လှိုက်ခနဲနင့်သွားအောင်ပင် သိမ်းကြုံးဆွဲငင်ပစ်လိုက်သည်။ နှင်းဆီရနံ့ကို သူ အလွန်စွဲမက်ပါသည်။

ထူးခြားမှုကို သူ ချက်ချင်းပဲ သတိထားမိပါ၏။ နှင်းဆီပင်တိုင်းတချို့မှာ ချိတ်ဆွဲထားသော လေထဲမှာ တလွင့်လွင့် ယိမ်းနွဲ့လှုပ်ယှက်နေသော မိုးပျံပူဖောင်းရောင်စုံကလေးတွေထဲမှာ "FIND ME" ဆိုသော စာတန်းကလေးတွေက သူ့ကို မျက်စိမှိတ်ကာ လျှာထုတ်ပြနေသလိုလို။


www.burmeseclassic.com

www.burmeseclassic.com

"အစ်ကို . . . ပန်းလိုချင်လို့လားခင်ဗျ" ,

ကောင်လေးတစ်ယောက် ချိုရွှင်သော မျက်နှာကလေးဖြင့် ချဉ်းကပ်လာသဖြင့် သူ ပြုံး၍ ခေါင်းညိတ်ပြလိုက်သည်။

"အေးကွာ . . . ညီလေး၊ ပန်းနုရောင်တွေချည်း ၁၀၁ ပွင့် စည်းပေးကွာ . . . ပါကင်ပေပါကို . . . အကြည်ရောင်ကလေးနဲ့ပဲ စည်းပေးနော်၊ ဆူးတွေ ခြွေပေးဖို့ မမေ့နဲ့"

"စိတ်ချပါ အစ်ကို၊ ကျွန်တော် အလှဆုံးပန်းတွေ ရွေးပေးလိုက်ပါ့မယ်"

"ခဏလေးကွ၊ ဒီခြံပိုင်ရှင် နာမည်လေး . . . ကိုယ် သိခွင့်ရမလားလို့၊ ကိစ္စလေးတစ်ခုရှိလို့ပါ၊ သူ့နဲ့ဆွေးနွေးမှ ဖြစ်မှာမို့ပါ"

"ဟုတ်ကဲ့ အစ်ကို . . . ခြံပိုင်ရှင်က မခေးပါ၊ ခေမရဂ္ဂနွယ်တဲ့ . . . ရန်ကုန်မှာနေပါတယ်"

"သူ့လိပ်စာလေး ကိုယ့်ကို ကျေးဇူးပြုပြီးပေးနိုင်မလားကွာ၊ ကိုယ် သူနဲ့တွေ့မှဖြစ်မယ်"

ကောင်လေးက ပြုံးကာ ခေါင်းညိတ်သည်။

"ခဏလေး အစ်ကို"

ဆိုပြီး လှစ်ခနဲပျောက်သွားကာ ခဏနေတော့ ခေမရဂ္ဂနွယ်၏ လိပ်စာကဒ်ကလေး သူ့လက်ထဲ လာထည့်ပေးပါ၏။ ခေးခေးဆိုသော နာမည်တစ်ခုကို သူ ရွှေရေးဆီက ကြားခဲ့ဖူးတာကို မမေ့နိုင်သေးတာ အံ့ဩစရာ။ လူတစ်ယောက်ကို ချစ်မိသည့်အခါ သူနှင့်ပတ်သက်ရာပတ်သက်ကြောင်း နီးစပ်ရာ နာမည်ကလေးတစ်ခုကိုပါ မမေ့တတ်တာ အံ့ဩစရာတော့ ကောင်းပါသည်။ သူငယ်ချင်းတွေထဲမှာ နားလည်မှုအရှိဆုံးနဲ့ အချစ်ရဆုံး သူငယ်ချင်းဟာ ခေးခေးပါဟု ရွှေရေးကို ပဟေဠိကလေးတွေလုပ်ခဲ့တုန်းက သူမ ပြောပြခဲ့ဖူးသည်လေ။

မော်ဘီကနေ ပြန်လာခဲ့တော့ သူ့ကားတစ်စီးလုံး နှင်းဆီရနံ့တွေ နင့်နေအောင် မွှေးထုံနေတော့သည်။ ၁၀၁ ပွင့်ဆိုသော နှင်းဆီစည်းကြီးက နည်းနည်းနောနောမှ မဟုတ်တာကိုး။ သူ့နှုတ်ခမ်းတစ်ခုလုံး ပြုံးနေခဲ့ပါ၏။ သူက ဘာပဲလုပ်လုပ် စနစ်တကျ စီစဉ်အကွက်ချရသည်ကို ကျေနပ်အားရတတ်ပါသည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

ထိုနေ့အဖို့ ပထမဆုံး ရွှေရေးလက်ခံရရှိသည်က ရောမ ပန်းနုရောင် နှင်းဆီစည်းကြီးတစ်စည်းဖြစ်သည်။ ခေးခေး အိမ်ကိုရောက်လာခြင်းဖြစ်ပေမယ့် စာအိတ်ကလေးတော့ ရွှေရေးပန်းချီ ဆိုပြီး နာမည်တပ်ထားခဲ့သည်မို့ ခေးနှင့်ရွှေရေး တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်မိကာ စာအိတ်ကို ကမန်းကတန်း ဖွင့်မိပါ၏။ ခေး၏မျက်နှာပေါ်မှာ "ဘယ့်နှယ့်ရှိစ" ဟူသော မျက်ခုံး ပင့်ချီထားသောပဟေဋ္ဌိကလေးနှင့်။ နှင်းဆီရနံ့တို့က သင်းပျံ့ထုံအီလွန်းစွာ ရွှေရေး၏နှလုံးသားကို ညှို့ငင်ဆွဲဆောင်နေပါ၏။ စာအိတ်ကလေးကို သိချင်ပြင်းပြစွာ ဖတ်လိုက်မိပေမယ့် အထဲက စာတိုကလေးကို ဖတ်လိုက်မိချိန်မှာ ရွှေရေး နှလုံးအခုန်ရပ်သွားခဲ့သည်။

ရွှေရေး

"ကိုယ် . . . (   ) အထူးကုဆေးခန်းရဲ့ ICU မှာပါ

နောက်ဆုံးထွက်သက်ထိ မြင်တွေ့ချင်နေခဲ့တဲ့မျက်နှာကလေး

တစ်ခုကို ခဏကလေးဖြစ်ဖြစ် မြင်ခွင့်ရချင်ပါတယ်၊ စာနာ

တတမယ်ဆိုရင်လေ . . .

မျှော်လင့်စွာ . . .

"ဇွဲကပင်"



"ဘုရားရေ . . . ဘာတွေဖြစ်ကုန်ပြီလဲ မသိဘူး၊ သူ (   ) ရဲ့ ICU မှာတဲ့၊ မော်ဘီကအပြန် accident ဖြစ်ပြီ ထင်ပါရဲ့၊ ခေးရေ . . . ငါ အမြန်လိုက်သွားချင်တယ်"

ရွှေရေးတစ်ကိုယ်လုံး တဆတ်ဆတ် တုန်ရီနေကာ အာရုံတွေတစ်ခုလုံး ဆူပွက်လောင်ကျွမ်းသွား၏။ ခေးက ခေါင်းတစ်ချက်ညိတ်ကာ ရွှေရေးကို ခပ်တင်းတင်းဆွဲဖက်ပြီး ကျောပြင်ကလေးကို ပုတ်ပြီး နှစ်သိမ့်ပေးကာ . . .

"အခုချက်ချင်းသွားတာပေါ့ ရွှေရေး၊ နင် စိတ်အေးအေးထားနော်၊ ငါပဲ ကားမောင်းပေးမယ်၊ သူသာ တစ်ခုခုဖြစ်သွားရင် ငါ့ပယောဂ မကင်းပါဘူး၊ ငါကိုက ရှည်တာပါဟယ်"

ဟု အသံအက်အက်ဖြင့်ပြောရင်း ရွှေရေးလက်ကို ဆွဲကာ ကားပေါ်တက်ခဲ့သည်။ ရွှေရေး ရင်တစ်ခုလုံး စိုးရိမ်ပူပန်စိတ် အားနာသနားစိတ်တို့ဖြင့် မှုန်မှိုင်းနောက်ကျိလျက်ရှိသည်။ ရင်ထဲမှာလည်း နင့်နေအောင် ဝမ်းနည်းကာ စိတ်ထိခိုက်နေမိ၏။ မျက်လုံးတွေကို မှိတ်ထားမိစဉ်မှာ ပါးပြင်ပေါ်သို့ မျက်ရည်နွေးနွေးကလေးတွေ လိမ့်ဆင်းလာခဲ့ပါသည်။ ဟင့်အင်း . . . ကျွန်မမျှော်လင့်ထားတာ ဒီလိုအဆုံးသတ်မျိုးမဟုတ်ပါဘူး ရှင်ရယ်။ ရွှေရေး


www.burmeseclassic.com

www.burmeseclassic.com

အသံမထွက်အောင် တသိမ့်သိမ့်ကလေး ငိုကြွေးမိပါသည်။ တစ်ခါတစ်ရံမှာ ဆုံးရှုံးရတော့မယ်ဆိုတဲ့အချိန်မျိုးကျမှ ဘယ်လောက်စွဲလန်းမက်မော တွယ်တာလွန်းနေမှန်း သိခွင့်ရတော့တာ ဖြစ်ပါ၏။ တစ်လမ်းလုံး သူ့ကိုပဲ မေတ္တာတွေ ပို့လာခဲ့ပါသည်။

■ ■ ■



(  )ဆေးခန်းကြီး၏ ICU အခန်းဘက် ရွှေရေးတို့နှစ်ယောက် မေးရင်းမြန်းရင်းနှင့်ပဲ တက်လာခဲ့ကြသည်။ နှစ်ယောက်သား လက်ချင်းတင်းတင်းဆုပ်ထားကြကာ ရင်ထဲမှာ ဗလောင်ဆူဝေနေပြီ။ သူ့ကို မြင်ချင်လွန်းလှပြီ. . .။ စကားတစ်ခွန်းလည်း သူ ကြားခွင့်ရသွားစေချင်လွန်းလှပြီ။ ICU အခန်းတွေဘက်ရောက်ချိန် . . . အခန်းတစ်ခုထဲကနေ ပြုံးကနဲ ထွက်လာသော သူ့ကို အရှင်လတ်လတ် အကောင်းပကတိ ဘေးမသီရန်မခဘဲ တွေ့လိုက်ရချိန်မှာ ရွှေရေးခံစားလိုက်ရသော စိတ်သက်သာပျော်ရွှင်သွားမှုအဟုန်က ဘာနှင့်မှုကိုမတူပါ။

"အို . . . ကိုဋွဲ၊ ဘာမှမဖြစ်ဘူးနော်"

ဟု ကမန်းကတန်းမေးလိုက်စဉ် သူက ထုံးစံအတိုင်း ချိုမြနွေးထွေးသောအပြုံးတွေနှင့် . . .

"I Found You"

ဟု ခပ်တိုးတိုး လှမ်းပြောလိုက်မှ အခြေအနေကို ရွှေရေးနားလည်သလိုလို ရှိသွားကာ သူ့ကို သတိလက်လွတ် မျက်စောင်းချိမိရင်း . . .



www.burmeseclassic.com

www.burmeseclassic.com

"ဟယ် . . . ကြည့်စမ်း၊ ဒါဖြင့် ရွှေရေးတို့ကို ညာပြီးခေါ်တာပေါ့လေ၊ ရွှေရေးတို့မှာဖြင့် စိတ်ပူသွားလိုက်တာ၊ နှလုံးခုန်တောင်ရပ်မတတ်ဘဲ၊ ကိုဖွဲ့ ဒီလိုလုပ်ဖို့ မကောင်းဘူး"

"ရွှေရေးကို စိုးရိမ်သွားအောင်လုပ်မိရင် . . . ဆောရီးပါဗျာ၊ ကျွန်တော် တကယ်တောင်းပန်ပါတယ်၊ လိမ်ခေါ်တာတော့ မဟုတ်ပါဘူး၊ ကျွန်တော် တကယ်ပဲ ICU မှာရှိနေတာကိုး၊ ကျွန်တော့်ဘွားဘွားကို လာစောင့်ကြည့်ပေးနေတာလေ၊ ဘွားဘွားက ကျွန်တော်မှကျွန်တော် အသည်းစွဲပေါ့၊ သူ . . . သတိရတဲ့အခါ . . . သူ့ဘေးမှာ ကျွန်တော်ရှိနေမှ ကျေနပ်တာ၊ ဒါကြောင့် တစ်ချက်ခုတ်နှစ်ချက်ပြတ် trick လေးတစ်ခုနဲ့ အပုန်းကောင်းလွန်းတဲ့ ကောင်မလေးတစ်ယောက်ကို အမြန်ဆုံးထွက်လာအောင် ဉာဏ်ကစားလိုက်ရတာပါ၊ ဒီမျက်နှာလေးက နောက်ဆုံးထွက်သက်ထိ မြင်တွေ့ချင်နေတဲ့ မျက်နှာကလေးတစ်ခုဆိုတာကတော့ ညာတာမဟုတ်ပါဘူး၊ တကယ်ပါ . . . တကယ်မြင်ခွင့်ရချင်လွန်းလို့ လှမ်းခေါ်လိုက်ရတာပါ"

သူက သေသေချာချာ ရှင်းပြနေတော့လည်း ရွှေရေး စိတ်မခုနိုင်ပါ။





"ဒါ . . . ခေးခေးလေ . . . "FIND ME" ဇာတ်လမ်းရဲ့ ဇာတ်ညွှန်းနဲ့ ဒါရိုက်တာပေါ့"

"လေးစားပါတယ်ဗျာ"

သူက ခေးကို အလေးပြုပါသည်။ ခေးက ပြုံးရယ်ရင်း . . .

"ကျွန်မကတော့ HAPPY ENDING မျိုးပဲ ရိုက်ခဲ့တာပါ၊ စော်သေးတာပေါ့ . . . အလွမ်းဇာတ်ဖြစ်မသွားလို့"

ဟု ရွှတ်နောက်နောက်ကလေးပြောသည်။ သူက ရွှေရေး၏မျက်နှာဆီ နက်ရှိုင်းလေးနက်သော အကြည့်တစ်မျိုးဖြင့် လှမ်းကြည့်နေခဲ့ပါသည်။


■ ■ ■





www.burmeseclassic.com

www.burmeseclassic.com



# “ချစ်ခြင်းမြတ်နိုးခြင်းတွေ ဆွဲသီထားတဲ့ လည်တိုင်ဆီ”

“အချစ်ဆိုတာ ပွင့်လန်းတက်တဲ့
ပန်းပင်ကလေးလိုပဲ
နွေးထွေးကြင်နာခြင်းဆိုတဲ့
နေရောင်ခြည်ရယ်...
အေးမြသန့်စင်ခြင်းဆိုတဲ့ ရေရယ်ကို
မရှိမဖြစ် လိုအပ်ပါတယ်၊ ပြီးတော့
ပွင့်လန်းလာမယ့် ပန်းကလေးတွေကို
လှလှပပ... သီကုံးဆင်မြန်းတတ်တဲ့
လည်တိုင်ကြော့ကြော့ကလေးလည်း
လိုသေးတယ်လေ”



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

TRADER'S HOTEL ရဲ့ ခေါင်မိုးပေါ်မှာ သူတို့သုံးယောက် ဆုံကြပါသည်။ သူ့ရဲ့ပြိုင်ဘက်က ထုံးစံအတိုင်း သဘောထားကြီးသူတစ်ယောက်၏ အပြုံးမျက်နှာဖုံးနှင့် . . ။

"Massive Congrats ပါ ကိုဇွဲနဲ့ရွှေရေး၊ ကိုဇွဲ ကျွန်တော်တို့ သဘောတူထားခဲ့တဲ့အတိုင်းဆိုရင် ခင်ဗျားနိုင်ပါတယ်"

"မင်းအတွက်လည်း 5 stars hotel ကြီးတစ်ခု ဆောက်လုပ်ခွင့် ပရောဂျက်ရလိုက်တဲ့အတွက် Many Congrats ပါ ရန်မခ"

"ရွှေရေးချိန်းတဲ့ မေ့ဘီကို ကိုယ်မလာဖြစ်ခဲ့တဲ့အတွက် တောင်းပန်ပါတယ်ကွာ၊ ကိုယ် အဲဒီနေ့က အဲဒီ သအနုဆောက်ခွင့် ပရောဂျက်အတွက် တစ်နေကုန်နီးပါးပဲ၊ အလုပ်တွေ ရှုပ်နေခဲ့လို့ပါ"

BURMESE CLASSIC .com

ရွှေရေးက ပြုံး၍ ခေါင်းညိတ်လိုက်ပါသည်။ နောက် ဆုံးတော့ လူတွေဟာ ဘဝအတွက် ရွေးချယ်မှုနဲ့ ကြုံလာတဲ့အခါမှာ ကိုယ်တန်ဖိုးအထားဆုံးအရာကိုပဲ ရွေးချယ်တတ်စမြဲပါလေ။ ရွှေရေးအတွက်လည်း အဖြေတစ်ခု ထင်ရှားရှင်းလင်းခဲ့ပြီ။ ကိုယ် မြတ်မြတ်နိုးနိုး မှီတွယ်ချင်တဲ့ ပခုံးပိုင်ရှင်ဟာ . . . ကိုယ်ရှိရာဘက် ငဲ့စောင်းကြည့်ပေးဖို့ သတိတရရှိတတ်တဲ့ . . . အလိုက်တသိ ထွေးဖက်



www.burmeseclassic.com

www.burmeseclassic.com

ယုယပေးဖို့ မမေ့မလျော့တတ်တဲ့ လူတစ်ယောက်ပဲ ဖြစ်စေချင်ခဲ့တာပါ။ အခုတော့ ရွှေရေး၏လည်တိုင်ကြော့ကြော့ကလေးဆီမှာ ချစ်မြတ်နိုးခြင်းရနံ့တွေ အုံ့ပျံ့မွှေးရီလို့ပါလားကွယ်။

စိတ္တသုခ၊ ကာယသုခဖြင့် ပြည့်စုံနိုင်ကြပါစေ . . .

မေတ္တာအားဖြင့် . . .

လွှန်းထားထား (ဆေးတက္ကသိုလ်)

၁၉. ၁၀. ၂၀၁၀



လွှန်းထားထား
(ဆေးတက္ကသိုလ်)

